




# ဗုဒ္ဓဘာသာ
နှင့်
# မြန်မာ့ယဉ်ကျေးမှု


ဒဂုန်ဦးထွန်းမြင့်


စတုတ္ထအကြိမ်


# ပန်းရွှေပြည် ဘာသာရေးစာအုပ်များ



















mgyoe.com SAMPLE BOOK

**တန်ဖိုး**
၁၅၀၀၀ ကျပ်

**အုပ်ရေ**
၅၀၀ အုပ်

**စတုတ္ထအကြိမ်**
၂၀၂၅ ခုနှစ် နိုဝင်ဘာလ

**ထုတ်ဝေသူ**
ဦးသိမ်းမင်း (၀၀၉၁၂)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးဇေယျာဦး (၀၁၅၇၉)
Silver Sky Press
အမှတ် ၃၁၊ ၈၉ လမ်း၊ ကန်တော်ကလေးရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်**
မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

# ဗုဒ္ဓဘာသာ
နှင့်
# မြန်မာ့ယဉ်ကျေးမှု

ဒဂုန်ဦးထွန်းမြင့်


စာအုပ်အကြောင်း

ပထမအကြိမ် - ၁၉၇၇ ခုနှစ်
ဒုတိယအကြိမ် - ၂၀၀၁ ခုနှစ် မတ်လ၊ ပါရမီစာပေ
တတိယအကြိမ် - ၂၀၁၃ ခုနှစ် စက်တင်ဘာလ၊ ပန်းရွှေပြည်စာအုပ်တိုက်
စတုတ္ထအကြိမ် - ၂၀၂၅ ခုနှစ် နိုဝင်ဘာလ၊ ပန်းရွှေပြည်စာအုပ်တိုက်


mgyoe.com

mgyoe.com SAMPLE BOOK

## ပန်းရွှေပြည်စာအုပ်တိုက်ထုတ် ဘာသာရေးစာအုပ်များ

- မာလာလင်္ကာရဝတ္ထုတော်ကြီး
  ဒုတိယမဲထီးဆရာတော်
- တထာဂတုပ္ပတ္တိကျမ်း
  ဓမနန္ဒထေရ်
- တထာဂတဥဒါနဒီပနီ (မဟာပုဒ္ဓဝင်)
  ပဌမ,ဒုတိယ-၂ အုပ်တွဲ
  ဒီပဲယင်းဆရာတော်
- ဇိနတ္ထပကာသနီကျမ်း
  ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး
- သမန္တစက္ခုဒီပနီကျမ်း
  မုံရွေးဇေတဝန်ဆရာတော်
- ဓမ္မောပဒေသကျမ်း
  မဟာဓမ္မသင်္ကြံ
- ဓမ္မပဒအဆုံးအမများ (ပါဠိ-အင်္ဂလိပ်-မြန်မာ)
  ဦးခင်မောင်ကြီး ရန်ကုန်တက္ကသိုလ်
- ရာဇောဝါဒကျမ်း
  မုံရွေးဇေတဝန်ဆရာတော်
- ရတနာကရဝတ္ထုကျမ်း
  ရှင်သဒ္ဓမ္မာလင်္ကာရ
- စိတ္တံ နကမ္မတိ
  ထင်လင်း

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


* 'ဆရာ့စာ'- ပါရဂူ။ ပထမအကြိမ် ထုတ်ဝေခြင်းအတွက် ၇

** ပါရဂူ၏အမှာစကား။ ဒုတိယအကြိမ် ထုတ်ဝေခြင်းအတွက် ၁၇

၁- သားရှင်ပြု ၁၉

၂- ရှင်ပြုပွဲနှင့် ရှင်ဥပဂုတ် ၂၈

၃- သာဓု သာဓု သာဓု ခေါ်နိုင်စေ ၃၇

၄- စေတနာကို တန်ဖိုးဖြတ်နိုင်သလား ၄၆

၅- စေတနာအကျိုး ၅၄

၆- ကံကိုယုံပြီး ဆူးပုံ မနင်းနှင့် ၆၄

၇- မမျှော်လင့်ဘဲဖြစ်တာ ဘာကြောင့် ၇၄

၈- ချမ်းသာနေကြတာ ကံကြောင့်လား။ ၈၃

၉- ကံကောင်းအောင် လုပ်ယူနိုင်သလား။ ၉၅

၁၀- အကြောင်းညီညွတ်မှ အကျိုးပေးသည်။ ၁၀၃

၁၁- အလုပ်လုပ်သူ ကံကဂူ ၁၃၄

၁၂- ဘုရား ၉ ဆူ ဆွမ်းကပ် ၁၄၅

၁၃- ဘယ်သူမပြု မိမိမှု ၁၅၇

၁၄- ဒိဋ္ဌဓမ္မအကျိုးပေး ၁၆၆

၁၅- ခုတ်ခံကောင်းလျှင် ကံကောင်း ပသည်။ ၁၇၇

၁၅- ပစ္စုပ္ပန်ဘဝကောင်းဖို့ အရေးကြီးသည်။ ၁၈၉

၁၇- ကံဆိုတာဘာလဲ။ ၁၉၉




mgyoe.com

mgyoe.com SAMPLE BOOK
၁၈- မကောင်းမှုဆိုတာ။ ၂၃၁
၁၉- အကုသိုလ် ဒုစရိုက် ၂၅၈
၂၀- မကောင်းမှု ဒုစရိုက် ၂၆၈
၂၁- ဘာသာရေးဝေဖန်မှု ၂၇၅
၂၂- လောကသမုတိ အပြစ် ၂၈၆
၂၃- ကိုယ်ချင်းစာတရား ၂၉၇
၂၄- ကုသိုလ်ကောင်းမှု ၃၀၅
၂၅- မှန်တာပြော သစ္စာ ၃၁၅
၂၆- လာ-ထမင်းစားရအောင် ၃၂၄
၂၇- အိမ်နီးချင်း ဟင်းခွက်ကမ်း ၃၃၃
၂၈- ညှော်ဝတ် ၃၄၁
၂၉- ဒုလ္လဘရဟန်း ၃၄၉
၃၀- ကောင်းသောအနှားယူခြင်း ၃၅၇
၃၁- ကလေးသူငယ်ဘဝ ၃၆၅
၃၂- ကျောင်းသားဘဝ ၃၇၂
၃၃- အံ့ဖွယ်စာရေးဆရာ ၄၀၇

mgyoe.com

mgyoe.com SAMPLE BOOK

# ဆရာ့စာ
## ပါရဂူ

ခက်ခဲနက်နဲသည့် ဗုဒ္ဓတရားတော်ကို လွယ်ကူသော စကားလုံး၊ နားလည်သဘောပေါက်ရန်မခဲယဉ်းသည့် အရေးအသားဖြင့် သာမန်လူထုအတွင်းသို့ ရောက်အောင် ပို့ဆောင်သူပုဂ္ဂိုလ်များထဲတွင် ဒဂုန်ဦးထွန်းမြင့်သည် ထိပ်တန်းက ပါဝင်သည်ဟု ထင်မိပေသည်။

ဒဂုန်ဦးထွန်းမြင့်သည် 'ပထမပြန်သဒ္ဒါ'ကဲ့သို့သော ကျမ်းကြီးကျမ်းခိုင်များကိုလည်း ရေးသားခဲ့သည်။ 'မင်္ဂလာကဗျာ'ကဲ့သို့သော ပေါ့ပေါ့တန်တန်စာများကိုလည်း ရေးသားခဲ့သည်။ 'ပထမပြန်သဒ္ဒါ'စသော ကျမ်းဂန်များသည် ပါဠိဘာသာ စာသင်သားများအတွက် ရည်ရွယ်ပြီးရေးသားသည့် ကျမ်းဂန်များဖြစ်ပြီး၊ 'မင်္ဂလာကဗျာ'ကဲ့သို့သော စာများကား မူလတန်းကျောင်းသား ကလေးသူငယ်များအတွက် ရည်ရွယ်ပြီးရေးသားသည့် စာများ ဖြစ်သည်။ သို့ရာတွင် ကျမ်းကြီးကျမ်းခိုင်ရေးသည် ဖြစ်စေ၊ ကလေးသူငယ်များအတွက် စာကို ရေးသည် ဖြစ်စေ၊ ဒဂုန်ဦးထွန်းမြင့်၏ရေးဟန်မှာ တစ်ပုံစံတည်းပင် ဖြစ်သည်။ ဒဂုန်ဦးထွန်းမြင့်၏ ထူးခြားသောရေးဟန်မှာ လွယ်ကူသော၊ ရှင်းသော၊ နားလည်ဖို့ရန် မခဲယဉ်းသော ရေးနည်းရေးဟန်ပင် ဖြစ်သည်။

ဒဂုန်ဦးထွန်းမြင့်သည် အသက် ၆၅ နှစ် ၈-၁၀-၇၂ တွင် ကွယ်လွန်သွားသည်။ အသက် ၁၉ နှစ် အရွယ်ခန့်မှစပြီး ကွယ်လွန်ချိန်အထိ စာကို အဆက်မပြတ် ရေးသွားခဲ့သည်။ သူ စာ စရေးသည်မှာ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ စေ့ဆော်တိုက်တွန်းချက်အရ ဖြစ်သည်။ သူ အသက် ၁၈ နှစ်အရွယ်ခန့်က လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် လယ်တီတရားသတင်းစာကို ဦးဆောင်ထုတ်ဝေနေသည်။ ထိုအချိန်က ဒဂုန်ဦးထွန်းမြင့်မှာ 'ရှင်တေဇောသာရ'ဘွဲ့အမည်ဖြင့်


mgyoe.com

mgyoe.com SAMPLE BOOK

ရှင်သာမဏေမျှသာ ရှိသေးသည်။ သူ့လက်ကို သိသဖြင့် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးက သူ့ကို လယ်တီတရားသတင်းစာတွင် စာရေးခိုင်းသည်။ ထိုအချိန်က ထုတ်ဝေသည့် လယ်တီသတင်းစာတွင် ရှင်တေဇောသာရ (ဒဂုန်ဦးထွန်းမြင့်)၏ ပါဠိကဗျာအဖွဲ့များ၊ မြန်မာကဗျာအဖွဲ့များကို တွေ့မြင်နိုင်ပေသည်။

ရှင်တေဇောသာရသည် 'အရှင်တေဇောသာရ' ဖြစ်လာ၏။ သာမဏေဘဝမှ ရဟန်းဘောင် ရောက်လာသည်။ သူ၏ စာ ရေးကွင်းရေးကွက်လည်း ပြောင်းလဲလာသည်။ သူ၏ဆရာ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် ဒဂုန်မဂ္ဂဇင်း အယ်ဒီတာချုပ် ဖြစ်လာလေသည်။ ထိုအချိန်တွင် အရှင်တေဇောသာရ (ဒဂုန်ဦးထွန်းမြင့်)လည်း ဒဂုန်မဂ္ဂဇင်းသို့ ရောက်လာသည်။ ဒဂုန်မဂ္ဂဇင်းတွင် 'ယုဝတီစက္ကူအခန်း' ပါသည်။ ထိုအခန်းတွင် ယုဝတီဟုတ်သူရော၊ မဟုတ်သူရော ပါဝင်ရေးသားကြသည်။ 'ယုဝတီစက္ကူ'၏ အမျိုးအချုပ်မှာ 'မန္တလေးခင်တုတ်' အမည်ခံ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးပင် ဖြစ်သည်။ လယ်တီပဏ္ဍိတဦးမောင်ကြီးသည် သူကြီးမှူးသည့် 'ယုဝတီစက္ကူအခန်း' တွင် သူ့လက်ကျတပည့်များကို ပါဝင်ရေးသားစေသည်။ ဤတွင် အရှင်တေဇောသာရ(ဒဂုန်ဦးထွန်းမြင့်)သည် 'ယုဝတီစက္ကူ' မိသားစုဝင်တစ်ဦး ဖြစ်လာလေသည်။ ထိုအချိန်က အရှင်တေဇောသာရ (ဒဂုန်ဦးထွန်းမြင့်)သည် ဟင်္သာတမြို့တွင် နေထိုင်လေသည်။ သို့ဖြစ်၍ 'ဟင်္သာတခင်ညို' အမည်ဖြင့် 'ယုဝတီစက္ကူအခန်း' တွင် ပါဝင်ရေးသားခဲ့လေသည်။

ထို့နောက် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ကွယ်လွန်သွားသောအခါ အရှင်တေဇောသာရ (ဒဂုန်ဦးထွန်းမြင့်)သည် အခြားမဂ္ဂဇင်းများတွင်လည်း စာရေးစပြုလာသည်။ သူ ပင်တိုင်ရေးသည့် အခြားမဂ္ဂဇင်းတစ်ခုမှာ စစ်ကြိုခေတ်စောစောပိုင်းက ထုတ်ဝေသည့် 'ဟံသာဝတီမဂ္ဂဇင်း' ဖြစ်လေသည်။ ဟံသာဝတီမဂ္ဂဇင်း၌ 'တက်ခေတ်နီတိ' ခေါင်းစဉ်ဖြင့် အပတ်စဉ် ရေးသားခဲ့လေသည်။

ထိုအတွင်း စာသင်သားရှင်ရဟန်းများအတွက်လည်း ကျမ်းဂန်များကို ရေးသားပြုစုလေသည်။ သူ၏ 'ပထမပြန်သဒ္ဒါ' သည် ယင်းကဲ့သို့သော ကျမ်းဂန်ဖြစ်သည်။ 'ပထမပြန်သဒ္ဒါ' သည် ပါဠိသဒ္ဒါကို လွယ်ကူရှင်းလင်းသော အရေးအသားဖြင့် ဖွင့်ဆိုရေးပြထားသည့် ကျမ်းဂန်ဖြစ်၍ ပထမပြန်စာမေးပွဲဝင် ရှင်ရဟန်း


mgyoe.com

mgyoe.com SAMPLE BOOK

များအတွက် အလွန်အသုံးဝင်သော ကျမ်းစာ ဖြစ်လေသည်။

တစ်ဖက်က 'ပထမပြန်သဒ္ဒါ'ကဲ့သို့သော ကျမ်းကြီးကျမ်းခိုင်ကို ရေးသားပြုစုနေစဉ် အခြားတစ်ဖက်တွင်လည်း သူ၏ကလောင်သည် ကဗျာလင်္ကာ အဖွဲ့အနွဲ့များနှင့် ကင်းမနေပေ။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးရှိစဉ်ကပင် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် သူ့ကို မကြာခဏ မြန်မာကဗျာ အဖွဲ့ခိုင်းသည်။ ပါဠိဂါထာ အစီခိုင်းသည်။ တစ်ခါသော် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် အရှင်တေဇောသာရ(ဒဂုန်ဦးထွန်းမြင့်)အား ဗုဒ္ဓဂုဏ်တော်ကို လူးတားအဖွဲ့အနွဲ့ဖြင့် ကဗျာ ဖွဲ့ဆိုခိုင်းလေ၏။ အရှင်တေဇောသာရ(ဒဂုန်ဦးထွန်းမြင့်)ကလည်း သူ့ဆရာ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး စေခိုင်းသည့်အတိုင်း ရေးသားဖွဲ့ဆိုပေးလိုက်သည်။ ယင်းလူးတားအဖွဲ့ကို လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးက များစွာ ကျေနပ်သဘောကျသွားလေသည်။

ထို့နောက် အချိန်များစွာ ကြာသွား၏။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ၏တပည့်တစ်ဦးဖြစ်သော ပထမကျော် 'ပုပ္ပားဦးကျော်ရင်'ခေါ် လယ်တီဦးကောဝိဒ သည် 'ကဝိဘာရတီ'ခေါ် ကျမ်းကြီးတစ်ခုကို ရေးသားပြုစုလေသည်။ ထိုကျမ်း ဒုတိယတွဲတွင် 'ပုပ္ပားဦးကျော်ရင်'ခေါ် လယ်တီဦးကောဝိဒသည် အရှင်တေဇော သာရ (ဒဂုန်ဦးထွန်းမြင့်)၏ ဗုဒ္ဓဂုဏ်တော်ဖွင့်လူးတားကို ထုတ်ဖော်ပြဆိုပြီးလျှင် 'ကင်းဝန်မင်းကြီး ရေး'ဟု ကဗျာဖွဲ့သူအမည်ကို တလွဲ ဖော်ပြထားလေသည်။ လယ်တီဦးကောဝိဒသည် အရှင်တေဇောသာရ(ဒဂုန်ဦးထွန်းမြင့်)၏ လူးတားကို လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ မှတ်စုမှတ်ရာထဲတွင် တွေ့ရှိပြီး တကယ်ပင် 'ကင်းဝန်မင်းကြီး-ရေး'ဟု ထင်မှတ်ပြီး ရေးသူအမည် မှားတပ်ခြင်း ဖြစ်ဟန်တူ သည်။ 'လူးတား'အဖွဲ့ကို ရှင်းလင်းရေးပြသည့်အခန်း၌ ပြယုဂ်ပုံစံအဖြစ် ယင်း လူးတားကို ထုတ်ပြခြင်း ဖြစ်လေသည်။

အရှင်တေဇောသာရ(ဒဂုန်ဦးထွန်းမြင့်)က ထိုအကြောင်းကို တော်တော်နှင့် မသိ။ အချိန်အတော်ကြီးကြာမှ အရှင်ဉာဏိသရ(ဦးဆန်းထွန်း)က ထောက်ပြ သဖြင့် သိရလေသည်။ လယ်တီဦးကောဝိဒနှင့်လည်း ဆရာတူတပည့် လူခင်ချင်း ဖြစ်သဖြင့် အကျိုးအကြောင်း စာရေး အကြောင်းကြားသည့်အခါ လယ်တီဦးကောဝိဒ



mgyoe.com

mgyoe.com SAMPLE BOOK

က သူမှားကြောင်း ဝန်ခံပြီး၊ 'နောင် ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ် ထုတ်ဝေသည့် အခါ စာရေးသူအမှန်ကို ပြင်ဆင်ထည့်သွင်းပါမည်။'ဆိုသည့်အကြောင်းကို ကတိ ပေးလေသည်။ ထိုကတိပေးသည့်စာ ယခုထက်တိုင်ပင် ဒဂုန်ဦးထွန်းမြင့်၏ ပေးစာ ဖိုင်တွဲထဲတွင် တွေ့နေရတုန်းပင် ဖြစ်သည်။ အကြောင်း မဆုံစည်းပုံမှာ လယ်တီ ဦးကောဝိဒ အသက်ထင်ရှား ရှိစဉ်တွင် သူ့ 'ကဝိဘာရတီ'ကို ဒုတိယအကြိမ် ရိုက်နှိပ်မသွားခဲ့ရပေ။ ယခုအခါတွင်ကား အရှင်တေဇောသာရ(ဒဂုန်ဦးထွန်းမြင့်)၏ ဂုဏ်တော်ဖွင့်လူးတားကို 'ကင်းဝန်မင်းကြီးရေး'ဟု အမည်တပ်မှားသွားသူလည်း မရှိတော့။ တကယ်ရေးသူလည်း ကွယ်လွန်သွားပြီ။ 'ကဝိဘာရတီ'၌ကား အမှား အတိုင်းပင် ရှိနေသည်။ နောင်တွင် စာပေသုတေသီများအတွက် အမှတ်မှားနိုင် စရာ ဖြစ်လာနိုင်သည်။ အကယ်၍သာ အရှင်တေဇောသာရ(ဒဂုန်ဦးထွန်းမြင့်)၏ ဗုဒ္ဓဂုဏ်တော်ဖွင့်လူးတားများမှာ သာမန် ရွက်ကြမ်းရေကျိုလောက်သာ ဖြစ်ပါမူ လယ်တီဦးကောဝိဒသည် 'ကင်းဝန်မင်းကြီး-ရေး' ဟု အမှတ် မမှားနိုင်ပေရာ။ လယ်တီဦးကောဝိဒလို ပုဂ္ဂိုလ်က 'ကင်းဝန်မင်းကြီး-ရေး'ဟု အမှတ်မှားခြင်းသည် အရှင်တေဇောသာရ(ဒဂုန်ဦးထွန်းမြင့်)၏လက်ရာ မည်မျှ အရည်အသွေးရှိနေသည် ဆိုသည့်အချက်ကို ဖော်ပြနေပေသည်။

ကမ္ဘာ့စာပေလောကနှင့် မြန်မာ့စာပေလောကတွင် အမည်ခံသူက တကယ် မရေးဘဲ နောက်ကွယ်မှ ပုဂ္ဂိုလ်တစ်ဦးက အမည်မခံဘဲ ရေးပေးသည့်စာများ အများအပြား ရှိသည်။ ယင်းရေးပုံမျိုးကို 'ဂို့စ်တ်'ဟု ခေါ်သည်။ သည်ဘက်ခေတ် မြန်မာဝတ္ထုလောကတွင် ယင်းဝတ္ထုမျိုး အများအပြားထွက်ပေါ်သည်။-ဟု သိရ သည်။ အရှင်တေဇောသာရ(ဒဂုန်ဦးထွန်းမြင့်)၏ စာပေဘဝတွင် ယင်းအဖြစ်မျိုး ဆန်ဆန်လည်း ကြုံခဲ့ရသည်။

ဖြစ်ပုံကား ဤသို့။

ကမ္ဘာ့စာပေနှင့် မြန်မာ့စာပေလောကတွင် စာရေးဆရာကိုယ်တိုင် အပြီး သတ်မသွားနိုင်ခဲ့သည့် ဝတ္ထုများ ရှိလေသည်။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် ဝတ္ထုများကို အများအပြား ရေးသားသွားခဲ့သည်။ သို့ရာတွင် သူ၏ ဝတ္ထုများထဲတွင် အကြောင်းကြောင်းကြောင့်


mgyoe.com

mgyoe.com SAMPLE BOOK

သူကိုယ်တိုင် အပြီးသတ်မသွားခဲ့သည့် ဝတ္ထုများ ရှိလေသည်။ ယင်းဝတ္ထုများထဲတွင် 'တင်တင်မြ'ဝတ္ထုသည် တစ်ခုအပါအဝင်ဖြစ်သည်။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် 'တင်တင်မြ'ဝတ္ထုကို အတွဲ ၂ တွဲသာ ရေးပြီး၊ ဇာတ် အသိမ်းခက်နေသောကြောင့်လား၊ သို့မဟုတ် အခြားအကြောင်း တစ်ကြောင်းကြောင်းကြောင့်လား မသိ။ အပြီးသတ်မသွားခဲ့ပေ။

သူ အပြီးမသတ်သည့် 'တင်တင်မြ'ဝတ္ထုကို သူ အသက်ထင်ရှားရှိစဉ်ကပင် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် အရှင်တေဇောသာရ(ဒဂုန်ဦးထွန်းမြင့်)အား အပြီးသတ် ဆက်ရေးရန် ပြောခဲ့ဖူးသည်။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ကွယ်လွန်သွားခဲ့၏။ 'တင်တင်မြ'ဝတ္ထုမှာလည်း အပြီးမသတ်ဘဲ တန်းလန်းပင် ရှိနေခဲ့၏။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ကွယ်လွန်ပြီးနောက် နှစ်အတန်ကြာသောအခါ 'တင်တင်မြ'ဝတ္ထုကို ထုတ်ဝေသည့် ဒဂုန်မဂ္ဂဇင်းတိုက်သည် 'တင်တင်မြ' ဝတ္ထု ဇာတ်သိမ်းခန်းကို ဆက်လက်ထုတ်ဝေလိုသည့်ဆန္ဒ ဖြစ်လာခဲ့သည်။ ဤတွင် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏လက်ရာကို မီမည့်စာရေးဆရာကို စူးစမ်းသည်။ ထိုအခါ အဖွဲ့အနွဲ့တွင် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ရေးဟန်ကို အမီလိုက်နိုင်သည့် အရှင်တေဇောသာရ(ဒဂုန်ဦးထွန်းမြင့်)ကို သွားတွေ့သည်။ သို့နှင့် 'တင်တင်မြ'ဝတ္ထု ဇာတ်သိမ်းခန်း တတိယတွဲ ထွက်ပေါ်လာခဲ့လေသည်။ တတိယတွဲဇာတ်သိမ်းခန်းကို ပထမတွဲနှင့် ဒုတိယတွဲကိုရေးသည့် ဆရာဦးမောင်ကြီး၏ ကလောင်အမည်ဖြင့်ပင် ဆက်လက်ထုတ်ဝေပြီး၊ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးကိုယ်တိုင် မကွယ်လွန်မီက ရေးသားထားခဲ့သည့်အနေဖြင့် ကြေညာလိုက်သည်။ လက်ရာချင်း ခွဲမရအောင် တူနေသဖြင့် စာဖတ်သူများမှာ တကယ်ပင် 'လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးရေးသည်။'ဟု ထင်မြင်ကြသည်။ အမှန်ကား 'တင်တင်မြ'ဝတ္ထု ဇာတ်သိမ်းခန်း တတိယတွဲကို ရေးသားသူမှာ အရှင်တေဇောသာရ (ဒဂုန်ဦးထွန်းမြင့်)ပင် ဖြစ်လေသည်။

ယင်းဇာတ်ထုပ်ကို အသိဆုံးပုဂ္ဂိုလ်များမှာ ရေးသူ အရှင်တေဇောသာရ (ဒဂုန်ဦးထွန်းမြင့်)နှင့် ဒဂုန်မဂ္ဂဇင်းတိုက်ပိုင်ရှင် ဦးတင်နွယ် အပြင်၊ ဒဂုန်ဦးစန်းငွေနှင့် ဤစာကိုရေးသူ ကျွန်ုပ်ပင် ဖြစ်လေသည်။ ဒဂုန်ဦးစန်းငွေက ထို'တင်တင်မြ'



mgyoe.com

mgyoe.com SAMPLE BOOK

ဝတ္ထု တတိယတွဲတွင် အမှာစာ နိဒါန်း ရေးသည်။ နိဒါန်းတွင် ဒဂုန်ဦးစန်းငွေသည် 'တင်တင်မြ'ဝတ္ထု တတိယတွဲကို 'လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးရေးသည်။' ဟု စာဖတ်သူ ယုံကြည်အောင် အတော်ပင် လှျောက်လဲချက် ပေးထားရသည်။

နိဒါန်းတွင် 'လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးရေးပါသည်။-ဟု ပြောပြနေခြင်းထက် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးကိုယ်တိုင် ရေးခဲ့သည့် ပထမတွဲ, ဒုတိယတွဲတို့နှင့် ယခုတတိယတွဲကို ယှဉ်ဖတ်ပြီး စာဖတ်သူများကိုယ်တိုင် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးကိုယ်တိုင် ရေး မရေးဆိုသည့်အချက်ကို အဆုံးအဖြတ်ပေးကြပါ။'ဟု ရေးသားထားသည်။

အချို့က ဒဂုန်ဦးစန်းငွေ၏နိဒါန်းကို ထောက်ပြပြီး 'တင်တင်မြ'ဝတ္ထု တတိယတွဲကို 'ဒဂုန်ဦးထွန်းမြင့် ရေးသည်။' ဟု ပြောပြသည်ကို မယုံချင်ကြ။ အမှန်ကား ဒဂုန်ဦးစန်းငွေသည် ထိုစဉ်က ဒဂုန်မဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် အမှုထမ်းနေရသည်ဖြစ်၍ တာဝန်အရ ပိပိရိရိနှင့် 'လိမ်'ရှာရခြင်းသာ ဖြစ်သည်။ ယင်းသို့ 'လိမ်'သည့်အတွက်လည်း အပြစ်မဆိုသာ။ စာရေးသူကိုယ်တိုင်က ကျေကျေနပ်နပ်ဖြင့် မိမိအမည်ကိုဖျောက်ပြီး လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးအမည်တပ်ထားသောကြောင့် 'တင်တင်မြ'ဝတ္ထု တတိယတွဲကို လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးကိုယ်တိုင် မကွယ်လွန်မီက ရေးသားထားခဲ့သည်ဆိုသည်ကို စာဖတ်သူများ အယုံသွင်းရန်မှာ ပုံနှိပ်ထုတ်ဝေသူများ၏ အလုပ်ဝတ္တရားသဖွယ် ဖြစ်နေသည်။ သို့ဖြစ်၍ ဒဂုန်ဦးစန်းငွေကလည်း ပုံနှိပ်ထုတ်ဝေသူများကိုယ်စား စာဖတ်သူများအား အယုံသွင်းရခြင်း ဖြစ်လေသည်။ အမှန်မှာ ဒဂုန်ဦးစန်းငွေသည် 'တင်တင်မြ'ဝတ္ထု တတိယတွဲကို မည်သူရေးသည်ဆိုသည်ကို အသိဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။

'တင်တင်မြ'ဝတ္ထု တတိယတွဲ၏ စာရေးဆရာ မည်သူမည်ဝါ ဆိုသည်ကို အသိဆုံးပုဂ္ဂိုလ်များထဲတွင် ကျွန်ုပ်လည်း တစ်ဦးအပါအဝင် ဖြစ်သည်။ ထိုအချိန်က 'တင်တင်မြ'ဝတ္ထု တတိယတွဲ စာမူကြီးကို ပိုက်ပြီး စာရေးဆရာကိုယ်စား ထုတ်ဝေသူ ဦးတင်နွယ်တို့နှင့် စကားပြောရသူမှာ ကျွန်ုပ်ပင် ဖြစ်သည်။ အရှင်တေဇောသာရ (ဒဂုန်ဦးထွန်းမြင့်)သည် သူ့စာမူကိစ္စနှင့် ပတ်သက်ပြီး ထုတ်ဝေသူများနှင့် တိုက်ရိုက်


mgyoe.com

mgyoe.com SAMPLE BOOK

စကားပြောချင်ပုံ မရပေ။ သို့ဖြစ်၍ ထိုကိစ္စအတွက် ကျွန်ုပ်ကို တာဝန် လွှဲထားသည်။ ကျွန်ုပ်က သူ့ကိုယ်စား ထုတ်ဝေသူဦးတင်နွယ်တို့နှင့် စကားဆိုရသည်။

မှတ်မိသေးသည်။ ထိုစာမူကိစ္စနှင့် ပတ်သက်၍ အခွင့်အရေးအပိုင်း ရောက်လာသောအခါ စာရေးသူနှင့် ပုံနှိပ်ထုတ်ဝေသူတို့၏ သဘောတူညီမှုမှာလည်း တစ်မျိုး ဖြစ်သည်။ စာရေးသူဘက်က စာမူကို ပုံနှိပ်ထုတ်ဝေသူအား လွတ်လွတ်ကျွတ်ကျွတ်ရိုက်နှိပ်ခွင့် ပြုသည်။ စာမူခအနေဖြင့် ငွေကြေးကို မယူပေ။ စာမူခအစား စာရေးသူ အရှင်တေဇောသာရ ရေးသားထားသည့် 'ပထမပြန်သဒ္ဒါကျမ်း' ကို ပုံနှိပ်ထုတ်ဝေသူ ဦးတင်နွယ်က ကျသမျှအကုန်ခံပြီး ရိုက်နှိပ်ပေးရမည်။ ယင်းသို့ ၂ ဦး ၂ ဖက် သဘောတူကြသည်။ ဦးတင်နွယ်တို့က 'တင်တင်မြ' ဝတ္ထု တတိယတွဲ စာမူခအနေဖြင့် အရှင်တေဇောသာရ(ဒဂုန်ဦးထွန်းမြင့်)အား သူရေးသားပြုစုသည့် 'ပထမပြန်သဒ္ဒါကျမ်းစာ' ကို စာအုပ်ဖြစ်သည်အထိ ရိုက်နှိပ်ပေးရသည်။ သို့ရာတွင် 'ပထမပြန်သဒ္ဒါ' ကို ဒဂုန်မဂ္ဂဇင်းတိုက်တွင် မရိုက်နှိပ်ပေ။ ထိုစဉ်က ပိဋကတ်ပုံနှိပ်တိုက်တစ်တိုက်ဖြစ်သည့် ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ပေးသည်။ ကုန်ကျစရိတ်အားလုံးကို ဦးတင်နွယ်တို့က ခံရသည်။

ယင်းသို့အားဖြင့် သူရေးသားသည့် ဂုဏ်တော်ဖွင့်လူးတားကို 'ကင်းဝန်မင်းကြီး-ရေး' ဟု ရေးသူအမည် အတပ်မှားခံရခြင်းသည် လည်းကောင်း၊ 'တင်တင်မြ' ဝတ္ထု တတိယတွဲကို လယ်တီပဏ္ဍိတဦးမောင်ကြီး ရေးသည့်အနေဖြင့် ရေးသားပေးခဲ့ရခြင်းသည် လည်းကောင်း ဒဂုန်ဦးထွန်းမြင့်၏ စာပေဘဝတွင် မြုပ်ကွက်များ ဖြစ်နေလေသည်။

မြန်မာနိုင်ငံ ကိုလိုနီဘဝကို ဒုတိယကမ္ဘာစစ်က စည်းခြားလိုက်လေသည်။ ဒုတိယကမ္ဘာစစ်အပြီး သည်ဘက်ပိုင်း ကိုလိုနီဘဝအစိတ်အပိုင်းမှာ သိပ်မများတော့ပေ။ မကြာမီ ကိုလိုနီခေတ် ချုပ်ငြိမ်းသွားသည်။ လွတ်လပ်ရေးခေတ် ရောက်လာသည်။

လွတ်လပ်ရေးခေတ်တွင် အရှင်တေဇောသာရသည် 'ဒဂုန်ဦးထွန်းမြင့်' ဖြစ်လာသည်။ ဒဂုန်ဦးထွန်းမြင့်အဖြစ်ဖြင့် ရေးသားသည့်စာများထဲတွင် ဗုဒ္ဓစာရား


mgyoe.com

mgyoe.com SAMPLE BOOK

များကို လွယ်ကူသော မြန်မာစာအရေးအသားဖြင့် ရေးသားထားသည့်စာများ အများအပြား ပါဝင်သည်။ သူ၏ 'ဂေါတမဗုဒ္ဓ'၊ 'ဗုဒ္ဓတရား'၊ 'ဗုဒ္ဓ၏ ဩဝါဒ အမြုတေ' စသောစာအုပ်များမှာ ယင်းကဲ့သို့သောစာများ ဖြစ်သည်။

ဒဂုန်ဦးထွန်းမြင့်သည် တစ်ဖက်တွင် ဗုဒ္ဓစာပေနှင့်ပတ်သက်သည့် စာအုပ်များကို ရေးသားပြုစုခဲ့သည့်နည်းတူ အခြားတစ်ဖက်တွင်လည်း မြန်မာစာပေနှင့် ပတ်သက်သည့် စာအုပ်များကို ရေးသားခဲ့လေသည်။ ရန်ကုန်တက္ကသိုလ်မှ ပုံနှိပ်ထုတ်ဝေသည့် သူ၏ 'ပါဠိသက်ဝေါဟာရအဘိဓာန်'မှာ မြန်မာစာပေအတွက် အဖိုးမဖြတ်နိုင်သည့်စာအုပ် ဖြစ်သည်။ မြန်မာစာ၊ မြန်မာစကားတွင် တွင်ကျယ်စွာ အသုံးပြုနေသည့် ပါဠိသက်ဝေါဟာရများကို အကိုးအကား အထောက်အထား စုံလင်စွာဖြင့် အဘိဓာန် ရေးသားပြုစုထားသည့်စာအုပ် ဖြစ်သည်။

'ဦးပုညဝတ္ထု အဖြေ' စသော စာများလည်း ဒဂုန်ဦးထွန်းမြင့်၏ မြန်မာစာ ဆိုင်ရာ လက်ရာများ ဖြစ်ပေသည်။

ဒဂုန်ဦးထွန်းမြင့်၏ အတွင်ကျယ်ဆုံး စာမူတစ်ခုမှာ 'မင်္ဂလာကဗျာ'ဖြစ် သည်။ 'မင်္ဂလာကဗျာ'သည် မြန်မာပြည်အတွင်း လှည်းနေလှေအောင်း မြင်းခေါင်း မကျန် ပျံ့နှံ့နေသည့်စာ ဖြစ်သည်။ မူလတန်းကျောင်းသားတိုင်းလိုလို၏ နှုတ်ဖျား တွင် ခေတ်စားနေသည့်စာ ဖြစ်သည်။ 'မင်္ဂလာကဗျာ'သည် မြန်မာနိုင်ငံ၌ မည်မျှ ပြန့်ပွားသွားသနည်း။-ဆိုလျှင် အချို့နေရာများ၌ စာနှင့်အတူ ရေးသူအမည်နာမ ပါမသွားတော့ပေ။ စာကို ရွတ်ဆိုနေကြသော်လည်း 'စာရေးသူ မည်သူ'ဆိုသည်ကို မသိကြတော့ပေ။ တစ်ချိန်က 'မင်္ဂလာကဗျာ'ကို ရိုက်နှိပ်ထုတ်ဝေသည့် ပုံနှိပ်တိုက် သည် ရိုက်နှိပ်ပြီးသားစာဖောင်ကို မဖျက်တော့ပေ။ ထိုအတိုင်းပင် ထားသည်။ ရိုက်ပြီးရင်း ရိုက်ရင်းနှင့် အထပ်ထပ်အခါခါ ရိုက်နှိပ်ထုတ်ဝေ ရောင်းချနေရ သောကြောင့် ဖြစ်လေသည်။ သို့ရာတွင် ဝမ်းနည်းဖွယ်ကောင်းသည်မှာ ဒဂုန် ဦးထွန်းမြင့်သည် သူ၏ 'မင်္ဂလာကဗျာ'အတွက် တစ်ပြားတစ်ချပ်မျှ အကျိုးခံစား မသွားရရှာပေ။ 'မင်္ဂလာကဗျာ'ကဲ့သို့ပင် အလားတူ ဗုဒ္ဓဘာသာဆိုင်ရာ အလွယ် တကူ ရွတ်ဆိုရသည့် ကဗျာများကို ရေးသားသေးသည်။ 'အနတ္တကဗျာ'၊ 'ငါးပါး သီလကဗျာ'၊ 'အခြေခံလူ့ကျင့်ဝတ်ကဗျာ' စသည်တို့မှာ ဒဂုန်ဦးထွန်းမြင့် ရေးသား


mgyoe.com

mgyoe.com SAMPLE BOOK

ခဲ့သည့် 'မင်္ဂလာကဗျာ'ကဲ့သို့သော ကဗျာများ ဖြစ်သည်။ သို့ရာတွင် ယင်းကဗျာများကား 'မင်္ဂလာကဗျာ'ကဲ့သို့ မတွင်ကျယ်လှပေ။

ဒဂုန်ဦးထွန်းမြင့်သည် ငွေတာရီမဂ္ဂဇင်းထဲတွင် ဇာတ်ကြီး ၁၀ ဘွဲ့ကို တိလည်းတိကျ၊ စကားအသုံးလည်း လွယ်ကူလှသော သူ၏ ပင်ကိုရေးဟန်ဖြင့် အပတ်စဉ် ရေးသားခဲ့သည်။ သူ ကွယ်လွန်ပြီးနောက် ယင်းဇာတ်ကြီး ၁၀ ဘွဲ့ကို စုပေါင်းပြီး စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။ ယင်းစာအုပ်မှာ စာဖတ်ပရိသတ်က ထူးထူးခြားခြား ကြိုဆိုလက်ခံသည်ဖြစ်၍ ၂ နှစ်အတွင်း ပြန်လည်ရိုက်နှိပ်ထုတ်ဝေရလေသည်။ သို့ရာတွင် ဒဂုန်ဦးထွန်းမြင့်သည် သူ့ဇာတ်ကြီး ၁၀ ဘွဲ့ကို စာအုပ်အဖြစ်ဖြင့် မြင်တွေ့မသွားခဲ့ရှာပေ။ သူ့စာအုပ်ကို ပရိသတ်က ဤမျှ ကြိုဆိုလက်ခံသည် ဆိုသည့်အကြောင်းကိုလည်း သိမသွားရှာပေ။

ယခု ဤစာအုပ်ကား ဒဂုန်ဦးထွန်းမြင့် မကွယ်လွန်မီက စန္ဒာမဂ္ဂဇင်းတွင် အပတ်စဉ်ရေးသားသွားခဲ့သည့် ဆောင်းပါးများကို စုပြီး စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေလိုက်သည့် ဒဂုန်ဦးထွန်းမြင့်၏ လက်ရာကောင်း လက်ရာမွန် စာတစ်စောင်ပေတစ်ဖွဲ့ ဖြစ်သည်။ ဒဂုန်ဦးထွန်းမြင့်သည် ဗုဒ္ဓဘာသာ၏ ကမ္မဝါဒ ကံအယူအဆနှင့်ပတ်သက်ပြီး စာတစ်အုပ် ရေးသားသည်။ သူ့စာအုပ်၏အမည်ကိုလည်း 'ကံ' ဟု ပေးထားသည်။ ရိုက်နှိပ်ထုတ်ဝေခြင်း မပြုရသေးသည့် သူ၏ ယင်းစာအုပ်ထဲမှ ထုတ်နုတ်ပြီး စန္ဒာမဂ္ဂဇင်းတွင် အပတ်စဉ် ဆောင်းပါးရေးသားသည်။ ဆောင်းပါးတစ်ခုစီ၏ ခေါင်းစဉ်ကိုလည်း ဆောင်းပါးထဲ၌ ပါသည့်အကြောင်းအရာအလိုက် အမည်တပ်ထားသည်။ ဤစာအုပ်ကား ယင်းဆောင်းပါးများ၏ ပေါင်းချုပ်ဖြစ်သည်။

ဤစာအုပ်၌ ဒဂုန်ဦးထွန်းမြင့်သည် အမေးအဖြေ(ဒိုင်ယာလော့) ပုံသဏ္ဌာန်ရေးသားထားသည်။ စာကို အမေးအဖြေ(ဒိုင်ယာလော့) ပုံသဏ္ဌာန်ဖြင့် ရေးသားခြင်းသည် သာမန်ရိုးရိုး ရေးသားခြင်းထက် စာဖတ်သူကို ပိုပြီး နားလည်သဘောပေါက်လွယ်စေသည်။ ဒဂုန်ဦးထွန်းမြင့်၏ နဂိုရေးဟန်ကိုက နားလည်လွယ်သည့် ရေးဟန်မျိုးဖြစ်သည့်အထဲ အမေးအဖြေ (ဒိုင်ယာလော့)ပုံစံဖြင့် ရေးသားထားပြန်ရာ ဤစာအုပ်သည် အချိုပေါ် သကာလောင်းထားသည့်စာ ဖြစ်နေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

'ဗုဒ္ဓဘာသာ ကမ္မဝါဒနှင့် မြန်မာ့ယဉ်ကျေးမှု' ဆိုသောအမည်မှာ ဒဂုန်ဦးထွန်းမြင့် ပေးသွားခဲ့သည့်အမည် မဟုတ်ပေ။ ဒဂုန်ဦးထွန်းမြင့်က သူ၏စာအုပ်ကို 'ကံ'ဟုသာ အမည်ပေးသွားခဲ့သည်။ ယခုအမည်မှာကား စာပါအကြောင်းအရာကိုကြည့်ပြီး ကျွန်ုပ်ပေးထားသည့်အမည် ဖြစ်လေသည်။

ဤစာအုပ်တွင် ရေးသားပါရှိသည့်စာများမှာ ဗုဒ္ဓဘာသာ, ကံတရားနှင့် မြန်မာ့ဓလေ့ထုံးစံ, မြန်မာယဉ်ကျေးမှုတို့ ဆက်သွယ်နီးနွှောနေပုံကို အမေးအဖြေ (ဒိုင်ယာလော့)ပုံစံဖြင့် ရေးသားပြဆိုထားသည့်စာများသာ ဖြစ်ပေသည်။ သို့ဖြစ်၍ 'ဗုဒ္ဓဘာသာ, ကမ္မဝါဒနှင့် မြန်မာ့ယဉ်ကျေးမှု'ဟု ဤစာအုပ်အမည်ကို မှည့်လိုက်ရခြင်း ဖြစ်ပေသည်။

မြန်မာ့ရှေးဟောင်းဓလေ့ထုံးစံနှင့် မြန်မာ့ရိုးရာအယူအဆ, မြန်မာ့ယဉ်ကျေးမှုတို့သည် ဗုဒ္ဓဘာသာအခြေခံမှ စတင်ပေါက်ဖွားလာသည်ကသာ များသည်။ ဒဂုန်ဦးထွန်းမြင့်သည် ဤစာအုပ်၌ မြန်မာ့ဓလေ့ထုံးစံ, မြန်မာ့ရိုးရာအယူအဆ, မြန်မာ ယဉ်ကျေးမှုတို့ကို အခြေခံဖြစ်သည့် ဗုဒ္ဓဘာသာကံတရားနှင့် ဆက်နွယ်ထားသည်။ အရာဝတ္ထုတစ်ခုသည် အချိန်ကာလ ကြာမြင့်လာသည့်အခါ ယင်းအခြေခံနှင့် ယင်း၏မြစ်ဖျားခံရာနှင့်, ယင်း၏အကြောင်းတရားနှင့် အဆက်ပြတ်သွားတတ်သည်။ ဒဂုန်ဦးထွန်းမြင့်သည် ဤစာအုပ်၌ ပျောက်ဆုံးနေသောအခြေခံကို ပြန်ဖော်ပေးသည်။ အဆက်ပြတ်နေသော မြစ်ဖျားခံရာကို ပြန်ဆက်ပေးသည်။ ဝိုးတဝါးဖြစ်နေသော အကြောင်းတရားကို မီးမောင်းထိုးပြထားသည်။ ။

ပါရဂူ
၁၃-၁၂-၇၆

mgyoe.com

mgyoe.com SAMPLE BOOK

# ဒုတိယအကြိမ် ထုတ်ဝေခြင်းအတွက် ပါရဂူ၏ အမှာစကား

တိုင်းပြည်အသီးသီး, လူမျိုးအသီးသီး၌ ကိုယ်ပိုင်အတွေး, ကိုယ်ပိုင်အမြင်, ကိုယ်ပိုင်ဒဿန ရှိကြသည်။ မြန်မာနိုင်ငံ, မြန်မာလူမျိုး၌လည်း မြန်မာ့အမြင်၊ မြန်မာ့အတွေး, မြန်မာ့ဒဿနမရှိဘဲ နေမည် မဟုတ်ပေ။ ပြည်တွင်းပြည်ပ နှစ်ဌာနလုံးက အချို့သုတေသီများသည် မြန်မာ့အမြင်၊ မြန်မာ့အတွေး၊ မြန်မာ့ဒဿနနှင့် ပတ်သက်ပြီး သုတေသန ပြုလုပ်ကြသည်။ ကလောင်ကိုင်ထားသော သုတေသီများသည် သူတို့ သုတေသန ပြုလုပ်၍ ရသော မြန်မာ့အမြင်၊ မြန်မာ့အတွေး၊ မြန်မာ့ဒဿနကို စာအုပ်စာတမ်းဖြင့် ရေးသား ပြုစုကြသည်။

သုတေသီအချို့နှင့် စာရေးဆရာအချို့ ရေးသားမှတ်တမ်းတင်ထားသော မြန်မာ့အမြင်, မြန်မာ့အတွေး, မြန်မာ့ဒဿနသည် အရေအတွက် အလွန်တရာနည်းပါးသော်လည်း ဟိုတစ်စ ဒီတစ်စ ဖော်ပြထားသည်ကိုမူ တွေ့ရတတ်သည်။ ယင်းမြန်မာ့အမြင်, မြန်မာ့အတွေး, မြန်မာ့ဒဿနကို လေ့လာဖတ်ရှုကြည့်သော အခါ မြန်မာ့အမြင်, မြန်မာ့အတွေး, မြန်မာ့ဒဿန၌ ဝင်ရောက် နေရာယူထားသော ဗုဒ္ဓအမြင်, ဗုဒ္ဓအတွေး, ဗုဒ္ဓဒဿနများ၌ တွေ့မြင်သိရှိရသည်။ ထို့ကြောင့် မြန်မာ့အမြင်, မြန်မာ့အတွေး, မြန်မာ့ဒဿနသည် ဗုဒ္ဓအမြင်, ဗုဒ္ဓအတွေး, ဗုဒ္ဓဒဿနကို အခြေခံထားသည်။–ဟူ၍လည်းကောင်း၊ သို့မဟုတ် မြန်မာ့ဒဿန, မြန်မာ့အမြင်, မြန်မာ့အတွေး၌ ဗုဒ္ဓအမြင်, ဗုဒ္ဓအတွေး, ဗုဒ္ဓဒဿနကို အထွတ်တင်ထားသည်။ –ဖဟူ၍လည်းကောင်း ရဲရဲဝံ့ဝံ့ ပြောဆို၍ရသည်။

တစ်နည်းအားဖြင့် ပြောရလျှင် 'မြန်မာ့ဒဿနသည် ဗုဒ္ဓဒဿန, ဗုဒ္ဓဒဿန၏အစိတ်အပိုင်းသည် မြန်မာ့ဒဿန' ဟူ၍ ပြောဆို၍ ရသည်။

ယဉ်ကျေးမှုနယ်ပယ်၌လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။ ယေဘုယျအားဖြင့် မြန်မာ့ယဉ်ကျေးမှုသည် ဗုဒ္ဓယဉ်ကျေးမှုကို အခြေခံထားသော ယဉ်ကျေးမှု


mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်သည်။ ခေတ်အဆက်ဆက်က မြန်မာလူမျိုးများ လိုက်နာကျင့်သုံးလာခဲ့သော ဓလေ့ထုံးစံများနှင့် လူ့ကျင့်ဝတ်၊ လူ့သိက္ခာများသည် ဗုဒ္ဓယဉ်ကျေးမှုမှ ထွန်းကားပေါက်ဖွားလာသော ဓလေ့ထုံးစံ၊ လူ့ကျင့်ဝတ်၊ လူ့သိက္ခာများ ဖြစ်ကြသည်။ ယင်းသို့ ဗုဒ္ဓယဉ်ကျေးမှုနှင့် မြန်မာ့ယဉ်ကျေးမှုသည် နှစ်လွန်းတင်ကြိုး ဖြစ်နေသောကြောင့် 'မြန်မာ့ယဉ်ကျေးမှုသည် ဗုဒ္ဓယဉ်ကျေးမှု၊ ဗုဒ္ဓယဉ်ကျေးမှုသည် မြန်မာ့ယဉ်ကျေးမှု' ဟူ၍ ရဲရဲဝံ့ဝံ့ပြောပြ၍ ရနိုင်သော အခြေအနေတွင် ရှိနေသည်။

ဒဂုန်ဦးထွန်းမြင့်သည် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့ထုံးစံ၊ မြန်မာ့ကျင့်ဝတ်၊ မြန်မာ့သိက္ခာကို ဗုဒ္ဓယဉ်ကျေးမှုအခြေခံအရ လေ့လာသုံးသပ်လျက် စန္ဒာမဂ္ဂဇင်းတွင် တစ်ချိန်က လစဉ် အခန်းဆက် ရေးသားခဲ့သည်။ ယင်းဆောင်းပါးများကို စုစည်းလျက် ၁၉၇၇ ခုနှစ်က 'ဗုဒ္ဓဘာသာ ကမ္မဝါဒနှင့် မြန်မာ့ယဉ်ကျေးမှု' အမည်ဖြင့် ပထမအကြိမ် စာအုပ်အဖြစ် ထုတ်ဝေခဲ့ဖူးသည်။ ထိုအချိန်က ကျမ်းပြုဆရာ ဒဂုန်ဦးထွန်းမြင့်သည် ကွယ်လွန်အနိစ္စရောက်သွားပြီဖြစ်၍ သူရေးသားပြုစုသော 'ဗုဒ္ဓဘာသာကမ္မဝါဒနှင့် မြန်မာ့ယဉ်ကျေးမှု' စာအုပ်ကို တွေ့မြင်မသွားရပေ။

စန္ဒာမဂ္ဂဇင်းတွင် အခန်းဆက်ရေးသားစဉ်က ဒဂုန်ဦးထွန်းမြင့်သည် သူရေးသားသော ဆောင်းပါးများ၏ ခေါင်းစဉ်အမည်ကို 'ဗုဒ္ဓဘာသာ ကမ္မဝါဒနှင့် မြန်မာ့ယဉ်ကျေးမှု' ဟူ၍ တပ်မထားပေ။ ပထမအကြိမ် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေသောအခါကျမှသာလျှင် ယင်းအမည်ကို တပ်ခြင်း ဖြစ်သည်။ စာအုပ်ကင်ပွန်းတပ်သူမှာ အခြားသူ မဟုတ်ပေ။ ဤအမှာစာကို ရေးသားနေသူပင် ဖြစ်သည်။

ယခု ဒုတိယအကြိမ် စာအုပ်ထုတ်ဝေသောအခါ စာအုပ်ကင်ပွန်းတပ်သူသည် ပထမအကြိမ် ရိုက်နှိပ်ထုတ်ဝေစဉ်က သူပေးခဲ့သောအမည်ကို အပြည့်အဝ နှစ်ခြိုက်ခြင်း မရှိတော့ပေ။ ထို့ကြောင့် 'ဗုဒ္ဓဘာသာ ကမ္မဝါဒနှင့် မြန်မာ့ယဉ်ကျေးမှု' ၏နေရာတွင် 'ဗုဒ္ဓဘာသာနှင့် မြန်မာ့ယဉ်ကျေးမှု' ဟူ၍ အမည်နာမအသစ်ပြောင်းလဲမှည့်ခေါ်လိုက်ရပေသည်။ ။

ပါရဂူ

၉-၃-၂၀၀၁

mgyoe.com SAMPLE BOOK

# ဗုဒ္ဓဘာသာ
# နှင့်
# မြန်မာ့ယဉ်ကျေးမှု

ဒဂုန်ဦးထွန်းမြင့်

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# သားရှင်ပြု

"အလှူလုပ်တဲ့အခါ မဏ္ဍပ်ကြီးထိုးပြီး အလှူလုပ်တာဟာ အကျိုးထူးရဲ့လားဆရာ။ ကျွန်တော်ကတော့ ဒါတွေဟာ ပကာသနအတွက် လုပ်တာတွေလို့ ထင်တယ်။"

တစ်နေ့တွင် မောင်လူသစ်သည် ရှင်ပြုအလှူတစ်ခုမှ အပြန်တွင် ကျွန်ုပ်အိမ်သို့ ဝင်လာပြီး ခရီးရောက်မဆိုက်ပင် အထက်ပါအတိုင်း မေးလေသည်။

မောင်လူသစ်ကား ခေတ်လူငယ်တစ်ယောက် ဖြစ်သည်။ စာဖတ်ဝါသနာပါသူတစ်ယောက် ဖြစ်သဖြင့် စာပေဗဟုသုတ အတော်ကြွယ်ဝသည်။ ဗုဒ္ဓဘာသာရိုသေကိုင်းရှိုင်းသည့် မိဘများမှာ ပေါက်ဖွားလာသူဖြစ်သော်လည်း သူကိုယ်တိုင်ကား ဘာသာရေးကို လေးလေးစားစားရှိလှသည် မဟုတ်။ အထူးအားဖြင့် ခေတ်ပညာတတ်တစ်ယောက် ဖြစ်သောကြောင့် သူ ကြားဖူး,တွေ့ဖူးသည့် ဗုဒ္ဓဘာသာနှင့်ဆိုင်သော အချို့အချက်တို့၌ ဘဝင်မကျ ဖြစ်နေရုံတင်မက၊ အချို့အချက်တို့ကို မယုံချင်သလိုပင် ဖြစ်နေသည်။ ကျွန်ုပ်နှင့်တွေ့သောအခါ သူ မကျေနပ်သော အချက်များကို မေးမြန်းဆွေးနွေးလေ့ရှိသည်။ ကျွန်ုပ်ကလည်း မိမိ နားလည်သလောက် ဖြေကြားဆွေးနွေးသည်။ သို့ဖြစ်၍ မောင်လူသစ်သည် ကျွန်ုပ်ထံသို့ မကြာမကြာ ရောက်လာတတ်ပြီး ဘာသာရေးနှင့်စပ်သည့် အကြောင်းအရာများကို ဆွေးနွေးလေ့ရှိသည်ဖြစ်ရာ၊ ယနေ့လည်း အလှူတစ်ခုသို့ သွားရာမှအပြန်တွင် ကျွန်ုပ်ထံဝင်လာပြီး အထက်ပါအတိုင်း မေးခြင်းဖြစ်သည်။

ကျွန်ုပ်က "ထိုင်ပဲ ထိုင်စမ်းပါဦး မောင်ရာ။ အခု ဘယ်အလှူက ပြန်လာတာလဲ။"ဟု နှုတ်ဆက်စကားပြောပြီး လက်ဖက်ရည်ကြမ်းအိုးချကာ သူမေးသော ပြဿနာကို ဆွေးနွေးရလေသည်။



mgyoe.com

mgyoe.com SAMPLE BOOK

"မဏ္ဍပ်ကြီးထိုးတာဟာ ပကာသနအတွက် လုပ်တာဆိုရင်တော့ အကျိုးရှိသင့်သလောက် မရှိဘူးလို့ ဆိုရမှာပဲ။ သို့ပေမယ့် မဏ္ဍပ်ကြီးထိုးပြီး လှူတဲ့အတွက် အကျိုးမရှိဘူး၊ အကျိုးမထူးဘူး လို့တော့ မဆိုနိုင်ဘူး။"

"မဏ္ဍပ်ထိုးပြီးလှူတာဟာ ဒီပြင် ဘာရည်ရွယ်ချက် ရှိသေးလဲဆရာ။ ပကာသနအတွက် လုပ်တာပဲ မဟုတ်လား။"

"အလှူလုပ်တဲ့အခါ မဏ္ဍပ်ထိုးတာဟာ အဓိပ္ပာယ်ရှိတယ် မောင်လူသစ်။ သက်သက် အပိုလုပ်တာ၊ ပကာသနအတွက်လုပ်တာ မဟုတ်ဘူး။ အလှူလုပ်တဲ့အခါ ဆွေမျိုးမိတ်သင်္ဂဟတွေကို ဖိတ်ကြားပြီး အတူတကွ တရားနာ၊ ရေစက်ချ၊ အမျှအတန်းဝေ လုပ်ကြရတယ် မဟုတ်လား။ ဒီတော့ သံဃာတွေသီတင်းသုံးဖို့၊ အလှူလာတဲ့ပရိသတ်တွေ စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့်ထိုင်ပြီး တရားနာဖို့ မဏ္ဍပ်လိုတာပေါ့။ အခုပဲ မောင်လူသစ် အလှူမှာ မဏ္ဍပ်ထဲထိုင်ပြီး ကျွေးတာ မွေးတာတွေကို စားလာသေးတယ်မဟုတ်လား"

"မဏ္ဍပ်ထိုးလှူမှ ရှင် ဖြစ်သလား ဆရာ။ မဏ္ဍပ်မထိုးဘဲ လှူရင်လည်း ရှင် ဖြစ်တာပဲ မဟုတ်လား။"

"ရှင်ဖြစ်တယ်၊ အထမြောက်တယ်ဆိုတာကတော့ မဏ္ဍပ်နှင့် မဆိုင်ပါဘူး။ ရှင်ပြုတဲ့ကိစ္စမှာ အပိုင်း ၃ ပိုင်း ရှိပါတယ်။ ဆံပင်ရိတ်တာရယ်၊ သင်္ကန်းဝတ်တာရယ်၊ သရဏဂုံပေးတာရယ်၊ အဲဒီလို ၃ ပိုင်း ရှိပါတယ်။ ကျောင်းသွားပြီး ဆံပင်ရိတ်၊ နောက် ဘုန်းကြီးထံမှာ သင်္ကန်းတောင်းပြီးဝတ်၊ ပြီးတော့ သရဏဂုံကို ဘုန်းကြီးဆိုသလို ပီပီသသ ဌာန်ကရိုဏ်းကျအောင် ဆိုနိုင်လျှင် ရှင် ဖြစ်တာပါပဲ"

"ဒါထက်ဆရာ ဖြတ်ပြီး မေးရဦးမယ်။ အဲဒီ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဆိုတဲ့ သရဏဂုံကို ပြင်းပြင်းထန်ထန် ဒေါနှင့်မောနှင့် ဆိုရတာက ဘာကြောင့်လဲ ဆရာ။ ရိုးရိုးဆိုရင် ရှင် မဖြစ်လို့လား"

၂ ယောက်တည်း လွတ်လွတ်လပ်လပ် ဆွေးနွေးနေခြင်းဖြစ်သောကြောင့် စည်းကမ်းအတိုင်း အစီအစဉ် ကျသည်၊ မကျသည်ကို စဉ်းစားမနေဘဲ ပေါ်လာသောအချက်ကို မောင်လူသစ်က ဖြတ်၍ မေးပြန်သဖြင့်၊ ကျွန်ုပ်ကလည်း လိုက်၍ ဆွေးနွေးရပြန်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

"ပြင်းပြင်းထန်ထန်ဆိုရတာက ဌာန်,ကရိုဏ်း* ကျအောင်လို့ ဆိုရတာပါ။ ရှင်ပြုတဲ့ကိစ္စမှာ သရဏဂုံ ပီဖို့အချက်ဟာ အရေးကြီးဆုံးပဲ။ သရဏဂုံမပီရင် မဖြစ်ဘူး။ ဒါကြောင့် ရှင်မပြုခင် တစ်လလောက်က ဘုန်းကြီးကျောင်းသွားပြီး သရဏဂုံမှာ ပီပီသသ ဌာန်,ကရိုဏ်းကျအောင် ဆိုတတ်ဖို့ လေ့ကျင့်ထားရတယ်"

"ဟုတ်တယ်ဆရာ။ ကျွန်တော် ရှင်ပြုတုန်းက ၁၅ ရက် အရက် ၂၀ လောက် ဘုန်းကြီးကျောင်းသွားနေပြီး သင်္ကန်းတောင်းတို့, ပုတီးစိပ်တို့ ကျက်ရတယ်။ ပြီးတော့ 'ရှင်ကျင့်ဝတ်' ဆိုလား၊ သင်္ကန်းကို ဘယ်လိုဝတ်ရတယ်။ ဆွမ်းစားရင် ဘယ်လိုစားရတယ်ဆိုတဲ့ စာတွေကို ဖတ်ရတယ်။ ညကျရင် ဘုန်းကြီးဆီသွားပြီး 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဆိုတဲ့ သရဏဂုံကို ဘုန်းကြီးဆိုသလို တူအောင် လိုက်ဆိုရတာပဲ"

"ဒေါနှင့်မောနှင့် ဆိုကြတာကတော့ အရေးကြီးတဲ့ကိစ္စဖြစ်လို့ သိပ်ပြီး ဂရုစိုက် ဆိုတဲ့အတွက် ဒေါနှင့်မောနှင့်ဆိုသလို ဖြစ်နေတာပါ။ အရေးကြီးတဲ့ကိစ္စကို ဆောင်ရွက်တဲ့အခါမှာ ဒီလိုပဲ တိကျသည်ထက် တိကျအောင် ပိုပြီး ဂရုစိုက်ရပါတယ်။ ဥပမာတစ်ခု ပြောမယ်။ ဘာသာခြား, လူမျိုးခြားတစ်ယောက်က ဗုဒ္ဓဘာသာအဖြစ် ခံယူချင်တယ်ဆိုရင် ဘုရားရှေ့မှာဖြစ်စေ၊ သို့မဟုတ် ဘုန်းကြီးရှေ့မှာဖြစ်စေ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, ဓမ္မံ သရဏံ ဂစ္ဆာမိ, သံဃံ သရဏံ ဂစ္ဆာမိ' ဆိုတဲ့ သရဏဂုံ ၃ ပုဒ်ကို ပါဠိလိုဖြစ်ဖြစ်၊ 'ဘုရားကို ကိုးကွယ်ပါ၏။ တရားကို ကိုးကွယ်ပါ၏။ သံဃာကို ကိုးကွယ်ပါ၏။' လို့ မြန်မာလိုပဲဖြစ်ဖြစ် ဆိုခိုင်းရတယ်။ မြန်မာလိုဆိုတဲ့အခါ လူမျိုးခြားက မပီလို့ 'ဗယားကို ခိုးကွယ်ပါ၏။ တရားကို ခိုးကွယ်ပါ၏။ တံဂါကို ခိုးကွယ်ပါ၏။' လို့ဆိုနေရင် ဗယားလို့ မဆိုရဘူး။ ဘုရား (ဖယား)လို့ ဆိုရတယ်။ ခိုးကွယ် မဟုတ်ဘူး။ ကိုးကွယ်လို့ ဆိုရတယ်။ တံဂါမဟုတ်ဘူး။ သံဃာလို့ ဆိုရတယ်။' ဆိုပြီး တတ်နိုင်သမျှ ပီအောင် သင်ပေးရမှာပဲ မဟုတ်လား"

"ဟုတ်ကဲ့။ သင်ပေးရမှာပဲ"

* ဌာန် = အက္ခရာအသံဖြစ်ရာအရပ်
ကရိုဏ်း = အက္ခရာတို့၏ဖြစ်ကြောင်းဖြစ်သော လျှာလယ်,လျှာဖျားစသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဥာန်၊ကရိဏ်းမကျဘဲ အက္ခရာမပီသရင် အဓိပ္ပာယ်တစ်မျိုး ဖြစ်သွားနိုင်တယ်။ ဒါကြောင့် ဥာန်၊ကရိဏ်းကျကျနှင့် ပီပီသသဖြစ်အောင် ဂရုစိုက်ရတာ။ မောင်လူသစ်ကို တစ်ခုမေးချင်တယ်။ ဘာသာခြားတစ်ယောက် ဗုဒ္ဓဘာသာဖြစ်လာတော့ သူ့မှာ ဘာအခွင့်အရေးများရသလဲ"

မောင်လူသစ်က အနည်းငယ် စဉ်းစားပြီး "အခွင့်အရေး အထူးရမယ်လို့တော့ မထင်ဘူးဆရာ။ ဗုဒ္ဓဘာသာတစ်ယောက်အဖြစ်နှင့် ဘုရားသွားကျောင်းတက် လုပ်နိုင်တာလောက်ပဲ ရှိမှာပေါ့။"ဟု ဖြေလေသည်။

"ဟုတ်ပါတယ်။ ကဲ-သူငယ်ကလေးကို ရှင်းပြုလိုက်လို့ ရှင်သာမဏေဖြစ်လာတော့ ဘယ်လိုအခွင့်အရေးတွေ ရလာတယ်ဆိုတာ စဉ်းစားမိရဲ့လား။"

"ဟုတ်ကဲ့။ ရှင်သာမဏေဖြစ်လာရင်တော့ ချက်ချင်း လက်တွေ့အားဖြင့် လူကြီးတွေရဲ့ ရှိခိုးခံနိုင်တယ်။ ကောင်းကောင်းမွန်မွန် ချက်ကျွေးတဲ့ဆွမ်းကို စားရတယ်။"

"ဟုတ်တယ်။ ရှင်သာမဏေဖြစ်သွားရင် သာသနာတွင်းသား ဘုရားသားတော် ဖြစ်သွားတဲ့အတွက် လူတွေရဲ့အပူဇော်ကို ခံရတယ်။ လှူဒါန်းတာကို ခံရတယ်။ ဒီတော့ ဘာသာခြားတစ်ယောက် ဘာအခွင့်အရေးမှမရတဲ့ ဗုဒ္ဓဘာသာထဲ ဝင်တဲ့ကိစ္စမှာပင် 'ဗယား ခိုးကွယ်ပါ၏။'လို့ဆိုရင်၊ 'ဒီလို မဆိုရဘူး။ ဘုရားကိုးကွယ်ပါ၏လို့ ဆိုရတယ်ဆိုပြီး ပီပီသသဖြစ်အောင် သင်ပေးရမယ်ဆိုတော့ အင်မတန် အဆင့်အတန်းမြင့်ပြီး အခွင့်အရေးအများကြီးရှိတဲ့ ရှင်သာမဏေဖြစ်ဖို့ ကိစ္စမှာ ဥာန်၊ကရိဏ်းကျကျနှင့် ပီပီသသဖြစ်အောင် သိပ်ပြီး ဂရုစိုက်ဆိုတာဟာ မမှားဘူးလို့ ဆိုမယ် မဟုတ်လား။ ဒါကြောင့်လည်း ဘုန်းတော်ကြီးတွေဟာ ရှင်ပြုတဲ့ကိစ္စမှာ သရဏဂုံ ပီပီသသ ဆိုဖို့ကို အထူးဂရုစိုက်ကြခြင်း ဖြစ်တယ်။ ဒါက သူတို့နှင့်ဆိုင်တဲ့ကိစ္စကို။ မဏ္ဍာပ်ထိုးပြီး လှူတာကတော့ အလှူရှင်နှင့်ဆိုင်တဲ့ကိစ္စ ဖြစ်ပါတယ်။ အခုပြောသလို 'သရဏဂုံပြီးရင် ရှင်ဖြစ်တာပဲ။'ဆိုပြီး ကန်တော့ပွဲတစ်ပွဲနှင့် ဘုန်းကြီးကျောင်းသွားပြီး ရှင်ပြုရင် ဖြစ်တာပါပဲ့။ ဒါပေမယ့် ကိုယ့်ရင်သွေး ကိုယ်မွေးထုတ်ထားတဲ့သားကလေးအတွက် တစ်သက်တစ်ခါ ဘာသာရေးနှင့်ဆိုင်တဲ့ မင်္ဂလာပွဲကြီးလုပ်တာ ဖြစ်လေတော့ ဆွေမျိုးမိတ်သင်္ဂဟတွေ ဖိတ်

mgyoe.com SAMPLE BOOK

ကြားပြီး တတ်နိုင်သမျှ ခမ်းခမ်းနားနားလုပ်ချင်ကြတာပဲ။''

''ဒီလိုဆိုရင်လည်း ဆရာ၊ တော်ရုံသင့်ရုံလောက် လုပ်ရောပေါ့။ အခုခေတ် လုပ်နေကြတာက အထူးအားဖြင့် မြို့ကြီးတွေမှာဆိုရင် တကယ့်အကျိုးရှိတဲ့ အလှူဘက်မှာတော့ တော်ရုံတန်ရုံလောက်လုပ်ပြီး မဏ္ဍပ်ကြီးထိုးတာကိုသာ အသားယူနေကြတယ်။ ဒါဟာ အခုခေတ်နှင့်လည်း မဆီလျော်ဘူး။''

''မဏ္ဍပ်ကြီးထိုးတယ်ဆိုတာကို ဂုဏ်ယူပြီးလှူတာမျိုး ကျုပ်တို့လည်း သဘောမကျပါဘူး။ လှူဒါန်းကျွေးမွေးတာကို တော်ရုံလောက် သဘောထားပြီး မဏ္ဍပ်ကို အသားယူ အလှူလုပ်တယ်ဆိုတာ အခုခေတ်နှင့်သာ မဟုတ်ပါဘူး။ ဘယ်ခေတ်နှင့်မှ မဆီလျော်ပါဘူး။ အခုပြောနေတာဟာလည်း မဏ္ဍပ်ကြီးကြီး ကျယ်ကျယ်လုပ်တာကို ထောက်ခံအားပေးတဲ့သဘောနှင့် ပြောတာမဟုတ်ပါဘူး။ အစဉ်အလာက မြန်မာတွေ ရှင်ပြုအလှူလုပ်တဲ့အခါ မဏ္ဍပ်ကြီးထိုးပြီး လှူကြတာဟာ ဘယ်လိုရည်ရွယ်ချက်ရှိတယ်ဆိုတာကို ဆွေးနွေးခြင်းသာ ဖြစ်ပါတယ်။''

''ရှေးကလူကြီးတွေ အစဉ်အလာ လုပ်တဲ့အလုပ်တွေဟာ ကျုပ်တို့ကသာ မတွေးမိလို့ သူတို့ကတော့ သူတို့ရည်ရွယ်ချက်နှင့် သူတို့ အဓိပ္ပာယ်ရှိရှိ စီမံပြီး လုပ်လာကြတာ ဖြစ်မယ်။ အခု ဒီရှင်ပြုအလှူလုပ်တဲ့ ကိစ္စမှာပဲ စဉ်းစားမယ်ဆိုရင် မဏ္ဍပ်ကို ဝေဝေဆာဆာ ပြင်ကြဆင်ကြတာဟာလည်း အလှူလာတဲ့ပရိသတ် တွေ စိတ်နှလုံးကြည်လင်အောင် ဖန်တီးပေးတဲ့သဘော ဖြစ်လိမ့်မယ်လို့ စဉ်းစား နိုင်တယ်။ အလှူရှင်များကိုယ်တိုင်ရော ကြွလာတဲ့ပရိသတ်တွေပါ စိတ်နှလုံး ကြည်ကြည်လင်လင်နှင့် တရား အတူနာ ရေစက်ချ အမျှဝေတော့ ပရိသတ်က ကြည်လင်ရွှင်လန်းတဲ့စိတ်နှင့် သာဓုခေါ်။ အဲဒီလိုဆိုတော့ အလှူရှင်မှာ အင်မတန် ကို နှစ်သက်ကျေနပ်ပြီး ပီတိတွေ ဖြစ်တာပေါ့။''

''အခု ဆရာပြောသလို စဉ်းစားရင်တော့ အပြစ်မဆိုသာပါဘူး။ ခုခေတ် လူတွေကတော့ ဒီလိုစဉ်းစားပြီး လုပ်တာ ဟုတ်မယ်မထင်ဘူး။''

''ရှေးကလူကြီးတွေကတော့ သူတို့အဓိပ္ပာယ်နှင့်သူတို့ အဓိပ္ပာယ်ရှိရှိ စီမံ ခဲ့ကြတာပဲ။ နောက်လူတွေက အဲဒါကို မသိတော့ တချို့ကလည်း ဝေဖန်။ တချို့ကလည်း 'အလှူလုပ်ရင် ပကာသနလည်း ပါသင့်သလောက် ပါရတာပဲ။



mgyoe.com

mgyoe.com SAMPLE BOOK

' ဆိုသူဆိုနှင့် ဖြစ်ကုန်ကြတာပေါ့။ နောက်တစ်ခု စဉ်းစားစရာ ရှိသေးတယ်။ လူများသေခါနီးကျရင် ကံ ကမ္မနိမိတ်၊ ဂတိနိမိတ် ထင်တယ်ဆိုတာ မောင်လူသစ် ကြားဖူးတယ် မဟုတ်လား"

"လူမည်းမည်းကြီး လာခေါ်တယ်။ နတ်သမီးလေးတွေ မြင်ရတယ်ဆို တာလား ဆရာ"

"ဟုတ်ပါတယ်"

"ဒါက သေခါနီးလို့ ကယောင်ကတမ်းပြောတာ မဟုတ်လားဆရာ"

"အရပ်ပြောကတော့ ကယောင်ကတမ်းပြောတယ်လို့ ဆိုကြတာပဲ။ ကျမ်းဂန်ကတော့ သူပြုခဲ့တဲ့ကုသိုလ်ကံ၊ အကုသိုလ်ကံနှင့် အဲဒီကံပြုတုန်းက ပါတဲ့ပစ္စည်းဝတ္ထုတွေ၊ ပြီးတော့ သေပြီးနောက် လားရမယ့်ဘဝ၏ အရိပ်အယောင် တွေ ထင်တာလို့ ဆိုပါတယ်။ ကုသိုလ်ပြုတုန်းကပါတဲ့ ပစ္စည်းဝတ္ထု အရိပ်အယောင် တွေထင်တာကို 'ကမ္မနိမိတ်'လို့ ဆိုပါတယ်။ တချို့လည်း လှူတုန်းကပါတဲ့ အသံတွေ၊ အနံ့တွေကို ကြားယောင်၊ နံယောင် ဖြစ်လာတတ်တယ်လို့ ဆိုပါတယ်။ ဒီတော့ အလှူမဏ္ဍပ်ကို ဝေဝေဆာဆာဖြစ်အောင် ပြင်ဆင်တာတို့၊ တချို့ပန်းတွေ အမွှေးအကြိုင်တွေပါ ထိုးထားတာတို့၊ ကြေးစည်ထုတာတို့၊ ပြောတီးတာတို့ဟာ သေခါနီးကျရင် တစ်ခုမဟုတ်တစ်ခု အာရုံနိမိတ် ထင်လာအောင် လုပ်တာဖြစ်တယ် လို့ စဉ်းစားနိုင်တယ်။"

"အခု ဆရာပြောတဲ့အချက်တွေဟာ စဉ်းစားစရာပဲ။ ဒါပေမယ့် အခု လူတွေကတော့ ဒါတွေကို သိကြတော့မယ် မထင်ဘူး။"

"ဟုတ်ပါတယ်။ ရှေးကလူကြီးတွေရဲ့ ရည်ရွယ်ချက်အဓိပ္ပာယ်ကို သိတဲ့ လူ တော်တော်နည်းပါတယ်။ မသိတော့ ဒါတွေကို အပိုအလုပ်တွေလို့ ထင်တတ် တယ်။ တကယ်တော့ ကျုပ်တို့ မတွေးမိလို့သာ ဖြစ်မယ်။ သူတို့မှာတော့ သူတို့ ရည်ရွယ်ချက်နှင့် သူတို့အဓိပ္ပာယ် ရှိနေမှာပဲ။ ပြောလက်စနှင့် ဆက်ပြီးပြောရမယ် ဆိုရင် သားကို ရှင်ပြုတဲ့ကိစ္စပင် ကျုပ်တို့ ထင်သလို ဘာသာရေးအရ မိမိသားကို သာသနာတော်ဝန်ထမ်း ဖြစ်ဖူးအောင်၊ မိမိလည်း ကုသိုလ်ရအောင်' ဆိုတဲ့ ရည်ရွယ် ချက်လောက်ဟာ ဟုတ်ချင်မှဟုတ်မယ်။"


mgyoe.com

mgyoe.com SAMPLE BOOK

"ပြောပါဦးဆရာ။ တခြား ဘယ်လိုရည်ရွယ်ချက် ရှိသေးလို့လဲ။"

"ရှင်ပြုတော့ 'ပဋိသင်္ခါယောနိသော'ဆိုတဲ့ ပုတီးစိပ်တွေ ကျက်ရတယ် မဟုတ်လား။ ခုတင်ကပဲ မောင်လူသစ် ပြောတဲ့အထဲမှာ ပါသေးတယ်။"

"ဟုတ်ကဲ့။ ဒါက ကိုရင်ဖြစ်တဲ့အခါ ပုတီးစိပ်ရတဲ့စာတွေ မဟုတ်လား။"

"ဟုတ်ပါတယ်။ ပုတီးစိပ်တယ်ဆိုတာ ဆင်ခြင်ရတာကို ဆိုတာပါ။ သင်္ကန်းဝတ်တဲ့အခါ 'ဒီသင်္ကန်းကိုဝတ်တာဟာ လှချင်ပချင်လို့ ဝတ်တာ မဟုတ်ပါဘူး။ အပူကို ကာကွယ်ဖို့၊ အအေးဒဏ်ကို ခံနိုင်ဖို့၊ အရှက်အကြောက်လုံဖို့ ဝတ်တာပါ။'ဆိုပြီး ဆင်ခြင်ရတယ်။ ဒီဆွမ်းစားတဲ့အခါလည်း 'ဆွမ်းကိုစားတာဟာ ဖိမ်ခံဖို့အတွက် အဆီအသားများအောင် စားတာမဟုတ်ပါဘူး။ ဖြစ်ပြီးသား ရောဂါဝေဒနာကို ပယ်ဖျောက်ဖို့၊ မဖြစ်သေးတဲ့ ရောဂါဝေဒနာမဖြစ်အောင် ကာကွယ်ဖို့၊ သာသနာတော်အလုပ်ကို ဆောင်ရွက်နိုင်အောင် အားအင်တောင့် တင်းဖို့ စားတာ ဖြစ်ပါတယ်။'ဆိုပြီး ဆင်ခြင်ရတယ်။ ဒီလိုဆင်ခြင်ပြီး စားမှလည်း တာဝန်ကျေပွန် တယ်။

"မောင်လူသစ် စဉ်းစားကြည့်စမ်းပါ။ အဲဒီအသိနှင့် အဲဒီအလေ့အကျင့် ကလေး ရလိုက်တာဟာ ဒီအရွယ်သူငယ်ကလေးအတွက် ဘယ်လောက် အဖိုးတန် သလဲ။ ဒါတွင် မဟုတ်သေးဘူး။ မောင်လူသစ်ဖတ်ခဲ့ရတဲ့ ရှင်ကျင့်ဝတ်တွေထဲမှာ 'ရွာထဲသွားတဲ့အခါ သင်္ကန်းကို သေသေသပ်သပ် ဝတ်ရုံသွားရမယ်။ ဖိုသီဖတ်သီ မသွားရဘူး။ ခြေဖျားထောက်ပြီး ဆောင့်ကြွားကြွားမသွားရဘူး။ လက်ကို လှုပ်ယမ်းပြီး မသွားရဘူး။ ကျယ်ကျယ်လောင်လောင် စကားမပြောရဘူး။ ကျယ် ကျယ်လောင်လောင် မရယ်ရဘူး။'ဆိုတာတွေ၊ 'ဆွမ်းစားတဲ့အခါ သပ်သပ်ရပ်ရပ် စားရမယ် စသည်ဖြင့် စားသောက်ရေးနှင့်ဆိုင်တဲ့ စည်းကမ်းတွေ၊ 'ဧည့်သည် အာဂန္တုလာရင် ဘယ်လိုဆောင်ရွက်ပြုစုရမယ်။ ကိုယ်က ဧည့်သည်အဖြစ်နှင့် သူများဆီကိုသွားရင် ဘယ်လိုလိုက်နာရမယ်။'ဆိုတာတွေ ကုန်ကုန်ပြောရရင် 'အိမ်သာတက်တာကအစ ဘယ်လိုတက်ရမယ်။'ဆိုတာတွေအထိ ပါတယ်။

"ရှင်ပြုပြီး တစ်ဝါတွင်းလောက် အဲဒီစည်းကမ်းတွေ၊ ကျင့်ဝတ်တွေအတိုင်း နေထိုင်လိုက်ရင် တစ်သက်လုံး စည်းကမ်းသေဝပ်စွာ နေတတ်စားတတ်ဖို့၊သိက္ခာရှိရှိ


mgyoe.com

mgyoe.com SAMPLE BOOK

နေတတ်ထိုင်တတ်ဖို့ အခြေခံကောင်းကောင်းကြီး ရသွားတာပဲ။ ဒါကြောင့် ရှေးက ရှင်ပြုတယ်ဆိုရင် အနည်းဆုံး တစ်ဝါလောက်တော့ နေကြတာပဲ။ ကိုရင်ဝတ်နှင့် တစ်ဝါတွင်းလောက် အဲဒီအလေ့အကျင့်တွေ ရလာတယ်ဆိုရင် လူထွက်လာတဲ့အခါ ဒီသူငယ်ဟာ ထောင့်မကျိုး အပိုးမသေတဲ့ ဆောင့်ကြွားကြွားကလေး မဖြစ်တော့ဘူး။ စည်းနှင့်ကမ်းနှင့် သေသေသပ်သပ် နေတတ် စားတတ်သူ၊ သိက္ခာရှိရှိ နေတတ်ထိုင်တတ်သူမျိုးသာ ဖြစ်လာမယ်။ သားကို ရှင်ပြုပေးတာဟာ 'သားကလေး သာသနာ့ဝန်ထမ်းဖြစ်ဖို့၊ ကိုယ် ကုသိုလ်ရဖို့' ဆိုတဲ့ ရည်ရွယ်ချက်အပြင် အခုပြောတဲ့အတိုင်း 'ကိုယ့်သားလေး တစ်သက်လုံး စည်းကမ်းရှိရှိ သိက္ခာရှိရှိနှင့် လူတစ်လုံးသူတစ်လုံး ဖြစ်သွားအောင်' ဆိုတဲ့ ရည်ရွယ်ချက်လည်း ပါလိမ့်မယ်လို့ စဉ်းစားနိုင်တယ်။"

မောင်လူသစ်မှာ ကျွန်ုပ်ပြောသည်ကို စိတ်ဝင်စားနေပုံရသည်။ ကျွန်ုပ်ကလည်း ကိုယ့်ယူဆချက်ကို ကိုယ်သဘောကျနေသဖြင့် ဆက်ကာ ဆက်ကာ ပြောနေမိသည်။ ကျွန်ုပ် စကားဖြတ်လိုက်သောအခါ မောင်လူသစ်က–

"ဆရာတွေးပုံတွေဟာ စိတ်ဝင်စားဖို့ တော်တော်ကောင်းတယ်ဆရာ။ ဒါပေမယ့် အခုခေတ်မှာ ရှင်ပြုကြတာက ၃–၄ ရက်လောက် ဘုန်းကြီးဆီသွားပြီး သရဏဂုံသင်၊ ရှင်ပြုပြီး ၇ ရက်ကြာ ထွက် ဆိုတော့ အခု ဆရာပြောတဲ့ကျင့်ဝတ်တွေ ဘာတစ်ခုမျှ မသိကြတော့ဘူး။"

"ဟုတ်ပါတယ်။ အခုခေတ် ရှင်ပြုကြတာကတော့ လုပ်ရိုးလုပ်စဉ်အနေနှင့် ကျောင်းပိတ်တဲ့ရက်ကလေးမှာ ဝတ်ကျေတန်းကျေ လုပ်ကြတာ များပါတယ်။ အခုခေတ်တစ်လျှောက် ကိုရင်ဝတ်နှင့် တစ်ဝါဆိုဖို့ကတော့ မဖြစ်နိုင်ဘူး ထားပါ။ သို့ပေမယ့် မောင်လူသစ် ရှင်ပြုတုန်းကလို ကျောင်းပိတ်တဲ့အခါ တစ်လလောက် ဂရုစိုက်ပြီးသင်ကြားပေးတဲ့ ဘုန်းကြီးကျောင်းမှာ ရှင်ပြုပြီးနေရရင် အတော်အသင့်တော့ နားလည်မှာပါပဲ။"

"သားရှင်ပြုတယ်ဆိုတာ မိဘလုပ်သူတွေမှာ ရှိစုမဲ့စုကလေး အကုန်ပုံပြီး လှူကြရတာ ဖြစ်ပါတယ်။ ဒီတော့ ဘာသာရေးအရ မိမိသားကလေး သာသနာ့ဝန်ထမ်းဖြစ်အောင်ဆိုတဲ့ ရည်ရွယ်ချက်အတိုင်း ဘုမသိဘမသိနှင့် ၄–၅–၇ ရက်


mgyoe.com

mgyoe.com SAMPLE BOOK

သက်န်းဝတ်တာကလေးလောက်နှင့် ကျေနပ်မနေဘဲ တကယ့်သာသနာ၏အရသာကို မသိနှင့်ဦးတော့၊ စည်းကမ်းရှိရှိ သိက္ခာရှိရှိ လူတစ်လုံးသူတစ်လုံး ဖြစ်လာအောင် တစ်လလောက်တော့ နေစေသင့်တယ်။ ဒါမှလည်း 'အဝတ်ဝတ်တာ အပူအအေး ခံနိုင်ဖို့၊ အရှက်အကြောက်လုံဖို့ ဝတ်တာ။ ထမင်းစားတာလည်း ကျန်းမာရေးနှင့်ပြည့်စုံဖို့၊ အလုပ်လုပ်နိုင်အောင် အားအင်ဖြည့်ဖို့အတွက် စားတာ။' ဆိုတဲ့ အသိကလေးတွေ ရလာမယ်။ အနေအထိုင်အပြောအဆိုမှာလည်း စည်းကမ်းသေသေဝပ်ဝပ်နှင့် သိက္ခာရှိရှိ နေတတ်ထိုင်တတ်လာမယ်။ ဒီလိုဖြစ်လာရင် မိဘဖြစ်သူတွေဟာ သားအတွက် အတော်ကြီး စိတ်အေးရမယ်။''

ကျွန်ုပ်က ဤသို့ပြောလိုက်သောအခါ မောင်လူသစ်က

''ဟုတ်တယ်ဆရာ။ အခုပြောသလိုသာ ရှင်ပြုမယ်ဆိုရင်တော့ ခုခေတ်မြို့ကြီးတွေမှာ မိဘတွေခေါင်းကိုက်နေတဲ့ လမ်းသရဲပြဿနာလည်း တော်တော်အေးသွားမယ်ထင်တယ်။''ဟု ဆိုလေသည်။

○


mgyoe.com

mgyoe.com SAMPLE BOOK

# ရှင်ပြုပွဲနှင့် ရှင်ဥပဂုတ်

ယခုတစ်ခေါက် လာခြင်းမှာ အလှူတစ်ခုခုအပြန်တွင် ဝင်လာခြင်းမဟုတ်ဘဲ အိမ်ကပင် တမင်တကာလာခြင်း ဖြစ်သည်။ မောင်လူသစ်သည် ကျွန်တော့်အိမ်သို့ မကြာမကြာ လာတတ်သည်။ လာလျှင်လည်း ဆွေးနွေးစရာအချက်ကလေးတစ်ခုခု ပါလာတတ်သည်။ ဆွေးနွေးလက်စ မရှိသောအခါ၌ပင် ဆွေးနွေးစရာကလေး ၁-ခု-၂ ခု ပါလာတတ်သည်ဖြစ်ရာ၊ ရှင်ပြုအလှူအကြောင်း ဆွေးနွေးလက်စ ရှိထားသဖြင့်၊ 'ယနေ့ မောင်လူသစ်လာခြင်းမှာ ရှင်ပြုအလှူတွင်ပါသည့် အကြောင်း အချက်တစ်ခုခုကို ဆက်၍ ဆွေးနွေးလိုသောကြောင့်ဖြစ်မည်။-ဟု ကျွန်ုပ် သိထား ပြီးဖြစ်သည်။

ထင်သည့်အတိုင်းပင် မောင်လူသစ်သည် ကော်ဖီပန်းကန် တစ်ဝက်မကျ မီပင် စကား စလေသည်။

“ရှင်ပြုအလှူနှင့်စပ်ပြီး အရင့်တစ်ပတ်က ဆွေးနွေးခဲ့တာတွေကို အတော် သဘောပေါက်တယ်ဆရာ။ ကိုရင်ဝတ်တုန်းက ဆိုခဲ့ရတဲ့ ပုတီးစိပ်တွေကို ဟိုတုန်း ကတော့ ဒါလောက် အဖိုးတန်မှန်း မသိဘူး။ အခု ဆရာနှင့် ဆွေးနွေးလို့ ပြန် တွေးကြည့်တော့မှ 'ဒါတွေဟာ စားဝတ်နေရေးနှင့်ပတ်သက်ပြီး ဘယ်လို သဘော ထားရမယ်။' ဆိုတဲ့ အလွန်အဖိုးတန်တဲ့ သဘောတရားရေးတွေဆိုတာ သိလာရ တယ်။ ပြီးတော့ ရှင်ကျင့်ဝတ်စာတွေ ဆိုတာလည်း မြန်မာတို့၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေးမှုအတွက် မူလဘူတ အလွန်အခြေခံကျတဲ့ သွန်သင်ချက် တွေပဲလို့ ထင်တယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက 'ထမင်းစားတဲ့အခါ ဘယ်လို စားရမယ်။ ပုဆိုးဝတ်တဲ့အခါ ဘယ်လိုဝတ်ရမယ်။' ဆိုပြီး မိဘတွေက သင်ကြားတဲ့



mgyoe.com

mgyoe.com SAMPLE BOOK
သွန်သင်ချက်တွေဟာ အဲဒီရှင်ကျင့်ဝတ်စာက စပြီးလာတဲ့ သွန်သင်ချက်တွေ ဖြစ်မှာပဲ"

"မြန်မာတို့၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်ထားသဘောထားနှင့် စပ်တဲ့ ယဉ်ကျေးမှုဟာ ဘာသာရေးကိုအခြေခံတာ များပါတယ်။ ဒါကြောင့် မိဘများက သားသမီးကို သွန်သင်ဆုံးမတဲ့ အခြေခံယဉ်ကျေးမှု ဆုံးမချက်တွေ ထဲမှာ အတော်များများဟာ ရှင်ကျင့်ဝတ်က စကားတွေလို့ ပြောနိုင်ပါတယ်။ ရှေးကတော့ မြန်မာတွေဟာ စာသင်ဖို့ ကျောင်းနေတာကို ဘုန်းကြီးကျောင်းမှာ နေရတာပါ။ သင်ပုန်းကြီးကုန်လို့ စာဖတ်တတ်လျှင် မင်္ဂလသုတ်တို့၊ သိင်္ဂါလောဝါဒသုတ်တို့၊ ပရိတ်ကြီးတို့၊ ဇာတ်ကြီး ၁၀ ဘွဲ့တို့ကို သင်ရတယ်။ နောက် ရှင်ပြုတဲ့အခါမှာလည်း အနည်းဆုံး တစ်ဝါလောက် ကိုရင်ဝတ်နှင့်နေပြီး ရှင်ကျင့်ဝတ်တွေ သင်ရတယ်။ ဒီတော့ ကျောင်းက ထွက်သွားတဲ့အခါ လူ့လောကမှာ နေထိုင်ဖို့အတွက် အခြေခံစည်းကမ်းကျင့်ဝတ်တွေ အကုန်ရသွားတော့တာပေါ့။"

"သားယောက်ျားလေးရလျှင် 'ရှင်ပြုရတော့မှာပဲ' ဆိုပြီး မိဘတိုင်းပဲ ဝမ်းသာနေကြတာဟာ အရင်တစ်ပတ်က ဆရာပြောခဲ့တဲ့အတိုင်းပဲ သာသနာ့အမွေခံဖြစ်ရတဲ့ အကျိုးတစ်ခုတည်းကြောင့် ဟုတ်ချင်မှဟုတ်မယ်။ သာမန်အားဖြင့် စဉ်းစားလျှင်တော့ သာသနာ့အမွေ ခံရတော့မှာပဲ ဆိုပြီး ဝမ်းသာနေကြတာ ဖြစ်တယ်လို့ ထင်စရာပဲ။ ဒါပေမယ့် သေသေချာချာစဉ်းစားကြည့်လျှင် 'သာသနာ့အမွေခံဖြစ်တဲ့ အကျိုးကျေးဇူးတစ်မျိုးတည်းသာ ရှိပြီး ဒီသားအတွက် လူ့လောကမှာ အသုံးဝင်မယ့် အကျိုးကျေးဇူး ဘာတစ်ခုမျှ မရှိဘူးဆိုလျှင် ဒါလောက် ဝမ်းသာအားရဖြစ်နေမယ် မထင်ဘူး။"

အရင်တစ်ပတ်က ကျွန်ုပ်တို့ဆွေးနွေးချက်ကို မောင်လူသစ် အတော်သဘောကျနေပုံ ရသည်။ ကျွန်ုပ်၏ဆွေးနွေးချက်မှာ ကျွန်ုပ်၏ တွေးခေါ်မြော်မြင်ချက်သာဖြစ်သဖြင့် ထိုအချက်ကို မောင်လူသစ်လို ခေတ်လူငယ်တစ်ယောက်က လက်ခံသဘောကျကြောင်းကို သိရသဖြင့် ကျေနပ်မိသည်။

"လူမျိုးတိုင်းလူမျိုးတိုင်းမှာ သူတို့ကိုယ်တိုင် သိသည်ဖြစ်စေ၊ မသိသည် ဖြစ်စေ၊ 'မျိုးချစ်စိတ်' ဆိုတာ ရှိနေသလိုပဲ။ လူတိုင်းလူတိုင်းမှာ သူတို့ကိုယ်တိုင်


mgyoe.com

mgyoe.com SAMPLE BOOK

သိသည်ဖြစ်စေ,မသိသည်ဖြစ်စေ 'မျိုးဆက်စိတ်' ဆိုတာရှိနေတာပဲ မောင်လူသစ်။"

ကျွန်ုပ် စကားပြော အနည်းငယ်ရပ်သွားသဖြင့် မောင်လူသစ်က

"မျိုးဆက်စိတ်။ ဟုတ်လားဆရာ။ 'မျိုးဆက်စိတ်'ဆိုတာ ဘယ်လိုစိတ်လဲ။" ဟု ဖြတ်၍မေးလေသည်။

"လူတွေဟာ 'မိဘမှ သားသမီး-မိဘမှ သားသမီး' ဆိုပြီး အစဉ်အဆက်ဖြစ်နေတဲ့ လူမျိုးဆက်ကြီးထဲမှာ ပါနေကြတာပဲ မဟုတ်ဘား။ ဒီတော့ ကိုယ်နှင့်ဆိုင်တဲ့ လူမျိုးဆက်ကြီးဟာ အစဉ်တစိုက် ပုံမပျက်ပန်းမပျက်ဘဲ ဖြစ်နေအောင်လုပ်ဖို့ တာဝန်ရှိနေတယ်။ အဲဒီတာဝန်နှင့်ဆိုင်တဲ့ စိတ်ကို 'မျိုးဆက်စိတ်'လို့ပြောလိုက်တာပါ။ လူတိုင်း လူတိုင်းမှာ သူကိုယ်တိုင် သိသည်ဖြစ်စေ, မသိသည်ဖြစ်စေ၊ အခုပြောတဲ့ သူနှင့်ဆိုင်တဲ့ လူမျိုးဆက်ကြီး ပုံမပျက်ပန်းမပျက် ဖြစ်နေစေချင်တဲ့ စိတ်ကတော့ ရှိနေတာပဲ။ အဲဒီစိတ်ကြောင့်ပဲ ဘိုးဘွားမိဘက ဆင်းသက်လာတဲ့ မျိုးရိုးဆိုင်ရာ ယဉ်ကျေးမှုပုံသဏ္ဍာန်တွေကို မိမိတို့ သားစဉ်မြေးဆက်အထိ ပါသွားအောင် တတ်နိုင်သမျှ လုပ်ဆောင်တတ်ကြတယ်။ ဘာသာရေးနှင့်ဆိုင်တဲ့ ယဉ်ကျေးမှုတွေ မပေါ်သေးခင်ကလည်း သူ့နည်းနှင့်သူ လုပ်ဆောင်မှုတွေ အထိုက်အလျောက်ရှိမှာပဲ။ ဘာသာရေးနှင့်ဆိုင်တဲ့ ယဉ်ကျေးမှုတွေ ပေါ်လာတော့ မိမိတို့ ယုံကြည်တဲ့ ဘာသာရေးယဉ်ကျေးမှုတွေနှင့် လုပ်ဆောင်ကြလိမ့်မယ်လို့ ယူဆနိုင်တယ်။ သားကို ရှင်ပြုပေးတာဟာ 'သာသနာ့အမွေခံ ဖြစ်စေချင်လို့ ပြုပေးတာ'လို့ ဆိုပေမယ့်၊ အခုပြောတဲ့ ကိုယ်နှင့်ဆိုင်တဲ့ လူမျိုးဆက် ပုံမပျက်ပန်းမပျက် ဆက်လက်သွားစေချင်တဲ့ မျိုးဆက်စိတ်လည်း မသိမသာပါလိမ့်မယ်လို့ ယူဆနိုင်ပါတယ်။ သို့ပေမယ့် ဒီသဘောကို မိဘဖြစ်သူကိုယ်တိုင်က တွေးမိချင်မှ တွေးမိမယ်။"

ကျွန်ုပ်၏စကားများမှာ အတွေးအခေါ်ဆန်လွန်းနေသော်လည်း မောင်လူသစ်က တစ်စုံတစ်ရာ မဝေဖန်ဘဲ "ဟုတ်တယ်ဆရာ။ တွေးနိုင်တယ်။"ဟူ၍ပင် ထောက်ခံလိုက်သေးသည်။ ထို့နောက် လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ငှဲ့ရင်း

"ရှင်လောင်းလှည့်တဲ့အကြောင်းကို ဆွေးနွေးချင်တယ်ဆရာ။ ရှင်ပြုတဲ့အခါ 'ရှင်လောင်းလှည့်တာဟာ ဘာအဓိပ္ပာယ်လဲ။ ဘယ်လို ရည်ရွယ်ချက်နှင့်


mgyoe.com

mgyoe.com SAMPLE BOOK

လုပ်ကြတာလဲ။'ဆိုတာ သိချင်တယ်။''ဟု ဆိုလေသည်။

''ရှင်ပြုတဲ့အခါ ဘာကြောင့် ရှင်လောင်းလှည့်ကြတယ်ဆိုတာ စာထဲပေထဲမှာ မတွေ့ဖူးသေးဘူး။ တချို့ကတော့ 'ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား တောထွက်တဲ့ထုံးကို ယူပြီး ရှင်လောင်းကို မြင်းပေါ် တင်လှည့်တာ။'လို့ ပြောကြတာပဲ။ ထင်မြင်ချက်နှင့်ပြောကြတာ ဖြစ်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ဘယ်အရပ်မှာမဆို မြင်းနှင့်ချည်း ရှင်လောင်းလှည့်တာ မဟုတ်ပါဘူး။ တချို့အရပ်တွေမှာ ဝေါနှင့်လှည့်တယ်။ ရွှေဘိုဆီမှာ ယခုတိုင်အောင် ရှင်လောင်းကို ဝေါပေါ်တင်ပြီး ဘုရင်များထွက်သလို ရှေ့ဝင်းနောက်ဝင်း အခင်းအကျင်းနှင့် လှည့်နေကြသေးတယ်လို့ သိရပါတယ်။ တချို့အရပ်မှာ ဆင်နှင့် လှည့်ပါတယ်။ မင်းတုန်းမင်းကြီးလက်ထက်က ရှင်လောင်းတွေကို ဆင်နှင့်တင်ပြီး လှည့်တယ်လို့ ရာဇဝင်မှာ ဖတ်ရဖူးတယ်။* ဒါကြောင့် သိဒ္ဓတ္ထမင်းသား တောထွက်တဲ့ထုံးကို ယူပြီး လုပ်ယူကြတာလို့ တစ်ထစ်ချ မပြောနိုင်ပါဘူး။''

''သဘောကို တွေးကြည့်ရတာကတော့ ရှင်ပြုတယ်ဆိုတာ ကိုယ့်သားကလေးကို သာသနာ့ဘောင်သွတ်သွင်းတာပဲ မဟုတ်လား။ သာသနာ့ဘောင်သွတ်သွင်းတယ်ဆိုတာ မြတ်စွာဘုရားရဲ့ သားတော်အဖြစ်ရောက်အောင် ပြုလုပ်တာပဲ ဖြစ်တယ်။ မြတ်စွာဘုရားဟာ သာကီဝင်မင်းသားဘဝက ဘုရားဖြစ်လာတဲ့ ပုဂ္ဂိုလ်ပါ။ ဒါကြောင့် မြတ်စွာဘုရား၏သားတော် ရဟန်းတွေကို 'သကျပုတ္တိယာ သာကီဝင်မင်းသား ဘုရားသားတော်တွေ'လို့ ခေါ်တယ်။ ဝိနည်းပိဋကတ်တော်မှာ ရဟန်းတွေကို ပါဠိလို 'သကျပုတ္တိယာ'ဆိုပြီး၊ 'သာကီဝင်မင်းသား ဘုရားသားတော်တွေဆိုတဲ့ ဝေါဟာရနှင့် ခေါ်ဝေါ်ထားတာကို တော်တော်များများတွေ့ရတယ်။ ဒီတော့ မိမိသားကို သာကီဝင်မင်းသား မြတ်စွာဘုရား၏သားတော်အဖြစ်ရောက်အောင် သာသနာ့ဘောင်သွတ်သွင်းဖို့ ဘုန်းကြီးကျောင်းပို့တဲ့အခါ သာကီဝင်မင်းသား ဘုရားသားတော်အဖြစ် ဆိုပါတော့ 'သာကီဝင်မင်းသား၏ သားတော်အဖြစ်'ဆိုတဲ့အဆင့်အတန်းနှင့် လိုက်လျောအောင် မင်းသားလိုဆင်ယင်ပြီး ရွှေထီးမိုးကာ ပို့ခြင်းဖြစ်တယ်လို့ တွေးနိုင်တယ်''

* ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး၊ တ-၂၁၈။


mgyoe.com

mgyoe.com SAMPLE BOOK

"ရှင်လောင်းကို မင်းသားလို ဆင်ပေးရတာဟာ အစဉ်အလာလား ဆရာ။ တချို့ကတော့ မင်းသားလို တောင်ရှည်ပုဆိုးတွေ၊ ထိုင်မသိမ်းအင်္ကျီတွေမဆင်ဘဲ ရိုးရိုးပဲ ဝတ်ဆင်ပေးကြတာကို တွေ့ရတယ်။"

"ဟုတ်ပါတယ်။ တချို့လည်း ရိုးရိုးပဲ ဝတ်ဆင်ပေးကြတာပါပဲ။ ရခိုင်ပြည်နယ်ဘက်မှာ ရှင်လောင်းကို ရိုးရိုးပဲ မြန်မာဝတ်စုံအပေါ်အင်္ကျီနှင့် ခေါင်းပေါင်းပါ ဝတ်ဆင်ပေးတယ်လို့ သိရပါတယ်။ မြန်မာပြည်မဘက်မှာတော့ များသောအားဖြင့် ရှင်လောင်းလှည့်မယ်ဆိုလျှင် မင်းသားလို တောင်ရှည်ပုဆိုး၊ ထိုင်မသိမ်းအင်္ကျီနှင့် ဝတ်ဆင်ပေးကြပါတယ်။ ရှင်လောင်းကို မင်းသားလို ဝတ်ဆင်ပေးရမယ်လို့ စာထဲပေထဲမှာတော့ မတွေ့ဖူးသေးဘူး။ ရာဇဝင်မှာတွေ့ရတဲ့ မင်းတုန်းမင်း၏ ရှင်ပြုအလှူတော်မှာလည်း ပဉ္စင်းလောင်းတော်၊ ရှင်လောင်းတော်များကို လှပအောင် ဆင်ယင်စေတယ်လို့သာ ဆိုပါတယ်။ ဘယ်လို ဝတ်ဆင်ပေးရတယ်လို့ မဆိုပါဘူး။ သီရိဓမ္မာသောကမင်းကြီးလက်ထက်ကတော့ ပဉ္စင်းလောင်း၊ ရှင်လောင်းကို ဇာတ်မင်းသားလို ဝတ်ဆင်ပေးတယ်လို့ ယူဆရတယ်။"

"ဟုတ်လားဆရာ။ သီရိဓမ္မာသောကမင်းကြီးခေတ်က ရှင်လောင်းကို ဇာတ်မင်းသားလို ဝတ်ဆင်ပေးသလား။"

"သီရိဓမ္မာသောကမင်းကြီး၏ညီတော် အိမ်ရှေ့မင်းသား ရဟန်းပြုတုန်းက နန်းတော်ကနေပြီး အာသောကာရာမကျောင်းအထိ လမ်းတစ်လျှောက်လုံး လှပအောင်ပြင်ဆင်ပြီး၊ ညီတော်တိဿမင်းသားကို ဇာတ်မင်းသားလို ဆင်ယင်စေပြီး စစ်တပ်အခမ်းအနားနှင့် ကျောင်းတော်ကို ပို့တယ်လို့ ဆိုပါတယ်။"*

"ရှင်လောင်းကို ဘုန်းကြီးကျောင်းပို့တဲ့အခါ မိဘ ၂ ပါးက သင်္ကန်း၊ သပိတ်၊ ပရိက္ခရာတွေကိုပိုက်လို့ ကန်တော့ပွဲတွေ၊ လှူစရာပစ္စည်းတွေပါ ယူဆောင်ပြီး ပို့ကြရပါတယ်။ ဘုန်းကြီးကျောင်းတွေဟာ များသောအားဖြင့် ရွာဦးရွာထိပ် ရွာပြင်ဘက်မှာရှိလေတော့ ရွာထဲကို လှည့်ပြသလို ဖြစ်နေတာပေါ့။ အဲဒါကိုပဲ 'ရှင်းလောင်းလှည့်တယ်' လို့ ဆိုကြတာ ဖြစ်ပါလိမ့်မယ်။ အတွေးနှင့် ပြောရတာပဲ။ စာထဲပေထဲမှာတော့ မတွေ့ဖူးသေးပါဘူး"

* ပါရာဇိကဏ် အဋ္ဌကထာ နိဒါန်း၊ ပ-၄၂။

mgyoe.com

mgyoe.com SAMPLE BOOK

"နောက်တစ်ခုသိချင်တာ ရှိသေးတယ်ဆရာ။ ဘာလဲဆိုတော့ ရှင်ပြု အလှူလုပ်တဲ့အခါ ရှင်ဥပဂုတ်ကိုပင့်ပြီး ကိုးထားတဲ့အကြောင်းပဲ။ တောရွာတွေမှာ ဆိုရင် အလှူမတိုင်ခင် ၃-၄ ရက်က ကြိုပြီး ကန်တော့ပွဲနှင့် မြစ်ကမ်းပါး၊ ချောင်းကမ်းပါးသွားပြီး ပင့်ကြတယ်။ အဲဒီလိုပင့်ပြီး ကန်တော့ပွဲကို မဏ္ဍပ်ထဲမှာ ဆွဲထားတာပဲ။ ကျွန်တော်ကြားဖူးတာတော့ သီရိဓမ္မာသောကမင်းကြီး ဘုရားတွေ တည်ပြီး ပူဇော်ပွဲလုပ်တဲ့အခါတုန်းက မာရ်နတ် နှောင့်ယှက်တဲ့အတွက် ရှင်ဥပဂုတ်က ကာကွယ်ပေးရတယ်။ ဒါကြောင့် အလှူလုပ်တုန်း မိုးမရွာအောင် ရှင်ဥပဂုတ်ကို ပင့်တာလို့ ပြောကြတာပဲ။ ဒီအတိုင်း ဟုတ်ရဲ့လားဆရာ။"

"အလှူလုပ်တဲ့အခါ ရှင်ဥပဂုတ်ကိုပင့်တာဟာ မိုးမရွာအောင်ဆိုပြီး ပင့်ကြတာပါပဲ။ ရှင်ဥပဂုတ်ကို ပင့်ဆောင်လျှင် အလှူကို မိုးမဖျက်ဘူးလို့ ယုံကြည်ကြတယ်။ ဒီလို ယုံကြည်တာဟာလည်း မောင်လူသစ် ကြားဖူးတဲ့အတိုင်းပါပဲ။ သီရိဓမ္မာသောကမင်းကြီး ဘုရားစေတီတွေ ပူဇော်ပွဲကြီးလုပ်တုန်းက မာရ်နတ်က နှောင့်ယှက်မှာကို ကာကွယ်တားဆီးပေးဖို့အတွက် ရှင်ဥပဂုတ်ကို ပင့်ရတယ်။ နောက် မာရ်နတ်နှောင့်ယှက်တဲ့အခါ ရှင်ဥပဂုတ်က ကာကွယ်ပေးတယ်ဆိုတဲ့ ထုံးက ရှိနေတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။"

"ရှင်ဥပဂုတ်ဟာ သမုဒ္ဒရာထဲမှာ ကြေးပြာသာဒ်နှင့်နေတယ် ဆိုတာ ဟုတ်သလားဆရာ။ စာထဲပေထဲမှာ ပါသလား။ တန်ခိုးကြီးတဲ့ပုဂ္ဂိုလ်ဖြစ်လို့ ဟိုတုန်းက သမုဒ္ဒရာထဲမှာ ကြေးပြာသာဒ်နှင့် နေတယ်ပဲ ထားပါဦး။ အခုထိအောင် ရှိပါဦး မလား။"

"ရှင်ဥပဂုတ်ဟာ သမုဒ္ဒရာထဲမှာ ပြာသာဒ်နှင့်နေတယ် ဆိုတာ စာထဲပေထဲ မှာ ပါပါတယ်။ သီရိသုဓမ္မာသောကမင်းကြီး၏အလှူပွဲမှာ မာရ်နတ်ရန်ကို တားဆီးဖို့ရန်အတွက် ရှင်ဥပဂုတ်ကို သမုဒ္ဒရာထဲသွားပြီး ပင့်ရတယ်လို့ မဟာဝင် မှာ ပါပါတယ်။ မဟာဝင်စကားဟာ လောကပညတ္တိကျမ်းက ယူပြီးရေးတဲ့ စကားပါ။ လောကပညတ္တိပါဠိမှာ အဲဒီအတိုင်း ဆိုထားတာကို ဖတ်ရှုဖူးပါတယ်။"

မဟာဝင်ဝတ္ထု ၉၅ တွင်ပါသော 'မဟာသမုဒ္ဒရာ၏ အတွင်းဝယ် ပြာသာဒ် ကို ဖန်ဆင်းလျက် ထိုပြာသာဒ်အထက်၌ နေတော်မူသော 'တိဿနာဂ' အမည်ရှိ

mgyoe.com SAMPLE BOOK

သော အရှင်ဥပဂုတ်ထေရ်သည် ဈာန်သမာပတ်တို့ဖြင့် များစွာသောနေ့ရက်တို့ကို လွန်စေ၍ မစားမစားဘဲ နေတော်မူသည်’ဟူသောစကားကို လည်းကောင်း၊ ထိုစကား၏မူရင်းဖြစ်သည့် ‘သာမဏေရောအာဟ၊ အတ္တိဘန္တေ၊ မဟာသမုဒ္ဒေါ ဒကဗ္ဘန္တရေ ရတနမယံ ပါသာဒံ အာဘိ နိမ္မိ နိတွာ-နိသိန္နော၊ ကိသနာ ဂေါနာမ၊ ဥပဂုတ္တောဘိက္ခု’ စသော လောကပညတ္တိပါဠိ ပေမူ ဂူချပ် ကျောဘက်လာ စကားကို လည်းကောင်း တွေ့ဖူးဖတ်ဖူးသဖြင့် အောက်ပါအတိုင်း ကျွန်ုပ်ပြော လိုက်ခြင်းဖြစ်သည်။ သို့ရာတွင် ပါဠိစာသားတို့ကိုကား ရွတ်မပြတော့ပေ။

“ရှင်ဥပဂုတ်ဟာ အခုအထိ ရှိသေးသလားဆိုတဲ့ ပြဿနာကတော့ ရှင်ဥပဂုတ်ပေါ်ခဲ့တာ သီရိဓမ္မာသောကမင်းကြီးလက်ထက်က ဆိုတော့ နှစ်ပေါင်း ၂၂၀၀ ကျော်လောက် ရှိသွားပါပြီ။ ဒီတော့ အခုထိ ရှိတော့မှာ မဟုတ်ပါဘူး။ ဒါပေမယ့် လူတွေကတော့ သေ ၄ ပါး၊ ရှင် ၄ ပါးထဲမှာ ရှင်ဥပဂုတ် ပါတဲ့အတွက် ‘အခုထိ ရှိသေးတယ်’လို့ တချို့ ပြောနေကြပါတယ်။ သေ ၄ ပါး၊ ရှင် ၄ ပါး ဆိုတာကို မောင်လူသစ် ကြားဖူးမှာပေါ့”

“ဟုတ်ကဲ့ဆရာ။ ကြားဖူးသလိုလို ရှိပါတယ်။ ဦးဖိုးကျားရေးတဲ့ ‘အလောင်းတော်ကဿပ’ စာအုပ်ထဲမှာလည်း တွေ့ဖူးတယ်ထင်တယ်။ အလောင်းတော်ကဿပဆိုတာ သေ ၄ ပါးထဲက ၁ ပါးဆိုလား။ သေသေချာချာတော့ မမှတ်မိဘူး”

“ဟုတ်ပါတယ်။ ‘အလောင်းတော်ကဿပ’ ဆိုတာ သေ ၄ ပါးထဲက ၁ ပါးလို့ ဆိုတာပါတယ်။ ရှင်ဥပဂုတ်ကတော့ ရှင် ၄ ပါးထဲကပါ။ တောင်သမုဒ္ဒရာမှာနေတယ်လို့ ဆိုပါတယ်။ သေ ၄ ပါး၊ ရှင် ၄ ပါးနှင့်စပ်လို့ မုံတိုင်ပင်ဆရာတော် ရေးသားပြုစုတဲ့ ‘ပုံအိတ်ထောင်’ ဆိုတဲ့စာအုပ်မှာ ‘ကျမ်းကြီးကျမ်းမတို့မှာ မတွေ့ဖူးကြောင်း။ စာငယ်များမှာသာ တွေ့ရကြောင်း’ မိန့်ဆိုထားပါတယ်။ ကျီးသဲလေးထပ် ဆရာတော်ကြီးကလည်း ဝိပတိစ္ဆေဒနီ ဆိုတဲ့ကျမ်းမှာ အဲဒီအတိုင်းပဲ အမိန့်ရှိပါတယ်။ သို့ပေမယ့် ကျီးသဲလေးထပ်ဆရာတော်ကြီးက ‘လောကပညတ္တိကျမ်းမှာပါတဲ့ ရှင်ဥပဂုတ်အကြောင်းဟာ မိလိန္ဒာပဥှာနှင့် ညီညွတ်သဖြင့် ပမာဏပြုလောက်တဲ့ စကားပင် ဖြစ်တယ်။’ လို့ဆိုပြီး၊ ‘ရှင်ဥပဂုတ် သမုဒ္ဒရာထဲမှာနေတယ်


mgyoe.com

mgyoe.com SAMPLE BOOK

ဆိုတာမှန်လျှင် ကျန်တဲ့ ရှင် ၃ ပါးကိုလည်း ယုံမှားစရာ မရှိကြောင်း။ ထိုအရှင်တို့၏ အတ္ထုပ္ပတ္တိကို ပြဆိုသောစာပေကို မတွေ့ရလို့သာ မပြနိုင်ခြင်းဖြစ်ကြောင်း။ သင်္ဂါယနာတင်ကျမ်းကြီးများမှာ မပါခြင်းဟာ သင်္ဂါယနာတင်ပြီးနောက်မှ ပေါ်ထွက်သော ရဟန္တာများဖြစ်လို့ မပါခြင်းဖြစ်သည်။-ဟု ယူဆရမည်ဖြစ်ကြောင်း။ ထိုအရှင်တို့ ယခုတိုင် ရှိ-မရှိကို စိစစ်ရာမှ အသက် ၁၀၀ တမ်း၌ ဖြစ်သောသူဟာ အသက် ၂၀၀ ရောက်အောင်ပင် မရှည်ဘဲ ၁၀၀ထက် အတန်ငယ်လွန်ပြီး သေဆုံးရတယ်ဆိုတဲ့ သုတ်ပါဠိတော်ကိုထောက်၍ ယခုတိုင်အောင် ရှိတော့မည်မဟုတ်ကြောင်း။ တခြားသောရဟန္တာများ၏ နောက်ကျန်ပြီး ရှိရစ်သည်ကို စွဲ၍ 'ရှင် ၄ ပါး' ဆိုခြင်းဖြစ်သည်ဟု ယူရမည်ဖြစ်ကြောင်း။' မှတ်ချက်ချထားတယ်။

"အဲဒီကျမ်းထဲမှာ ရှင်ဉပဂုတ် သမုဒ္ဒရာထဲမှာ ကြေးပြာသာဒ်နှင့် နေတယ်ဆိုတဲ့စကားနှင့်စပ်လို့ အဲဒီအခါက သတင်းစာထဲပါလာတဲ့ သတင်းထူးတစ်ပုဒ်ကို ကျီးသဲလေးထပ်ဆရာတော်ကြီးက ထည့်ပြီး ရေးသားထားသေးတယ်။ ခဏနေဦး။ ဆရာ စာအုပ်ယူပြီး ဖတ်ပြမယ်။"

ကျွန်ုပ်သည် စာအုပ်ဗီရိုကိုသွား၍ဖွင့်ကာ ဝိပတ္တိစ္ဆေဒနီကျမ်းကို ယူလာခဲ့သည်။

ထိုကျမ်းမှာ ပေါင်းတည်မြို့ ဆရာတော် အရှင်ဦးသုမနထေရ် မေးလျှောက်သည့် ပုစ္ဆာ ၃၈ ချက်ကို ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး ဖြေဆိုထားသော ကျမ်း ဖြစ်သည်။ ရန်ကုန်ကြည့်မြင်တိုင် မြန်မာအက္ခရာစာပုံနှိပ်တိုက်က ၁၉၂၁ ခုတွင် ပုံနှိပ်သည်။ ထိုကျမ်း စာမျက်နှာ ၉၃ ၌

'ဤမှတစ်ပါး ထောက်ထားရန်အကြောင်းကား အိန္ဒိယတိုင်း ဆိုလပ်ပြည်ကြီးက သမုဒ္ဒရာကို လည်ပတ်၍ကြည့်သော လောကဓာတ်ဆရာ ၂ ဦးတို့သည် မီးသင်္ဘောတစ်စင်းစီနှင့် ပင်လယ်ကိုလည်ရာ၊ တောင်သမုဒ္ဒရာတွင် ဘယ်ဟာရှိမည်ကို သိရအောင် သွားမည်။'ဟု တောင်စူးစူးသို့ ထွက်၍သွားသော် အများသွားမြဲခရီးကို လွန်၍ ၁၃ ရက် ထွက်လေသဖြင့် ရေပြင်လယ်ခေါင်၌ ကျောက်တစ်ခုပေါ်၍ ထိုကျောက်တောင်ထက်၌ ကြီးစွာသော ကြေးပြာသာဒ်ကို မြင်၏။ အနီးသို့ရောက်စိမ့်သောငှာ စက်ခုတ်


mgyoe.com

mgyoe.com SAMPLE BOOK

ပါသော်လည်း လွန်စွာရေကြမ်းလှသောကြောင့် အနီးသို့မကျဘဲ အမြောက် တစ်ကမ်းခန့်နေရာက ခွာဆုတ်ခဲ့ရသည်။ 'တောင်သမုဒ္ဒရာ၌ ကြေး ပြာသာဒ်ကြီးကို တပ်အပ်မြင်ခဲ့သည်။' ဟု သတင်းစာ ၁၂၂၅ ခုနှစ်*တွင် ငါတို့အရပ်သို့ ရောက်လာဖူးသည်။''

အထက်ပါ သတင်းကို ဖတ်ပြသောအခါ မောင်လူသစ်သည် အလွန် စိတ်ဝင်စားပြီး စာအုပ်ကို လှမ်းတောင်းလေသည်။ စာပုဒ်ကို ကြည့်ပြီး

''တော်တော်စိတ်ဝင်စားဖို့ ကောင်းတာပဲ ဆရာ။ ကျိုးသဲလေးထပ်ဆရာ တော်ကြီးကိုယ်တိုင်က သူပြုစုတဲ့ကျမ်းထဲမှာ ထည့်ရေးတာဖြစ်တော့ ဒီသတင်းဟာ အဲဒီအခါက အမှန်တကယ်

''ကျိုးသဲလေးထပ် ဆရာတော်ကြီးကိုယ်တိုင်က ရေးထားတာဖြစ်တော့ ဒီအတိုင်းပဲ ဆိုရမှာပေါ့။''

''ရှင်ဥပဂုတ်ဟာ သမုဒ္ဒရာထဲမှာ ကြေးပြာသာဒ်နှင့် နေတယ်ဆိုတာ ဟုတ် လျှင်၊ အဲဒီလောကဓာတ်ဆရာကြီးတွေ တွေ့ခဲ့တယ်ဆိုတဲ့ ကြေးပြာသာဒ်ဟာ ရှင်ဥပဂုတ်နေတဲ့ ကြေးပြာသာဒ်များ ဖြစ်နေမလားလို့ တွေးစရာပဲ။''

မောင်လူသစ်စကားကို ကြားသောအခါ ကျွန်ုပ်က

''လောကဓာတ်ဆရာကြီးတွေတောင် သမုဒ္ဒရာထဲမှာ ကြေးပြာသာဒ်ကြီး တွေ့ခဲ့တယ်ဆိုတာ ဟုတ်လျှင်၊ ရှင်ဥပဂုတ် သမုဒ္ဒရာထဲမှာ ကြေးပြာသာဒ်နှင့် နေတယ်ဆိုတဲ့ စကားဟာ 'ဟုတ်မှာပဲ' လို့ တွေးစရာ မကောင်းဘူးလား။'' ဟု ပြော လိုက်သည်။

၀


mgyoe.com

mgyoe.com SAMPLE BOOK

## သာဓု သာဓု သာဓု ခေါ်နိုင်စေ။

ရှင်လောင်းလှည့်ခြင်းနှင့် ရှင်ဥပဂုတ်ပင့်ခြင်းအကြောင်းကို ဆွေးနွေးပြီးနောက် ရှင်ပြုအလှူ၌ ပြုလုပ်လေ့ရှိကြသည့် အခြားအကြောင်းအရာများကိုလည်း ဆက်လက်ဆွေးနွေးကြသေးသည်။

မောင်လူသစ် မေးမြန်းဆွေးနွေးသည့်အချက်များတွင် ရှင်လောင်းကို နတ်စင်သို့ သွားပြသည့်အကြောင်းလည်း ပါသည်။ မင်းကိုချည်အကြောင်းလည်း ပါသည်။ ကျွန်ုပ်ကလည်း ကြားဖူးသမျှ, မှတ်သားဖူးသမျှဖြင့် ပြေကြားဆွေးနွေးရသည်။

အတိုအထွာ အကြောင်းအချက်ကလေးများကို ဆွေးနွေးပြီးသောအခါ ရေစက်ချသည့်အကြောင်းကို ရောက်လာသည်။

"ရေစက်ချတာဟာ ဘာအဓိပ္ပာယ်လဲဆရာ။ အလှူနှင့် ရေနှင့် ဘယ်လိုသက်ဆိုင်သလဲ။ ရေစက်မချလျှင် အလှူမဖြစ်ဘူးလား"

ရေစက်ချခြင်းနှင့်စပ်၍ မောင်လူသစ်က သူ့စိတ်ထဲ ရှိနေသည့်မေးခွန်းကို မေးလေသည်။

"ရေစက်မချပေမယ့် အလှူဖြစ်ပါတယ်။ လှူဖွယ်ဝတ္ထုကို အလှူခံပုဂ္ဂိုလ်အား စေတနာဖြင့် စွန့်လွှတ်ပေးလှူလိုက်လျှင် ရေစက် ချချမချချ အလှူ အထမြောက်တာပါပဲ။ ဒါဖြင့် 'ဘာကြောင့် ရေစက်ချသလဲ။ အလှူနှင့် ရေနှင့် ဘယ်လိုသက်ဆိုင်လို့လဲ။' လို့ မေးစရာရှိတယ်။ ဒီမေးခွန်းကိုတော့ တစ်ထစ်ချဖြေဖို့ မလွယ်ဘူးထင်တယ်။

"ဉာဏ်မီသမျှ တွေးပြီးပြောရလျှင်တော့ လှူတယ်ဆိုတာ အလှူရှင် ဒကာက လှူဖွယ်ဝတ္ထုပစ္စည်းကို အလှူခံပုဂ္ဂိုလ်လက်ထဲကို ကိုယ်ထိလက်ရောက် ပေးလှူတာပါ။ ဒီတော့ ကျောင်းကြီးကို လှူမယ်ဆိုလျှင် အလှူ့ဒကာက ကျောင်း



mgyoe.com

m.gyoe.com SAMPLE BOOK

ကြီးကို မ,ပြီး ဘုန်းကြီးလက်ထဲ ထည့်လို့ မဖြစ်ပါဘူး။ သို့အတွက် အလှူဝတ္ထုဖြစ်တဲ့ကျောင်းကြီးအစား ရေကို အလှူခံဘုန်းကြီးလက်ထဲကို လောင်းထည့်ပြီး လှူရပါတယ်။ မြတ်စွာဘုရားလက်ထက်က ဗိမ္ဗိသာရမင်းကြီး ဝေဠုဝန်ကျောင်းကြီး လှူတဲ့အခါမှာ 'မြတ်စွာဘုရားလက်ထဲ ရေလောင်းထည့်ပြီး လှူတယ်။' လို့ ဆိုပါတယ်။ ဝေဿန္တရာဇာတ်တော်မှာ ဝေဿန္တရာမင်းကြီးကဏှာနှင့် ဇာလီကို လှူတဲ့နေရာမှာလည်း 'ဇူဇကာပုဏ္ဏားလက်ထဲ ရေကရားနှင့် ရေလောင်းထည့်ပြီး လှူကြောင်း' မောင်လူသစ် တွေ့ဖူးမှာပေါ့။ အဲဒီထုံးတွေကိုထောက်ပြီး ဆွမ်း,သင်္ကန်းအစရှိတဲ့ လှူဖွယ်ပစ္စည်းတွေအစား ရေကို အလှူခံဘုန်းကြီးလက်ထဲ လောင်းထည့်လှူဒါန်းကြတာ ဖြစ်လိမ့်မယ်လို့ ယူဆနိုင်စရာ ရှိပါတယ်။ ဒီနည်းအရ စဉ်းစားလျှင် ရေစက်ချတဲ့အခါ အလှူခံဘုန်းကြီးလက်ထဲကို ရေသွန်းချရမယ်လို့ ဆိုရလိမ့်မယ်။

"နောက်တစ်ခု စဉ်းစားနိုင်တာက မြတ်စွာဘုရားလောင်း ဖြည့်ကျင့်တဲ့ပါရမီ ၁၀ ပါးထဲက ပထမဆုံးဖြစ်တဲ့ ဒါနပါရမီအခန်းမှာ 'ရေအိုးကို သွန်ချလိုက်သလို ဘာမျှအကြွင်းအကျန်မထားဘဲ စွန့်လွှတ်လှူဒါန်းခြင်းဟာ 'ဒါနပါရမီ' မည်တယ်။' ဆိုတဲ့စကား ရှိပါတယ်။ 'ဒါနပြုတယ်' ဆိုတာ ကိုယ်လှူတဲ့ ပစ္စည်းအပေါ်မှာ ဘာမျှ ငြိကပ်တွယ်တာမှုမရှိဘဲ ရေအိုးကို သွန်ချလိုက်သလို လွယ်လွယ်စွန့်ကြဲပေးကမ်းတာကို ခေါ်တယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ဒါ့ကြောင့် အလှူလုပ်တဲ့အခါမှာ ဒီသဘောအဓိပ္ပာယ်ဖြစ်အောင် ရေခွက်ကိုသွန်ချပြီး လှူဒါန်းကြတာဖြစ်လိမ့်မယ်လို့လည်း ယူဆစရာ ရှိပါတယ်။ ဒီနည်းအရ စဉ်းစားလျှင်တော့ အလှူခံပုဂ္ဂိုလ်လက်ထဲကို ရေလောင်းထည့်ဖို့ မလိုပါဘူး။ မြေကြီးပေါ်မှာ သွန်းလောင်းချဖို့ပဲ ဖြစ်ပါတယ်။

"အခြေအနေအရ မြေကြီးပေါ် သွန်မချသေးရင်လည်း ခွက်တစ်ခုခုထဲ သွန်ချပြီးမှ မြေကြီးပေါ် သွားသွန်ဖို့ပါပဲ။ အခု အလှူလုပ်ကြတာတွေကတော့ ဘုန်းကြီးကို လှူဖွယ်ပစ္စည်း ပေးလှူတာလောက်တင် မဟုတ်ဘူး။ ဆွမ်းကျွေးတာတွေ, လူတွေကို ဧည့်ခံကျွေးမွေးတာတွေလည်း ပါတဲ့အတွက် ဒုတိယနည်းအရ ရေစက်ချကြတာ ဖြစ်တယ်လို့ ယူဆနိုင်ပါတယ်။"


m.gyoe.com

mgyoe.com SAMPLE BOOK

"ဆရာပြောတဲ့ ၂ နည်းလုံးမှာ ရေကို တစ်ကြိမ်တည်း သွန်းလောင်းချရမှာချည်း ဖြစ်နေတယ်။ အခုလုပ်နေကြတာက တစ်ကြိမ်တည်း လောင်းချတာ မဟုတ်ဘူးဆရာ။ 'ရေစက်ချ' ဆိုတဲ့အတိုင်းပဲ ရေကို အောက်ခံခွက်ထဲ တစ်စက်ချင်း ချနေကြတာချည်း တွေ့ရတယ်။ ဆရာပြောသလိုဆိုတော့ တစ်စက်ချင်းချနေဖို့ မလိုပါဘူး။ တစ်ခါတည်း သွန်ချလိုက်ရလိမ့်မယ်။"

"ဒါကတော့ ဒီလို စဉ်းစားနိုင်ပါတယ်။ အလှူဝတ္ထုကို အလှူခံပုဂ္ဂိုလ် လက်ထဲထည့်လိုက်လျှင် 'အလှူ အထမြောက်တယ်' လို့ ပြောခဲ့တယ် မဟုတ်လား။ အလှူဝတ္ထုအစား ရေကို အလှူဝတ္ထုအဖြစ်နှင့် သွန်ချလိုက်တာဟာ အလှူအထ မြောက်တဲ့ သဘောပါပဲ။ အဲဒီအချိန် အခိုက်အတန့်ကို 'ဒါန' လို့ ခေါ်ရတာပါပဲ။ အဘိဓမ္မာသဘောအရ ဒါနကို အရကောက်တဲ့အခါ အခုပြောတဲ့ ပေးလှူဆဲ အခိုက်အတန့်မှာဖြစ်ပေါ်တဲ့ စေတနာကို ကောက်ရပါတယ်။ အဲဒီ ပေးလှူဆဲ အခိုက်အတန့်မှာ အလှူကျွနအောင်ဆိုပြီး၊ 'တပည့်တော်သည် ဤပစ္စည်းကို အရှင်ဘုရားအား (သံဃာတော်အား) လှူဒါန်းပါ၏။ ဤကောင်းမှုကြောင့် နိဗ္ဗာန် ရောက်ရပါလို၏။ ဤကောင်းမှုကုသိုလ်အဖို့ကို အားလုံးသောသတ္တဝါတို့အား အမျှပေးပါ၏။' လို့ဆိုပြီး လှူရတယ်။ မဆိုတတ်လျှင် ဘုန်းကြီးက ဆိုပေးရတယ်။ အခုခေတ်မှာတော့ ဘုန်းကြီးက ဆိုပေးတာချည်းပါပဲ။

"ဘုန်းကြီးက ဆိုပေးတဲ့ အခါကျတော့ လှူပုံလှူနည်းကျွနအောင် တပည့်တော်, တပည့်တော်မတို့သည် ကံ, ကံမ၏အကျိုးကို ယုံကြည်ပါကုန်သည်ဖြစ်၍ စသည်ဖြင့် အလှူနှင့်ဆိုင်တဲ့ စကားတွေ ထည့်ပြီး ဆိုပေးတော့တာပေါ့။ ပြီးတော့ ဆုတောင်းတွေလည်း စုံအောင်, အမျှပေးတဲ့ပုဂ္ဂိုလ်တွေလည်း အကုန်စုံအောင် ဆိုပေးလေ့ရှိတဲ့အတွက် စဆိုကတည်းက ဆုံးသည်အထိ ရေကို တစ်ရှိန်တည်း အဆက်မပြတ် သွန်ချချင်တယ်။ ဘုန်းကြီးဆိုတာကလည်း ရှည်နေတာဆိုတော့ တစ်စက်တစ်စက်နှင့် အချိန်ဆွဲပြီး နည်းနည်းချင်း သွန်ချနေရတော့တာပေါ့။ ဒါ့ကြောင့် 'ရေသွန်ချတယ်' လို့မခေါ်ဘဲ 'ရေစက်ချတယ်' လို့ ခေါ်နေကြတာ ဖြစ်ပါလိမ့်မယ်။"

"မိမ္မိသာရမင်းကြီး ဝေဠုဝန်ကျောင်းလှူတုန်းက မြတ်စွာဘုရားလက်ထဲ


mgyoe.com

mgyoe.com SAMPLE BOOK

ရေလောင်းချတယ်ဆိုတာ တစ်စက်တစ်စက်ချတာ မဟုတ်ဘူးလားဆရာ။''

''တစ်စက်တစ်စက်ချတာ မဟုတ်ဘူး။ လောင်းချတာ ဖြစ်ပါတယ်။ ရှေးကတော့ ဘုန်းကြီးက ဆိုပေးရတာ မဟုတ်ပါဘူး။ အလှူရှင်ကသာ 'ဤပစ္စည်းကို အရှင်ဘုရားအား (သံဃာတော်အား) လှူပါ၏။' ဆိုပြီး လှူကြတာ များပါတယ်။ တကယ်လို့ ဘုန်းကြီးက သင်ပေးလျှင်လည်း ယခုခေတ်လို ဆုတောင်းတွေ အမျှဝေတဲ့ပုဂ္ဂိုလ်တွေ အများကြီး မထည့်တဲ့အတွက် တစ်စက်တစ်စက်ချနေဖို့ မလိုပါဘူး။''

''ရေစက်ချတာနှင့်စပ်လို့ တချို့က 'ရေစက်ချတာဟာ အလှူလုပ်တဲ့အကြောင်း ဝသုန္ဒရေမြေစောင့်နတ်ကို တိုင်တည်တဲ့သဘောနှင့် လုပ်တာ' လို့ ပြောကြပါလားဆရာ။ ဒီလို တိုင်တည်ထားတော့ နောင်ဘဝကျတဲ့အခါ ကိုယ်က မေ့နေသည့်တိုင်အောင် ဝသုန္ဒရေနတ်က လှူခဲ့ကြောင်း သက်သေခံသတဲ့။''

''မောင်လူသစ် အခုပြောတဲ့အတိုင်း တချို့ပြောကြတာကို ဆရာလည်း ကြားဖူးပါတယ်။ တချို့က ရေစက်ချတဲ့အခါ အဲဒီအဓိပ္ပာယ်အတိုင်း 'နောင်သောအခါ အကျွန်ုပ်တို့သည် မိမိအလှူလုပ်ဖူးသည်ကို မေ့လျော့သည်ရှိသော် ဤမဟာပထဝီမြေကြီးသည် သက်သေအရာ၌ တည်ပါစေသတည်း။' ဆိုတဲ့ စကားမျိုးကို ထည့်ပြီး ဆိုကြပါတယ်။ ဒီအကြောင်းနှင့်စပ်ပြီး စဉ်းစားစရာ တစ်ခုတော့ရှိတယ်။ မြတ်စွာဘုရား ဘုရားဖြစ်ခါနီးမှာ မာရ်နတ်က လာပြီး နှောင့်ယှက်တိုက်ခိုက်တယ်ဆိုတာ မောင်လူသစ် ကြားဖူးတယ် မဟုတ်လား။''

''ကြားဖူးတာပေါ့ဆရာ။ ဒေါ်မေရှင်ကြီး ဆိုထားတဲ့ အောင်ခြင်း ၈ ပါး သီချင်းကို ခဏခဏ ကြားနေရတာပဲ။ စာထဲမှာလည်း ဖတ်ဖူးပါတယ်။ ပန်းချီကားတွေလည်း တွေ့ဖူးပါတယ်။''

''မာရ်နတ်က 'သင်သည် ဤနေရာပလ္လင်မှ ထလော့။ သင်သည် ဤပလ္လင်နှင့် မထိုက်တန်။' ဆိုတဲ့ အဓိပ္ပာယ်နှင့် နှောင့်ယှက်တိုက်ခိုက်တဲ့အခါ၊ မြတ်စွာဘုရားက 'ငါသည် ဤနေရာပလ္လင်သို့ ရောက်ဖို့ရန်အတွက် ပါရမီများစွာ ဖြည့်ခဲ့ပြီး ဖြစ်သည်။ အခြားဘဝများ၌ ပါရမီဖြည့်ခဲ့သည်ကို ထားဘိဦး။ ဝေဿန္တရာဖြစ်စဉ်က အလှူကြီးများ ပေးခဲ့သည်ကို ဤမြေကြီး သိသည်။' ဟုဆိုပြီး မြေကြီးကို

mgyoe.com SAMPLE BOOK
သက်သေအဖြစ် ညွှန်ပြတဲ့အခါ မြေကြီးက အသံပြင်းထန်စွာ တုန်ဟည်းအောင် အော်မြည်လာတဲ့အတွက် မာရ်နတ်စစ်သည်တွေ ထွက်ပြေးကြတယ်လို့ ဆိုပါတယ်။ အဲဒီဖြစ်ရပ်ကို ထောက်ပြီး အလှူလုပ်တဲ့အခါ မြေကြီးကို သက်သေအဖြစ် တိုင်တည်တဲ့သဘောနှင့် ရေစက်ချတာလို့ ပြောကြတာ ဖြစ်ပါလိမ့်မယ်။ 'အလှူလုပ်တဲ့အခါ ရေစက်ချပြီး မြေကြီးသက်သေအဖြစ် တိုင်တည်ရမယ်။' လို့ ကျမ်းဂန်တွေထဲမှာတော့ မတွေ့ဖူးသေးပါဘူး။"

"ရေစက်ချတဲ့အဓိပ္ပာယ်တော့ တော်တော်ကလေး ရှင်းသွားပြီဆရာ။ ကျွန်တော် ဘဝင်မကျတာ တစ်ခုရှိသေးတယ်။ ဘာလဲဆိုတော့ အလှူရှင်က ရေစက်ချပြီး အမျှပေးတဲ့အခါ သာဓုခေါ်လျှင် အလှူရှင်နှင့်အတူ အမျှကုသိုလ်ရတယ်ဆိုတဲ့ အချက်ပဲ။ ဒီလို 'သာဓုခေါ်လျှင် ကုသိုလ်ရတယ်။' ဆိုတာ ဟုတ်သလားဆရာ။"

"ဟုတ်ပါတယ်"

ကျွန်ုပ်သည် မောင်လူသစ် ဆက်မေးမည့်မေးခွန်းကို သိပြီးဖြစ်သော်လည်း သူမေးပုံကို နားထောင်လိုသေးသဖြင့် 'တိုတိုပင် ဖြေလိုက်သည်။

"သာဓုခေါ်ရုံနှင့် ပစ္စည်းဥစ္စာ အကုန်အကျခံပြီး လှူတဲ့အလှူရှင်နှင့် ထပ်တူညီမျှ ကုသိုလ်ရတယ်ဆိုတာ ဟုတ်နိုင်ပါ့မလားဆရာ။ ဒီလိုသာဆိုလျှင် ပိုက်ဆံကုန်ခံပြီး ဘာအလှူလုပ်နေစရာ လိုသလဲ။ သူများတွေ လှူတာကို လိုက်ပြီး သာဓုချည်း ခေါ်နေမှာပေါ့။"

"ဒီအကြောင်းဟာ အလွန်ဆွေးနွေးဖို့ ကောင်းတဲ့အကြောင်းပဲ။ မောင်လူသစ်သာ မဟုတ်ဘူး။ ဆရာလည်း အရင်တုန်းက ဒီအချက်ကို သိပ်ပြီး ဘဝင်မကျခဲ့ဘူး။ နောက်တော့ တဖြည်းဖြည်းနှင့် လူ့စိတ်သဘာဝတွေကို သိလာတဲ့အတွက် 'ဖြစ်နိုင်တယ်' ဆိုပြီး သဘောပေါက်လာတယ်။"

"ဘယ်လိုလဲဆရာ ရှင်းပါဦး။ သာဓုခေါ်တာနှင့် လူ့စိတ်သဘာဝနှင့် ဘယ်လိုဆိုင်သလဲ။"

မောင်လူသစ်မှာ ဤပြဿနာကို အလွန်စိတ်ဝင်စားနေပုံရသည်။ ဝင်စားလည်း ဝင်စားထိုက်သည်။ 'မိမိပိုင် ပစ္စည်းဝတ္ထုကို စေတနာဖြင့် ပေးသည့်အတွက်


mgyoe.com

mgyoe.com SAMPLE BOOK

ကုသိုလ်ရသည်ဆိုခြင်းမှာ သဘာဝကျသော်လည်း၊ 'ပစ္စည်းဝတ္ထုမပါဘဲ သာဓုခေါ်ရုံနှင့် ကုသိုလ်ရသည်။' ဆိုခြင်းမှာ သဘောပေါက်ဖို့ မလွယ်ပေ။ ယခုခေတ်စကားနှင့် ပြောရလျှင် ရုပ်ဝတ္ထုမပါဘဲ စိတ်သက်သက်ဖြစ်ရုံနှင့် ရုပ်ဝတ္ထုပါသကဲ့သို့ပင် အရာရောက်သည်။ အကျိုးရှိသည်။-ဟု ဆိုရာရောက်သဖြင့် စိတ်ကို အဓိကထားသလို ဖြစ်နေသည်။ ထို့ကြောင့်လည်း မောင်လူသစ် ဘဝင်မကျနိုင်ခြင်း ဖြစ်သည်။ ကျွန်ုပ်က

"ကဲ-အစကစပြီး ဆွေးနွေးရအောင်။ လှူတဲ့အတွက် အလှူရှင်မှာ ကုသိုလ်ရတယ်ဆိုတာကိုတော့ မောင်လူသစ် လက်ခံတယ်မဟုတ်လား။"

"ဟုတ်ကဲ့။ လက်ခံပါတယ်။"

"လှူဒါန်းပေးကမ်းတယ်ဆိုတာ ကောင်းတဲ့အမှုဖြစ်လို့ 'ကုသိုလ်' လို့ ခေါ်ပါတယ်။ လှူတော့ အလှူရှင်မှာ ကုသိုလ်ဖြစ်တယ်။ ကုသိုလ်ရောက်လာတယ်။ ရှိလာတယ်။ အဲဒါကိုပဲ 'ကုသိုလ်ရတယ်။' လို့ ပြောတာပါ။ ကိုယ်က လုပ်ယူလို့ ကိုယ့်မှာဖြစ်လာတဲ့ ကုသိုလ်၊ ကိုယ့်မှာ ရှိလာတဲ့ကုသိုလ်ကို ကိုယ်ပေးချင်တဲ့လူကို ပေးနိုင်ပါတယ်။ ဒီလိုပေးတာကို 'အမျှပေးတယ်' လို့ ခေါ်တာပဲ။ အလှူရှင်က သူပိုင်ဆိုင်တဲ့ကုသိုလ်ကို အမျှပေးတဲ့အခါ ယူတဲ့လူက ဝမ်းသာအားရနှင့်ယူလျှင် ရနိုင်ပါတယ်။ သာဓုခေါ်တာဟာ အလှူရှင်ကပေးတဲ့ကုသိုလ်ကို ဝမ်းသာအားရ ယူတဲ့ အဓိပ္ပာယ်ပါပဲ။ အလှူရှင်က ပေးမှ အမျှ ရပါတယ်။ အလှူရှင်က မပေးဘဲ ကိုယ့်ဘာသာကိုယ် သာဓုခေါ်လို့ အမျှ မရပါဘူး။ 'သာဓုခေါ်တယ်' ဆိုတာ အင်မတန် ဝမ်းသာတဲ့အတွက် 'ကောင်းပေစွ ကောင်းပေစွ' လို့ဆိုတဲ့ အဓိပ္ပာယ် ဖြစ်ပါတယ်။ သူများလှူတာကို ဝမ်းသာဖို့ဆိုတာ 'ထင်သလောက်မလွယ်ဘူး မောင်လူသစ်။

"ဝမ်းသာတယ်ဆိုတာ 'မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ' ဆိုတဲ့ မုဒိတာဖြစ်တာကို ပြောတာ။ ဆင်းရဲဒုက္ခရောက်နေတဲ့ လူတစ်ယောက်ကို မြင်တဲ့အခါ သနားတတ်ပေမယ့် ချမ်းသာကြွယ်ဝနေတဲ့ လူတစ်ယောက်ကို မြင်တဲ့အခါ ဝမ်းသာနိုင်ခဲတယ်။ ကရုဏာဖြစ်လွယ်ပေမယ့် မုဒိတာကျတော့ ဖြစ်ခဲတယ်။ ကိုယ်နှင့် တန်းတူလူချင်း သူက ကိုယ့်ထက်ပိုပြီး ဝတ်နိုင်စားနိုင်တယ်၊ သုံးစွဲနိုင်


mgyoe.com

mgyoe.com SAMPLE BOOK

တယ်ဆိုလျှင် ဝမ်းသာတဲ့လူ အင်မတန်ရှားတယ်။ အဆင့်အတန်းတူ၊ အလုပ်တူလူချင်း သူရာထူးတက်သွားတယ်ဆိုလျှင် ဝမ်းသာတဲ့လူ အင်မတန်ရှားတယ်။ အိမ်နားနီးချင်း ဟိုဘက်အိမ်က ကားစီးနိုင်တာကို ဒီဘက်အိမ်က ဝမ်းသာနိုင်ခဲတယ်။ ကားစီးတဲ့လူချင်း သူ ကားသစ်ကြီးဝယ်တယ်ဆိုလျှင် ကိုယ်ကလည်း ကားသစ်ဝယ်နိုင်အောင် ကျိတ်ပြီး ကြိုးစားတာပဲ။ အပြင်ပန်းကတော့ သူတို့ကားသစ်ကြီးဝယ်တာ၊ သူတို့ ကားစီးနိုင်တာ၊ စားနိုင်၊ ဝတ်နိုင်၊ သုံးစွဲနိုင်တာကို ဝမ်းသာတဲ့အနေမျိုးထင်ရအောင် ပြောတတ်ကြပါတယ်။ ဒါပေမယ့် တကယ့်အတွင်းစိတ်ကတော့ တကယ်တမ်းဝမ်းသာတဲ့လူ မရှိသလောက်ရှားတယ်။

"ကိုယ့်ထက်သာ မနာလိုတဲ့စကားအတိုင်း ကိုယ့်ထက်ပိုပြီး သုံးနိုင်စွဲနိုင်တာကို ဝမ်းသာနိုင်ခဲတယ်ဆိုတဲ့အချက်ကို သဘောပေါက်လျှင်၊ သူများလှူတာကို ဝမ်းသာနိုင်ခဲတယ်ဆိုတဲ့ အချက်ကိုလည်း သဘောပေါက်နိုင်လောက်ပါတယ်။

ဗုဒ္ဓဘာသာတွေ ဖြစ်နေတဲ့အတွက် 'အလှူလုပ်တာဟာ ကောင်းတဲ့အလုပ်ပဲ။ ကုသိုလ်ပဲ။' လို့ သိနေတယ်။ 'သူများ ကုသိုလ်လုပ်လျှင် ဝမ်းသာရမယ်။' ဆိုတာကလည်း ဓမ္မတာတစ်ခုလို ဖြစ်နေတဲ့အတွက် 'သူများလှူတာကို ဝမ်းမသာဘူး။' လို့ဆိုဖို့ အတော်ခက်နေတယ်။ အဲဒီ'အလှူဒါန' ဆိုတဲ့ ပညတ်ချက်တွေ၊ 'ကုသိုလ်ကောင်းမှု' ဆိုတဲ့ ပညတ်ချက်တွေ သူများကုသိုလ်ကောင်းမှုလုပ်လျှင် ဝမ်းသာရမယ်ဆိုတဲ့ ဓမ္မတာသဘောတွေကို ပယ်ပြီး စဉ်းစားမယ်ဆိုလျှင် လှူတယ်ဆိုတာ ပေးတာကမ်းတာ၊ ကျွေးတာမွေးတာပဲ မဟုတ်လား။ ပေးကမ်းတာ ကျွေးမွေးတာဟာ ပေးနိုင်ကမ်းနိုင်၊ ကျွေးနိုင်မွေးနိုင်လို့ပဲ ဖြစ်တယ်။ ပေးနိုင်ကမ်းနိုင်၊ ကျွေးနိုင်မွေးနိုင်တာဟာလည်း သုံးနိုင်စွဲနိုင်တာနှင့် အဓိပ္ပာယ် အတူတူပါပဲ။ ဒီတော့ 'ကိုယ့်ထက်ပိုပြီး သုံးနိုင်စွဲနိုင်တာကို ဝမ်းမြောက်နိုင်ခဲတယ်။' ဆိုလျှင် 'ပေးနိုင်ကမ်းနိုင်၊ ကျွေးနိုင်မွေးနိုင်တာကိုလည်း ဝမ်းမြောက်နိုင်ခဲတယ်။' လို့ ဆိုရမှာပေါ့။ တကယ်လို့ 'ဝမ်းမြောက်ပါတယ်။' ဆိုလျှင်လည်း ခုနပြောခဲ့တဲ့အတိုင်း အပေါ်ယံ အပြင်ပန်းက ဝမ်းမြောက်တာမျိုးပဲ ဖြစ်မယ်။ 'တကယ် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်တာမျိုးတော့ မဟုတ်နိုင်ဘူး။' ဆိုရမယ်။

" 'ဝမ်းမမြောက်ဘူး' ဆိုတာလည်း ဒီနေရာမျိုးမှာ ဝမ်းမြောက်တဲ့စိတ်


mgyoe.com

mgyee.com SAMPLE BOOK

မဖြစ်ရှိသာမဟုတ်ဘူး။ ဝမ်းမမြောက်တဲ့စိတ်၊ မနာလိုတဲ့စိတ် ဖြစ်လာတတ်တယ်။ မနာလိုတဲ့စိတ်ဟာ မကောင်းတဲ့စိတ်ပါ။ ကိုယ့်ပစ္စည်းကို တစ်ရွေးသားမျှ မထိဘဲ သူ့ပစ္စည်းနှင့်သူ သုံးနိုင်စွဲနိုင်တာကို ကိုယ်နှင့် ဘာမျှမဆိုင်ဘဲနှင့် အလိုလို မနာလို ဖြစ်နေတာဟာ မကောင်းတဲ့အကုသိုလ် ဖြစ်တယ်ဆိုလျှင်၊ သူ့ပစ္စည်းနှင့် သူ လှူတာကို ဝမ်းမြောက်ဝမ်းသာနှင့် သာဓုခေါ်တာဟာ ကုသိုလ်ဖြစ်တယ်လို့ ဆိုတဲ့ စကားဟာ သဘာဝကျတယ်လို့ ဆိုရမှာပဲ မဟုတ်လား။”

စကားအဆက်ပြတ်နေလျှင် အဓိပ္ပာယ်မဆက်မိဘဲ ဖြစ်သွားမည်စိုးသောကြောင့် ကျွန်ုပ်က စကားမပြတ်ဘဲ တစ်ဆက်တည်းပြောပြီး အနည်းငယ်ရပ်လိုက်သည့်တိုင်အောင်၊ မောင်လူသစ်က တစ်စုံတစ်ရာ မေးမြန်းခြင်း မရှိသဖြင့် ကျွန်ုပ်ကပင် ဆက်၍ပြောသည်။

“နှိုင်းယှဉ်ပြီး စဉ်းစားဖို့ တစ်ခုပြောဦးမယ်။ သူ့အသက်သတ်ခြင်း အစတဲ့ မကောင်းမှုဒုစရိုက်အရာမှာ ကိုယ်တိုင်သတ်မှ အပြစ်ရှိတာ၊ အကုသိုလ်ဖြစ်တာ မဟုတ်ဘူး။ ‘ကိုယ်တိုင်တိုက်တွန်း ချီးမွမ်းစိတ်တူ’ ဆိုတဲ့အတိုင်း သူများသတ်တာကို ဝမ်းမြောက်ဝမ်းသာနှင့် ‘ကောင်းတယ်’ လို့ ချီးမွမ်းပြောဆိုလျှင်လည်း အကုသိုလ် ဖြစ်တယ်လို့ ဆိုပါတယ်။ သတ်နေတာကို ဝမ်းမမြောက်ဘူးဆိုလျှင်တော့ အပြစ် မရှိရုံတင် မဟုတ်ဘူး။ ကုသိုလ်တောင် ရနိုင်တယ်။ ဘာကြောင့်လဲဆိုတော့ သတ်ဖြတ်နေတာကိုမြင်လို့ ‘ဝမ်းမမြောက်ဘူး’ ဆိုတာဟာ ဝမ်းမြောက်တဲ့စိတ် မဖြစ်ဘဲ နေရုံ မဟုတ်ဘူး။ ဝမ်းမမြောက်တဲ့စိတ်၊ မနှစ်မြို့တဲ့စိတ် ဖြစ်လာတာ။ ဒီတော့ တိုတိုပြောရလျှင် သူများ မကောင်းမှုလုပ်နေတာကို ဝမ်းမမြောက်လျှင် မနှစ်မြို့တဲ့ စိတ် ဖြစ်လာတတ်တဲ့အတွက် ကုသိုလ် ဖြစ်နိုင်တယ်။ အဲဒီသဘောနှင့် နှိုင်းယှဉ် စဉ်းစားလျှင်၊ ‘သူများ အလှူလုပ်တာကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်တာဟာ ကုသိုလ်ရတယ်။’ ဆိုတဲ့စကားဟာ သဘာဝမကျဘူးလို့ မဆိုနိုင်ပါဘူး။”

“ဟုတ်ကဲ့ဆရာ။ သဘောကျလောက်ပါတယ်။ ဒါဖြင့် သာဓုခေါ်တဲ့ လူလည်း အလှူရှင်နှင့် ထပ်တူထပ်မျှ ကုသိုလ်ရတယ်လို့ ဆိုရမှာပေါ့။”

“ဒီအချက်ကတော့ နည်းနည်း စဉ်းစားစရာရှိတယ်။ သာဓုခေါ်တဲ့သူ့ရဲ့ စိတ်ကိုလည်း ထည့်တွက်ရမယ်။ တချို့လူတွေ ပြောကြသလို ‘ပိုက်ဆံတစ်ပြားမျှ

mgyoe.com SAMPLE BOOK

ဓကုန်ဘဲ ပါးစပ်ကလေးစိုက်ရုံနှင့် အလှူရှင်နှင့် ထပ်တူ ကုသိုလ်ရတယ်။'ဆိုတာ စဉ်းစားစရာတော့ ကောင်းတာပဲ။ ဘုရားလက်ထက်က ဝိသာခါကျောင်းအစ်မ ကြီးဟာ ပုဗ္ဗာရုံကျောင်းကြီးဆောက်ပြီး လှူတယ်။ ကျောင်းရေစက်ချပွဲကြီး လုပ်တဲ့ အခါ အလွန်ဝမ်းသာလွန်းလို့ သူ့အဆွေခင်ပွန်းမ ၅၀၀ ကို 'သူငယ်မတို့လည်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြပါ။ ဒီကုသိုလ်ကောင်းမှုကို သူငယ်ချင်းတို့အား အမျှပေးပါတယ်။'ဆိုပြီး အမျှပေးတော့ အဆွေခင်ပွန်းမတွေက 'အဟောသာဓု, အဟောသာဓု' ဆိုပြီး သာဓုခေါ်ကြသတဲ့။

''အဲဒီ ဝိသာခါရဲ့အဆွေခင်ပွန်းမ ၅၀၀ ထဲက အမျိုးသမီးတစ်ယောက်က တော့ အထူးသဖြင့် စိတ်ထဲက လှိုက်လှိုက်လှဲလှဲဖြစ်ပြီး သာဓုခေါ်သတဲ့။ အဲဒီ အမျိုးသမီးဟာ မကြာခင်ပဲ သေသွားတော့ တာဝတိံသာနတ်ပြည်မှာ အလွန် ခမ်းနားတဲ့ဗိမာန်ကြီးမှာ နတ်သမီး ဖြစ်ရသတဲ့။ ဝိသာခါကတော့ ပစ္စည်းဥစ္စာ အမြောက်အမြားကို စွန့်လွှတ်ပြီး သဒ္ဓါတရားကောင်းကောင်းနှင့် ကျောင်းကြီး ဆောက်လှူတဲ့အတွက် နိမ္မာနရတိနတ်ဘုံမှာ 'သုနိမ္မိတ'ဆိုတဲ့ နတ်မင်းကြီး၏မိဖုရား ဖြစ်ရတယ်လို့ ကျမ်းဂန်မှာ တွေ့ဖူးတယ်။''*

''ဒီဖြစ်ရပ်ကို ထောက်လျှင်တော့ 'အလှူရှင်နှင့် ထပ်တူထပ်မျှ ကုသိုလ် ရတယ်။'လို့ မဆိုနိုင်ဘူး။ သာဓုခေါ်တဲ့အတွက် ကုသိုလ်ရတာကတော့ အမှန်ပဲလို့ ဆိုရမယ်။''

ကျွန်ုပ်က 'ကျောင်းကြီးဆောက်လှူသော ဝိသာခါနှင့် သာဓုခေါ်သော သူ့အဆွေခင်ပွန်းမတို့ အကျိုးခံစားရပုံချင်း မတူကြောင်း။ ဝိသာခါက ၅ ဆင့် မြောက်နတ်ပြည်၌ နတ်မိဖုရားကြီးဖြစ်၍ သာဓုခေါ်သောအမျိုးသမီးမှာ ၂ဆင့် မြောက်နတ်ဘုံ၌ နတ်သမီးဖြစ်ရကြောင်း။'ကို ပြောပြလိုက်သဖြင့် မောင်လူသစ် ကျေနပ်သွားလေသည်။

၀

* ဝိမာနဝတ္ထု၊ အဋ္ဌကထာ ၁၇၂။


mgyoe.com

mgyoe.com SAMPLE BOOK

## စေတနာကို တန်ဖိုးဖြတ်နိုင်သလား။

၂ ပတ်လောက်ရှိသောအခါ မောင်လူသစ် ရောက်လာပြန်သည်။

မောင်လူသစ်သည် နှုတ်ဆက်စကားပြောရင်း လက်ဖက်ရည်ကြမ်းတစ်ကျိုက်သောက်ပြီး

"သကြံန်တွင်းတုန်းက ဆွမ်းကျွေးတစ်ခုမှာ မိတ်ဆွေတွေနှင့် ဆုံမိလို့ ဆရာနှင့် ဆွေးနွေးတဲ့အကြောင်းကို ကျွန်တော်ကပြောပြပြီး ဆွေးနွေးကြသေးတယ်။" ဟု စကားစလေသည်။

"ဟုတ်လား။ ဘယ်အကြောင်းပါလိမ့်။"

"ရေစက်ချတဲ့အကြောင်းနှင့် သာဓုခေါ်ရင် ကုသိုလ်ရတဲ့အကြောင်းပါ ဆရာ။"

"မောင်လူသစ် မိတ်ဆွေတွေက ဘယ်လိုသဘောရကြသလဲ။"

"သဘောကျကြပါတယ်။ 'သာဓုခေါ်ရင် ကုသိုလ်ရတယ်။' ဆိုတာနှင့်ပတ်သက်လို့ မိတ်ဆွေတစ်ယောက်က သူ့ကိုယ်တွေ့အဖြစ်အပျက်တစ်ခုကို ပြောပြတယ် ဆရာ။ သူ ပြောတာဟာ စဉ်းစားစရာပဲ။"

"ဟုတ်လား။ ဘယ်လိုတဲ့လဲ။"

"သူတို့နေတဲ့လမ်းထဲက အိမ်တစ်အိမ်မှာ ကလေးမလေးတစ်ယောက်ကို မကြာမကြာ သရဲပူးသတဲ့။ သရဲကလည်း တခြားမဟုတ်ဘူး။ အဲဒီကလေးမလေးရဲ့ ကြီးတော်တဲ့။ အဲဒီမိန်းမကြီးက အိမ်ထောင်မရှိဘူး။ အပျိုကြီးတဲ့။ သူ့ညီမနှင့် အတူနေတာတဲ့။ နောက် သေသွားတော့ သူ့ညီမရဲ့ သမီးအငယ်ဆုံးကလေးကို စွဲလမ်းပြီး သရဲဖြစ်နေတာတဲ့။ မကြာမကြာပဲ အဲဒီကလေးမလေးကို ဝင်ပူးနေသတဲ့။ ကျွန်တော့်မိတ်ဆွေက အိမ်နီးချင်းလည်း ဖြစ်၊ လူချင်းလည်း ခင်နေတဲ့


mgyoe.com

mgyoe.com SAMPLE BOOK

အတွက် ကလေးမလေး သရဲပူးတိုင်း သူ ရောက်တယ် တဲ့။ များသောအားဖြင့် မီးခွက်ထွန်းချိန်လောက်မှ ပူးလေ့ ရှိသတဲ့။ အဲဒီလို ခဏခဏဝင်ပူးနေတာ ၁နှစ် လောက်ကြာသတဲ့။ နောက်ဆုံးတစ်ကြိမ် ဝင်ပူးတော့ သရဲက 'သူ့အတွက် ကုသိုလ် ကောင်းမှုလုပ်ပြီး သူ့ကို အမျှဝေပါ။' လို့ ပြောတယ်ဆိုပဲ။ ဒါနှင့် ဘုန်းကြီး ၅ ပါး ဆွမ်းပင့်ကျွေးပြီး သူ့ကို အမျှပေးတယ် တဲ့။ အဲဒီနောက် အခုအထိ တစ်ခါမျှ ဝင်မပူးတော့ဘူးတဲ့။ အမျှပေးတာကို သာဓုခေါ်လို့ ကုသိုလ်ရပြီး ကျွတ်သွားတာနှင့် တူတယ်လို့ မိတ်ဆွေက ပြောတယ်။''

''ဒီလိုအဖြစ်အပျက်လေးတွေ ရှိတတ်ပါတယ်။ ဆွမ်းကျွေး အမျှဝေပြီးတဲ့ နောက် မပူးတော့ဘူးဆိုတော့ မောင်လူသစ်မိတ်ဆွေ ပြောသလိုပဲ သာဓုခေါ်လို့ ကျွတ်သွားတာ ဖြစ်မှာပဲလို့ ဆိုရတော့မှာပေါ့။''

မောင်လူသစ်မှာ 'သရဲတစ္ဆေရှိသည်။' ဆိုခြင်းကို ယုံကြည်သူ မဟုတ်ပေ။ သို့ဖြစ်၍ 'သရဲပူးသည်။' ဆိုခြင်းကို ယုံချင်ဟန် မတူပေ၊ သို့ရာတွင် သူ့မိတ်ဆွေက ကိုယ်တွေ့ တကယ့်အဖြစ်အပျက်မှန်ကို ပြောခြင်းဖြစ်သဖြင့် မယုံရမှာလည်း ခက်နေပုံ ရသည်။

ထို့ကြောင့်ပင် 'သူပြောတာဟာ စဉ်းစားစရာပဲ။' ဟု စကားခံခဲ့ခြင်း ဖြစ်ဟန်တူသည်။ ကျွန်ုပ်ကလည်း အထွေအထူးမပြောဘဲ အထက်ပါအတိုင်း အလိုက်သင့်သာ ပြောလိုက်သည်။ မောင်လူသစ်က ထိုဆွမ်းကျွေးတွင် မိတ်ဆွေ များနှင့်ဆုံစဉ်က အလှူဒါနအကြောင်းနှင့်စပ်၍ တခြားအကြောင်းများကိုလည်း ဆွေးနွေးကြသေးကြောင်း ပြောပြီးလျှင်

''ဒါထက် ဆရာ။ 'ညောင်စေ့လောက် လှူလျှင် ညောင်ပင်ကြီးလောက် အကျိုးရတယ်။ ဆွမ်းကလေး တစ်ဇွန်းလောင်းတာနှင့် စကြဝတေးမင်းကြီးစည်းစိမ် ဘယ်နှကြိမ် ခံစားရတယ်။ ပန်းကလေးတစ်ပွင့်လှူတာနှင့် နတ်သမီးဖြစ်ရတယ်။' ဆိုတာတွေကို နည်းနည်းလောက် ရှင်းပါဦးဆရာ''ဟု ဆိုလေသည်။

''ဒီအဆိုတွေကို မောင်လူသစ်က မယုံလို့လား။''

''လုံးလုံး မယုံလို့တော့ မဟုတ်ပါဘူး။ 'ကောင်းတဲ့အလုပ် လုပ်ရင် ကောင်းတဲ့အကျိုး ခံစားရမယ်။ ကုသိုလ်ကောင်းမှုလုပ်ရင် ထိုက်သင့်တဲ့အကျိုး


mgyoe.com

mgyoe.com SAMPLE BOOK

ခံစားရမယ်။' ဆိုတာကိုတော့ ယုံပါတယ်။ ဒါပေမယ့် ဆွမ်းကလေးတစ်ဇွန်း လောင်းရတာနှင့် စကြဝတေးမင်းကြီးစည်းစိမ် ဘယ်နှကြိမ် ခံစားရတယ်။ ပန်းကလေးတစ်ပွင့် လှူတာနှင့် နတ်သမီး ဖြစ်ရတယ်ဆိုတော့ သိပ်ပြီး ယုတ္တိမရှိဘူး လို့ ထင်တယ်။ 'ဘုံခန်းကတော့ မြှောက်လွန်းတယ်-' ဆိုတဲ့စကားလို လှူချင်အောင် မြှောက်ပြောတာ ဖြစ်မလားလို့ ပြောချင်တယ်။''

''မောင်လူသစ်ပြောချင်တာကို ဆရာ နားလည်ပါတယ်။ ဆွမ်းလှူတဲ့အတွက် အစားအသောက်နှင့်စပ်လို့ မတောင့်မတ မကြောင့်မကြရအောင် ပြည့်စုံတဲ့အကျိုး ခံစားရတယ်။ ပန်းလှူတဲ့အကျိုးကြောင့် ရုပ်ဆင်းလှပရတယ်ဆိုတာ သဘာဝကျတယ်။ ယုတ္တိရှိတယ်။ အကြောင်းအကျိုး ဆီလျော်တယ်။ ဆွမ်းကလေးတစ်ဇွန်း, တစ်ယောက်မ လောင်းတဲ့အတွက် စကြဝတေးမင်းကြီး ဖြစ်ရတယ်။ ပန်းကလေးတစ်ပွင့် လှူတာနှင့် နတ်သမီးဖြစ်ရတယ်ဆိုတာ အကြောင်းအကျိုး မဆီလျော်ဘူး။ ယုတ္တိမရှိဘူး။ ဒီလို မဟုတ်လား။''

''ဟုတ်ပါတယ် ဆိုပါတော့''

''ကုသိုလ်က အကျိုးပေးတယ်ဆိုတာ တော်တော် စဉ်းစားရခက်တယ် မောင်လူသစ်။ သာမန်လူတို့ စဉ်းစားလို့ရနိုင်တဲ့ အရာမဟုတ်ဘူး။ စေတနာ၏ စွမ်းအင်သတ္တိကိုလည်း အတော်အသင့် စဉ်းစားနိုင်ရတယ်။ စိတ်လျင်မြန်ပုံနှင့် စိတ်၏ဆွဲဆောင်မှုသဘောကိုလည်း ထည့်တွက်ရတယ်။ အဲဒီအချက်တွေအားလုံးက သာမန်လူတို့ စဉ်းစားဖို့မလွယ်တဲ့ သဘာဝတရားတွေချည်း ဖြစ်နေတယ်။

''ဥပမာတစ်ခု စဉ်းစားဖို့ ပြောမယ်။ လူတစ်ယောက်ကို အသေးအဖွဲ့ ကိစ္စကလေးတစ်ခုအတွက် ကိုယ်က စေတနာနှင့် ကူညီလိုက်တယ် ဆိုပါတော့။ ဒီလိုကူညီလိုက်တဲ့အတွက် ဘယ်လိုအကျိုးမျိုး ပေးနိုင်သလဲ။ မောင်လူသစ် စဉ်းစားကြည့်ပါ။ သူ့ကိစ္စကို ကိုယ်က စေတနာနှင့် ကူညီလိုက်တဲ့အတွက် ကိုယ့်ကိစ္စကျတော့လည်း သူက ကျေးဇူးတုံ့ပြန်တဲ့အနေနှင့် အကူအညီပေးတယ်ဆိုတဲ့ အကျိုးမျိုးလောက်သာ ပေးနိုင်သလား။ သို့မဟုတ် သူများကို စေတနာနှင့် ကူညီလိုက်တဲ့အတွက် ကိုယ့်မှာ အကြောင်းရှိတဲ့အခါ ကူညီသူနှင့် တွေ့ရတတ်တယ်ဆိုတဲ့ အကျိုးမျိုးလောက်သာ ပေးနိုင်သလား။ ဒီလိုအကျိုးမျိုးကို ပေးတယ်ဆိုရင်တော့


mgyoe.com

mgyoe.com SAMPLE BOOK

သဘာဝကျတဲ့အတွက် ဘာမျှ အထူးပြောဖို့ မလိုပါဘူး။ တစ်ခါတလေကျတော့ ကိုယ်က ကူညီလိုက်တဲ့လူက ရာထူးအာဏာရပြီး ဟိုတုန်းက စေတနာနှင့် ကူညီလိုက်တဲ့အတွက် ကိုယ့်ကို အလုပ်အကိုင် ရာထူးရာခံရအောင် ကြည့်တဲ့အဖြစ်မျိုးလည်း ကြုံချင်ကြုံလာတတ်တယ်။ ဒီတော့ ကိုယ် ကူညီလိုက်တာက ဘာမျှ မပြောပလောက်တဲ့ အသေးအဖွဲကိစ္စကလေးသာ ဖြစ်ပေမယ့် စေတနာနှင့် ကူညီလိုက်တာဖြစ်တဲ့အတွက် ကျေးဇူးတင်ပြီး၊ သူက ပြန်ကြည့်တဲ့အခါကျတော့ အလုပ်အကိုင် ရာထူးရာခံနှင့် ပြန်ကြည့်တယ်ဆိုပါတော့။ ကိုယ်ပြုလိုက်တဲ့ကောင်းမှုက အသေးအဖွဲကိစ္စလေးမှာ ကူညီလိုက်တာ။ ရလာတဲ့အကျိုးက အလုပ်အကိုင် ရာထူးရာခံဆိုတော့ သဘာဝကျတာထက် ဟိုဘက် အများကြီး လွန်မနေဘူးလား။

"အလုပ်အကိုင် ရာထူးရာခံရတယ်ဆိုတော့ စားဖို့အတွက်လည်း မပူရတော့ဘူး။ ဝတ်ဖို့အတွက်လည်း အတော်အသင့် ပြည့်စုံလာမယ်။ နေရေးအတွက်လည်း အထိုက်အလျောက်အဆင်ပြေလာမယ်။ စားဝတ်နေရေး အထိုက်အလျောက် ဖူလုံလာမယ် ဆိုပါတော့။ ကိုယ်ပြုလိုက်တဲ့ကိစ္စ–ဆိုပါတော့ ကိုယ်ပြုလိုက်တဲ့ ကောင်းမှုက ထမင်းကျွေးတာလည်း မဟုတ်ဘူးနော်။ အဝတ်တစ်ထည်မျှ ပေးတာလည်း မဟုတ်ဘူး။ အရိပ်အာဝါသပေးတာလည်း မဟုတ်ဘူး။ အသေးအဖွဲကိစ္စလေးတွေမှာ ကူညီလိုက်တာသာဖြစ်တယ်။ အဲဒီကောင်းမှုကြောင့် ခံစားရတဲ့အကျိုးက အဝတ်လည်း ပြည့်စုံ, အစားလည်း ပြည့်စုံနေရေးအတွက်လည်း အဆင်ပြေတဲ့ အကျိုးတွေ ဖြစ်လာတယ်။ ဒါဟာ ကူညီတုန်းကထားရှိတဲ့ စေတနာရဲ့အကျိုးလို့ ဆိုရမှာပဲ မဟုတ်လား။"

"ဟုတ်ပါတယ် ဆရာ။ ကူညီတဲ့ကိစ္စ တန်ဖိုး ကြီးတာ,ငယ်တာက လိုရင်းမဟုတ်ပါဘူး။ စေတနာသာ လိုရင်းပါ။ စေတနာဆိုတာ တန်ဖိုးဖြတ်လို့ ရနိုင်တာမှ မဟုတ်ဘဲ။"

"မှန်တယ် မောင်လူသစ်။ စေတနာကို တန်ဖိုးဖြတ်လို့ မရဘူး။ 'တန်ဖိုးဖြတ်လို့မရဘူး။' ဆိုတာ တစ်မျိုးပြောမယ်ဆိုရင် 'ခန့်မှန်းလို့ မရဘူး။' လို့ ပြောရလိမ့်မယ်။ သန့်ရှင်းတဲ့စေတနာနှင့် ဆောင်ရွက်ပြုလုပ်တဲ့နေရာမှာ အဲဒီစေတနာဟာ ဘယ်လောက်အထိ တာသွားတယ်ဆိုတာ ခန့်မှန်းလို့ မရနိုင်ဘူး။

mgyoe.com SAMPLE BOOK

"ပြီးတော့ စိတ်ဆိုတာကလည်း အင်မတန်လျှင်မြန်တယ်။ မောင်လူသစ်လည်း စာတွေထဲမှာ ဖတ်ဖူး တွေ့ဖူးပါလိမ့်မယ်။ မျက်စိတ်တစ်မှိတ် လျှပ်တစ်ပြက်အချိန်ကလေးအတွင်းမှာ စိတ်ပေါင်း သိန်းသန်းမကဖြစ်တယ်ဆိုပါတယ်။ ကျမ်းဂန်ထဲမှာ ပါတဲ့အတိုင်း ပြောရလျှင် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန့်အတွင်းမှာ စိတ်အကြိမ်အပေါင်း ကုဋေ ၁ သိန်းလောက် ဖြစ်တယ်လို့ ဆိုပါတယ်။ စိတ်ဟာအဲဒီလောက် လျင်မြန်တယ်ဆိုတော့ ပန်းကလေးတစ်ပွင့် လှူလိုက်တဲ့အခိုက်အတန့်၊ ဆွမ်းကလေး တစ်ဇွန်းလောင်းလိုက်တဲ့အခိုက်အတန့်မှာ ဖြစ်ပေါ်တဲ့ ကုသိုလ်စိတ်တွေဟာ လူကသာ မသိလိုက်ပေမယ့် ကုဋေနှင့်ချီပြီး ရေတွက်ရအောင် ရှိလိမ့်မယ်လို့ဆိုနိုင်တယ်။ ကုသိုလ်စိတ်တစ်ကြိမ်ဖြစ်တိုင်း စေတနာတစ်ခုပါတဲ့အတွက် ပန်းကလေးတစ်ပွင့် လှူလိုက်တဲ့အခိုက်အတန့်၊ ဆွမ်းကလေးတစ်ဇွန်း လောင်းလိုက်တဲ့အခိုက်အတန့်မှာဖြစ်ပေါ်တဲ့ ကုသိုလ်စေတနာတွေဟာ ကုဋေနှင့်ချီပြီး ရှိနေမှာပေါ့။

" 'နှမ်းတစ်စေ့နှင့် ဆီ မဖြစ်နိုင်ဘူး။' ဆိုပေမယ့် စေတနာကတော့တစ်ခုတည်းကလည်း အကျိုးကို ဖြစ်စေနိုင်တယ်။ တစ်စေ့တည်းနှင့် ဆီမဖြစ်နိုင်ဘူးဆိုတဲ့ နှမ်းစေ့သော်မှ နှမ်းစေ့တွေ ကုဋေပေါင်းများစွာစုပြီး ကြိတ်လျှင်ဆီတစ်ပိဿာလည်း ဖြစ်လာနိုင်တယ်။ ခွက် ၁၀လည်း ဖြစ်လာနိုင်တယ် မဟုတ်လား။ တစ်ခုတည်းကလည်း အကျိုးကို ဖြစ်စေနိုင်တဲ့ စေတနာတွေ ကုဋေများစွာစုပြီး အကျိုးပေးလိုက်မယ်ဆိုလျှင် စကြဝတေးမင်းကြီးစည်းစိမ်တို့၊ သိကြားမင်းစည်းစိမ်တို့ကို ခံစားရတယ်ဆိုတာ မဖြစ်နိုင်စရာ မရှိပါဘူး။

"ပြီးတော့ စဉ်းစားစရာတစ်ခု ရှိသေးတယ်။ ပန်းလှူတဲ့အမျိုးသမီးဟာ 'နတ်ပြည်မှာ နတ်သမီးကလေးတွေ ရှိတယ်။' ဆိုတာကိုလည်း ကြားဖူးတယ်။ 'နတ်သမီးကလေးတွေဟာ သိပ်ပြီး ချောတယ်၊ လှတယ်။' ဆိုတာကိုလည်း ကြားဖူးလိမ့်မယ်။ သူကလည်း သိပ်ပြီး လှချင်တဲ့အတွက် နတ်သမီးဖြစ်ချင်တဲ့စိတ်မျိုးမကြာမကြာ ဖြစ်ခဲ့ဖူးလိမ့်မယ်။ သို့အတွက် ပန်းကလေး လှူလိုက်တဲ့အခိုက်မှာရှေးက မကြာမကြာဖြစ်ခဲ့ဖူးတဲ့ နတ်သမီးကလေးဖြစ်ချင်တဲ့ အာသာဆန္ဒဟာသူက မသိလိုက်ပေမယ့် ပန်းလှူတဲ့ကုသိုလ်စိတ်မှာ မသိမသာ ရောပြီးပါနေလိမ့်မယ်။ စေတနာတွေက ကုဋေနှင့်ချီပြီး များနေတာကလည်း တစ်ကြောင်း။ သူ၏

mgyoe.com

mgyoe.com SAMPLE BOOK
တောင့်တချက် အာသာဆန္ဒဆွဲဆောင်တာလည်း တစ်ကြောင်းကြောင့် အဲဒီ စေတနာ အရှိန်တွေ၊ အာသာဆန္ဒအရှိန်တွေ မပြေခင်၊ အရှိန်မသေခင် ရုတ်တရက် သေဆုံး သွားတာနှင့် နတ်ပြည်မှာ နတ်သမီး သွားဖြစ်ရတာပဲလို့ဆိုလျှင် 'ယုတ္တိမရှိဘူး' လို့ ပြောဖို့ မလွယ်ဘူး ထင်တယ်။

"ဆွမ်းတစ်ဇွန်းလောင်းတဲ့လူကလည်း မတတ်နိုင်လို့ ဆွမ်းကလေးတစ်ဇွန်း သာ လောင်းလိုက်ရပေမယ့် သူ့စိတ်ထဲကတော့ 'စကြဝတေးမင်းစားတဲ့ ပွဲတော် စာမျိုးကို လှူလိုက်ချင်စမ်းပါဘိ။' လို့ ဖြစ်ချင်ဖြစ်နေမယ်။ အဲဒီ စေတနာတွေက လည်း စောစောကပြောသလို ကုဋေနှင့်ချီပြီး ဖြစ်နေတယ်ဆိုတော့ ဒီစေတနာတွေ အားလုံးက စုပေါင်းပြီး စကြဝတေးမင်းကြီးဖြစ်အောင် အကျိုးပေးတာဖြစ်မှာပဲလို့ စဉ်းစားလျှင်၊ 'ဆွမ်းကလေးတစ်ဇွန်းလောင်းလို့ စကြဝတေးမင်းကြီး ဖြစ်ရတယ်။' ဆိုတာ 'ယုတ္တိမရှိဘူး' လို့ ပြောဖို့ ခက်လိမ့်မယ် ထင်တယ်။"

"ဟုတ်တော့ ဟုတ်ပါတယ်ဆရာ။ အခု ဆရာစဉ်းစားသလို ကြံဖန်ပြီး စဉ်းစားယူဆလျှင်တော့ 'ယုတ္တိမရှိဘူး' လို့ မဆိုနိုင်ပါဘူး။ ဒါပေမယ့် အခု ဆရာ ပြောတာတွေက 'ဆွမ်းကလေးတစ်ဇွန်းလောင်းလို့ စကြဝတေးမင်းကြီး ဖြစ်ရတယ်။ ပန်းကလေးတစ်ပွင့်လှူလို့ နတ်သမီးဖြစ်ရတယ်။' လို့ အဆိုရှိနေတဲ့ အတွက် ကြံဖန်ပြီး ယုတ္တိရှိအောင် တွေးတောယူဆနေသလိုများ ဖြစ်နေမလား။"

"မှန်တယ် မောင်လူသစ်။ အဆိုက ရှိနေတဲ့အတွက် ကြံဖန်ပြီး ယုတ္တိရှိ အောင် တွေးတောယူဆရတာပဲ။ 'ကုသိုလ်ကံ အကျိုးပေးတယ်။' ဆိုတာ တော်တော် စဉ်းစားရခက်တယ်လို့ စောစောက ပြောခဲ့တယ် မဟုတ်လား။ ကံအကျိုးပေးတဲ့ အရာဟာ ဆရာတို့လို သာမန်လူများ စဉ်းစားနိုင်တဲ့အရာ မဟုတ်ဘူး။ 'ကံအကျိုး ပေးပုံကို မကြံစည်ရဘူး။' ဆိုတဲ့စကားကို မောင်လူသစ် ကြားဖူးမှာပေါ့။ 'မကြံစည် ရဘူး' ဆိုတာက ပုထုဇဉ်တွေ ဉာဏ်မမီနိုင်တဲ့အရာဖြစ်လို့ ပြောတာ ဖြစ်မှာပဲ။ ကံ၏ အကျိုးပေးပုံဟာ ဆရာတို့ ဉာဏ်မမီနိုင်ပါဘူး။

"ဒါကြောင့် ကြံဖန်ပြီး ယုတ္တိရှိအောင် တွေးတောယူဆသလို ဖြစ်နေတာပါ။ 'ဆွမ်းကလေး တစ်ဇွန်းလောင်းတာနှင့် စကြဝတေးမင်းကြီး ဖြစ်ရတယ်။' ဆိုပေမယ့် ဒီလိုတော့ ရှိတယ်။ 'စေတနာ အကျိုးပေးတယ်။' ဆိုတာ အကျိုးပေးဖို့ အခြေအနေ


mgyoe.com

mgyoe.com SAMPLE BOOK

က ဖန်တီးလာမှ အကျိုးပေးတတ်တယ်။ ဘာမဆို ထင်ရှားတဲ့အကျိုးတရား ဖြစ်ပေါ်လာတယ်ဆိုတာ အကြောင်းတစ်ခုတည်းကြောင့် ဖြစ်ပေါ်လာတာ မဟုတ်ဘူး။ ဆွမ်းကလေးတစ်ဇွန်းလောင်းတဲ့ ကုသိုလ်က စကြဝတေးမင်းကြီးဖြစ်ဖို့ အကျိုးပေးတဲ့အခါမှာ အဲဒီလို အကျိုးပေးနိုင်ဖို့အတွက် အခြားအကြောင်းတွေက အခြေအနေပြည့်စုံအောင် ဖန်တီးမှုလည်း ရှိရသေးတယ်။

"ဥပမာ စကြဝတေးမင်းဖြစ်နိုင်တဲ့ အချိန်အခါမျိုးမှာ လူဖြစ်ရတာတို့, စကြဝတေးမင်း၏ မိဘဖြစ်နိုင်လောက်တဲ့ မိဘထံမှာ လူဖြစ်ရတာတို့, ဥပဓိရုပ် လက္ခဏာပြည့်စုံတဲ့ မင်းသား ဖြစ်ရတာမျိုးတို့ စသည်ဖြင့် တခြားလိုအပ်တဲ့ အကြောင်းအင်္ဂါတွေ ပြည့်စုံညီညွတ်ဖို့ကလည်း လိုသေးတယ်။ အဲဒီလို အခြေအနေက ဖန်တီးပေးမှလည်း ဆွမ်းတစ်ဇွန်းလောင်းတဲ့ကုသိုလ်က စကြဝတေးမင်းဖြစ်အောင် အကျိုးပေးမှာပေါ့။

"လူတစ်ယောက်ကို အသေးအဖွဲကိစ္စလေးတစ်ခုမှာ စေတနာနှင့် ကူညီလိုက်တဲ့အတွက် အလုပ်အကိုင်, ရာထူးရာခံရတယ်လို့ စာစောက ပြောခဲ့တဲ့ စကားမှာလည်း အဲဒီကူညီတဲ့လူက ဒီရာထူးနှင့် ထိုက်တန်တဲ့ အရည်အချင်းလည်း ရှိမှ၊ ပြီးတော့ ရာထူးနေရာကလည်း အဆင်သင့်ရှိမှ ဖြစ်နိုင်ပါတယ်။ 'ကိုယ့်အပေါ်မှာ စေတနာနှင့် ကူညီတဲ့လူ ဖြစ်တယ်။' ဆိုပြီး ကြည့်ချင်ပေမယ့် ထိုက်တန်တဲ့ အရည်အချင်းမရှိရင် ရာထူးပေးလို့ မဖြစ်ပါဘူး။ ရာထူးနေရာ မလစ်လပ်ရင်လည်း ပေးနိုင်မှာ မဟုတ်ပါဘူး။ သို့ပေမယ့် စေတနာနှင့် ကူညီလိုက်တဲ့အတွက် အဲဒီ စေတနာကတော့ အချည်းနှီး မဖြစ်ပါဘူး။ တစ်ခါတစ်ခါမှာ ထိုက်တန်တဲ့ တုံ့ပြန်မှုကို ရမှာ အမှန်ပါပဲ။ စေတနာဟာ ဘယ်တော့မှ အချည်းနှီး ပျောက်ပျက်မသွားပါဘူး"

ကျွန်ုပ်က စကားတန်းလျားရှည်ကြီး ပြောနေသော်လည်း မောင်လူသစ်မှာ စိတ်ပါလက်ပါပင် နားထောင်နေသည်ကို တွေ့ရသည်။ ကျွန်ုပ် စကားဖြတ်လိုက်သောအခါ မောင်လူသစ်သည် သူ မကျေမလည်ဖြစ်နေသော 'ညောင်စေ့လောက်လျှုလျှင် ညောင်ပင်ကြီးလောက် အကျိုးရတယ်။ ဆွမ်းကလေးတစ်ဇွန်း လောင်းတာနှင့် စကြဝတေးမင်းကြီးစည်းစိမ် ဘယ်နှကြိမ် ခံစားရတယ်။ ပန်းကလေး


mgyoe.com

mgyoe.com SAMPLE BOOK

တစ်ပွင့်လှျှတာနှင့် နတ်သမီးဖြစ်ရတယ်။'ဆိုသော ပြဿနာအတွက် သူ့ဘာသာပင် အဖြေထုတ်သကဲ့သို့ "စေတနာ စေတနာ"ဟု ရွတ်ဆိုရင်း

"စေတနာရဲ့ အတိုင်းအတာဟာ ခန့်မှန်းလို့ မရနိုင်ဘူး။ 'စေတနာဟာ ဘယ်တော့မှ့ အချည်းနှီး ပျောက်ပျက်မသွားဘူး။'ဆိုတဲ့ စကားတွေဟာ မှတ်သားဖို့ ကောင်းပါတယ်ဆရာ။ ဒါကြောင့်လည်း 'စေတနာကို တန်ဖိုးဖြတ်လို့ မရဘူး။' လို့ ပြောကြတာပဲ။"ဟု ဆိုလေသည်။

၀


mgyoe.com

mgyoe.com SAMPLE BOOK

## စေတနာအကျိုး

'စေတနာကို တန်ဖိုးမဖြတ်နိုင်ကြောင်း' ဆွေးနွေးပြီးနောက် စေတနာ အကြောင်းကိုပင် ဆက်ပြီးဆွေးနွေးကြသည်။

မောင်လူသစ်က

"စေတနာဟာ ဘယ်တော့မျှ အချည်းနှီး ပျောက်ပျက်မသွားဘူးဆိုတဲ့ စကားဟာ ကုသိုလ်ကောင်းမှုလုပ်တဲ့အခါမှာ ပါတဲ့စေတနာနှင့်သာ ဆိုင်သလား ဆရာ။ လောကလူမှုကိစ္စတွေ ဆောင်ရွက်တဲ့အခါမှာပါတဲ့ စေတနာလည်း အတူတူပဲ မဟုတ်လား။"ဟု မေးသည်။

"အခုဆွေးနွေးတဲ့ စေတနာမျိုးမှန်ရင် အတူတူချည်းပဲလို့ ဆိုလို့ရမှာပဲ။ စာထဲပေထဲမှာပါတာကတော့ စေတနာနှင့် စေ့ဆော်ပြုလုပ်အားထုတ်ဆည်းပူးတဲ့ ကုသိုလ်,အကုသိုလ်ကံဟာ အကျိုးမပေးရဘဲ ပျောက်ပျက်မသွားဘူးလို့ ပါပါတယ်။ ဒသက၊ အင်္ဂုတ္တိုရ် ပါဠိတော်။ ဘာသာရေးအရ ကုသိုလ်, အကုသိုလ် လုပ်တဲ့နေရာမှာသာ မဟုတ်ပါဘူး။ လူမှုရေးအရ ကူညီဆောင်ရွက်တဲ့ နေရာမှာလည်း စေတနာနှင့် ကူညီဆောင်ရွက်ရင် အချည်းနှီးမဖြစ်ပါဘူး။ စေတနာကောင်းထားရင် ထားသလောက် အကျိုး ခံစားရတတ်ပါတယ်။"

" 'ကိုယ့်စေတနာ ကိုယ့် ပြန်အကျိုးပေးတယ်' လို့ လူကြီးတွေပြောကြတာဟာ ဒီသဘော မဟုတ်လား ဆရာ"

"ဟုတ်ပါတယ်။ မြန်မာတွေဟာ အထူးသဖြင့် အခု လူကြီးပိုင်းရောက်နေတဲ့လူတွေဟာ စေတနာနှင့်စပ်ပြီး ဘုန်းကြီးတွေဟောတဲ့တရားတွေ, ၅၅၀ နိပါတ်တွေထဲက စေတနာကောင်းထားတဲ့အတွက် ကြီးပွားချမ်းသာရတဲ့ ဝတ္ထုတွေ,



mgyoe.com

mgyoe.com SAMPLE BOOK

မကောင်းတဲ့စေတနာနှင့် သူများကို နှိပ်စက်တဲ့အတွက် ဘေးဒုက္ခတွေ့ရတဲ့ဝတ္ထု တွေကို ကြားဖူးနားဝရှိနေတဲ့အတွက် စေတနာဟာ ဘယ်တော့မှ အချည်းနှီး ဖြစ်မသွားဘူး။ တစ်နေ့နေ့မှာ ကိုယ့်စေတနာက ကိုယ့် ပြန်အကျိုးပေးတာပဲဆိုတာ ကို ယုံကြည်နေကြပါတယ်။

"ဘာသာရေးကို ယုံကြည်တဲ့ အရင်းခံ သဒ္ဓါတတ်ခံကလည်း ရှိ၊ မကြာ မကြာ ကြားနေရလို့ နားရည်ဝနေတဲ့အတွက် သဘောလည်း တော်တော်ပေါက် နေတဲ့အပြင် ကိုယ့်စေတနာအတိုင်း ကိုယ့်ပြန်အကျိုးပေးတာတွေကိုလည်း တွေ့မြင် နေရတော့ ယုံကြည်ကြတော့တာပေါ့။

"ကိုယ့်စေတနာ ကိုယ့် ပြန်အကျိုးပေးတယ်ဆိုတာ စာတွေပေတွေထဲမှာ ရှာနေဖို့ မလိုပါဘူး။ လောကမျက်မြင်ပဲ။ ကိုယ့်စေတနာအတိုင်း ကိုယ့် ပြန်အကျိုး ပေးနေတဲ့ဖြစ်ရပ်တွေကို အများကြီးတွေ့နိုင်ပါတယ်။ လူတစ်ဖက်သားကို ကူညီ တတ်တဲ့လူဟာ အကူအညီပေးတဲ့လူနှင့် တွေ့ရတတ်သလို၊ လူတစ်ဖက်သားကို စိတ်ဆင်းရဲအောင် လုပ်တဲ့လူဟာ ကိုယ့်ကို စိတ်ဆင်းရဲအောင်လုပ်တဲ့လူနှင့် တွေ့ရ တတ်ပါတယ်"

"ကိုယ့်စေတနာ ကိုယ့်ပြန်အကျိုးပေးတယ်ဆိုတဲ့စကားဟာ ခြွင်းချက် မရှိတော့ဘူးလားဆရာ။ ဆရာပြောတဲ့အတိုင်း မျက်မြင်လောကမှာပါ သူ့စေတနာ အတိုင်း သူ့ ပြန်အကျိုးပေးနေတဲ့ ဖြစ်ရပ်တွေကို မကြာမကြာ တွေ့ရတယ်ဆိုတာ ဟုတ်ပါတယ်။ ဒါပေမယ့် စေတနာနှင့် ကူညီဆောင်ရွက်လိုက်ပေမယ့် ဒီစေတနာ ရဲ့အကျိုး ပေါ်မလာတာလည်း ရှိတယ်။ တစ်ခါတလေကျတော့ 'စေတနာက ဝေဒနာဖြစ်' ဆိုတာလို ကိုယ်က စေတနာနှင့်ပြောတာ၊ စေတနာနှင့်ကူညီဆောင်ရွက် တာဖြစ်ပေမယ့် တလွဲအထင်ခံရပြီး မကောင်းတဲ့တုံ့ပြန်မှု ဖြစ်လာတတ်တာကိုပင် တွေ့ရတယ်။ ဒါမျိုးတွေကတော့ 'ကိုယ့်စေတနာ ကိုယ့်ပြန် အကျိုးပေးတယ်' ဆိုတဲ့ အဆိုနှင့် ဘယ်နှယ်နေမလဲ။"

"စေတနာနှင့် စေ့ဆော်ပြုလုပ်အားထုတ်ဆည်းပူးထားတဲ့ ကုသိုလ်၊ အကုသိုလ်ကံဟာ အကျိုးမပေးရဘဲ ပျောက်ပျက်မသွားဘူးလို့ ခုနက ပြောခဲ့တဲ့ စကားဟာ မြတ်စွာဘုရား ဟောခဲ့တဲ့စကားပါ။ မြတ်စွာဘုရားဟာ အမှန်တရားကို


mgyoe.com

mgyoe.com SAMPLE BOOK
သိတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်လို့ 'မြတ်စွာဘုရားဟောတဲ့ စကားဟာ မှန်ကန်တယ်'လို့ စိတ်ချလက်ချ ယုံကြည်နိုင်ပါတယ်။

''ဒီစကားကို အခြေခံထားပြီး ပြောရရင် 'ကိုယ့်စေတနာ ကိုယ့်ပြန်အကျိုးပေးတယ်'ဆိုတဲ့ စကားဟာ ခြွင်းချက်မရှိဘူးလို့ ဆိုရမှာပဲ။ 'စေတနာနှင့် ကူညီဆောင်ရွက်လိုက်ပေမယ့် စေတနာ၏အကျိုး ပေါ်မလာဘူး'ဆိုတာကတော့ အချိန်မကျသေးလို့ ဖြစ်ချင်ဖြစ်မယ်။ သို့မဟုတ်-အကျိုးပေါ်တာက ထင်ထင်ရှားရှားကြီး မဟုတ်တဲ့အတွက် လူက မသိလိုက်လို့ ဖြစ်ချင်ဖြစ်နိုင်ပါတယ်။

'' 'စေတနာကြောင့် ဝေဒနာဖြစ်'ဆိုတာမျိုးကတော့ ပြုမူပုံ လွဲမှားသောကြောင့် ဖြစ်ပါလိမ့်မယ်။ ဥပမာ စေတနာနှင့်ပြောတာ ဖြစ်ပေမယ့် မပြောထိုက်တဲ့ အခါမျိုး လူရှေ့သူရှေ့ စသည်မှာ ပြောလျှင် အပြောခံရတဲ့လူက မခံချင် ဖြစ်တတ်ပါတယ်။ အဲဒါမျိုးကျတော့ စေတနာနှင့် မဆိုင်တော့ဘူး။ ပြုမူပုံလွဲမှားမှုနှင့် ဆိုင်တယ်။ စေတနာနှင့်မှားတာဖြစ်ပေမယ့် မှားတဲ့အတွက် မကောင်းတဲ့အကျိုးတော့ ပေါ်လာမှာပဲ။ သို့ပေမယ့် စေတနာနှင့်မှားတာ ဖြစ်လို့ အပြစ်တော့ မတင်ထိုက်ဘူးပေါ့လေ။ တစ်ခါတလေ ကိုယ်ဖို့ ပြောမှန်း မသိ၊ သူ့ဖို့ ပြောမှန်း မသိတဲ့ လူစားမျိုးကို စေတနာနှင့် ပြောမိ၊ကူညီမိရင်လည်း မကောင်းတဲ့တုံ့ပြန်မှု အကျိုးဖြစ်လာတတ်တယ်။ ကိုယ့်စေတနာကိုလည်း နားလည်နိုင်တဲ့အခြေခံ မရှိရင် စေတနာနှင့် ကူညီတာဖြစ်ပေမယ့် ဝေဒနာ ဖြစ်လာတတ်ပါတယ်။ ဒါလည်း စေတနာနှင့် မဆိုင်ပါဘူး။ မိမိပြုမူပုံ မှားယွင်းမှုကြောင့် ဖြစ်တယ်ဆိုရမှာပဲ။ တိုတိုပြောရရင် 'စေတနာကြောင့် ဝေဒနာဖြစ်တယ်' ဆိုတာတွေဟာ ကောင်းတဲ့စေတနာကြောင့် မကောင်းတဲ့အကျိုး တုံ့ပြန်လာတာကို မဆိုနိုင်ပါဘူး။ 'စေတနာနှင့် မှားယွင်းတဲ့ မှားယွင်းမှုရဲ့ဒဏ်'လို့ ဆိုရလိမ့်မယ် ထင်ပါတယ်။ မှားယွင်းတာ ဖြစ်သည့်တိုင်အောင် စေတနာနှင့် မှားယွင်းတဲ့နေရာမှာ စေတနာအတွက်ကတော့ အချည်းနှီးမဖြစ်တတ်ပါဘူး။ အကြောင်းညီညွတ်တဲ့အခါမှာ အကျိုးပေါ်လာမှာပါပဲ။''

ယခုခေတ် လူငယ်လူရွယ်များသည် ကံကို ကောင်းစွာ မယုံကြည်ချင်ကြပေ။ ယင်းသို့ မယုံကြည်ချင် ဖြစ်နေကြခြင်းမှာလည်း ကံအကြောင်းနှင့်စပ်၍ အကြောင်းအကျိုး ဆီလျော်အောင် မစဉ်းစားတတ်ကြသောကြောင့် ဖြစ်သည်။-


mgyoe.com

mgyoe.com SAMPLE BOOK

ဟု သဘောရသည်။ ယခုခေတ်လူငယ်များမှာ အကြားအမြင် ဗဟုသုတနှင့် အသိဉာဏ် အယူအဆဘက်တွင် ရှေးကလူငယ်များထက်ပင် သာသဖြင့်၊ အကယ်၍ အကြောင်းအကျိုးဆီလျော်အောင် ရှင်းပြလျှင် ကံအကြောင်းကို ကောင်းစွာ သဘောပေါက်လာနိုင်သည်။-ဟု ယုံကြည်ပေသည်။ သို့ဖြစ်၍ မောင်လူသစ်အား ကံအကြောင်းကို သဘောပေါက်ရန် အခြေခံပေးလိုသည့်အတွက် အမြဲထိတွေ့နေရသော လူမှုရေးကိစ္စများတွင်ပါသည့် စေတနာအကြောင်းကို အသေးစိတ် ရှင်းပြနေခြင်းဖြစ်သည်။

ကျွန်ုပ်စကား ဆုံးသောအခါ မောင်လူသစ်က

"စေတနာကိုတော့ ကျွန်တော်လည်း ယုံပါတယ်ဆရာ။ စေတနာကောင်းထားတဲ့အတွက် အချည်းနှီးမဖြစ်ဘူးဆိုတာကို ကျွန်တော်ကိုယ်တိုင် အများကြီး ကြုံခဲ့ရဖူးပါတယ်။ တစ်ခုတော့ ပြောချင်တယ်ဆရာ။ 'စေတနာနှင့်လုပ်ရင် အကျိုးပေးမှာ'ဆိုပြီး အကျိုးကိုမျှော်ကိုးပြီး လုပ်တာမျိုးကျတော့ အဲဒီစေတနာဟာ တကယ် အကျိုးပေးမလား။"

"အကျိုးပေးတယ်ဆိုတာ သန့်ရှင်းတဲ့စေတနာကသာ အကျိုးပေးတတ်ပါတယ်။ တစ်စုံတစ်ရာကို မျှော်ကိုးပြီးလုပ်တဲ့ စေတနာဟာ သန့်ရှင်းတဲ့စေတနာ မဟုတ်ပါဘူး။ တကယ်ဆိုတော့ တစ်စုံတစ်ရာကို မျှော်ကိုးပြီးလုပ်တယ်ဆိုတာ 'စေတနာ'လို့ ဆိုဖို့တောင် ခက်ပါတယ်။ စေတနာမှာ မျှော်ကိုးတဲ့သဘော မပါပါဘူး။ စေတနာဟာ ရယူချင်တဲ့သဘော မဟုတ်ပါဘူး။ ပေးကမ်းတဲ့ သဘောပါ။ 'စေတနာနှင့်ပြောတယ်။ စေတနာနှင့်ကူညီတယ်။ စေတနာနှင့် ပေးကမ်းတယ်။' စသည်ဖြင့် စေတနာနှင့် ပြုလုပ်တဲ့ ကိစ္စတွေမှာ တကယ်စစ်မှန်တဲ့ စေတနာဟာ ရယူလိုခြင်း မဟုတ်ပါဘူး။ ပေးကမ်းခြင်းသက်သက်ပါ။ တိုတိုပြောရရင် စေတနာဟာ အယူမဟုတ်ပါဘူး။ အပေးပါ။ သို့ပေမယ့် မလိုချင်အောင်ရတဲ့ အပေးပဲ"

"မလိုချင်အောင် ရတဲ့အပေး။ ဟုတ်လားဆရာ။ တယ်ဆန်းတဲ့စကားပါလား"

"စေတနာရဲ့သဘောကို ဆရာနားလည်သလို အဓိပ္ပာယ်ပြန်ခြင်း ဖြစ်ပါတယ်။ စေတနာနှင့်ပြုလုပ်တဲ့ ကိစ္စတွေမှာ စေတနာဟာ ကိုယ့်ဆီက ထွက်သွားတဲ့



mgyoe.com

mgyoe.com SAMPLE BOOK

တရားပဲ။ ဒါပေမယ့် တစ်နေ့နေ့မှာ တစ်နည်းနည်းနှင့် ကိုယ့်ဆီ ပြန်လာတတ်ပါတယ်။ ပြန်လာတဲ့အခါ မမျှော်လင့်တဲ့ လက်ဆောင်ပစ္စည်းတွေ ပါလာတတ်တယ်။ ကိုယ့်စေတနာ သန့်ရှင်းစစ်မှန်လေလေ ပြန်လာတဲ့အခါ လက်ဆောင်ပစ္စည်းများ လေလေပဲ။ ကောင်းတဲ့စေတနာကို ပြောတာနော်။ 'မကောင်းတဲ့စေတနာ' ဆိုရင်တော့ ကိုယ့်ကိုနှိပ်စက်ဖို့ လက်နက်တွေ ပါလာတယ်။ စေတနာဟာ ကိုယ့်ဆီက လက်ချည်းသက်သက် ထွက်သွားပေမယ့်၊ ပြန်လာတဲ့အခါ လက်ဆောင်ပစ္စည်း သို့မဟုတ် လက်နက်ကို ယူပြီးလာတယ်။"

"သဘောပေါက်ပါတယ်ဆရာ"

"လက်ဆောင်ပစ္စည်း ပါလာတဲ့အဖြစ်အပျက်တွေရော၊ လက်နက်ဖြစ်လာတဲ့ အဖြစ်အပျက်တွေရော မျက်မှောက်ဘဝမှာ တွေ့ရတတ်ပါတယ်။ အဖြစ်အပျက်ကလေးတစ်ခုကို ပြောမယ်။ တစ်ခါတုန်းက ဆိုပါတော့။ ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုံးရပ်ကွက်ကလေးမှာ ၁၆ နှစ်-၁၇ နှစ် အရွယ်လောက်ရှိတဲ့ သူငယ်ကလေးတစ်ယောက်ဟာ လက်ဆွဲပုံး ၂ လုံးကို ထမ်းပိုးနှင့်ချိတ်ပြီး ရေထမ်းလာတယ်။ သူ့အိမ်နှင့် နီးလာတော့ ခပ်လှမ်းလှမ်းမှာ သူနှင့် ရင်ဆိုင်လာတဲ့လူတစ်ယောက်ကို မြင်လို့ လှမ်းကြည့်လိုက်မိတယ်။ သူ လှမ်းကြည့်လိုက်တဲ့အခိုက်မှာပဲ ဒီလူဟာ လျှောက်လာရင်းက ရုတ်တရက် လဲသွားတယ်။ ဒီတော့ သူငယ်ကလေးဟာ ရေထမ်းကလေးကိုချပြီး ကပျာကယာပြေးသွားပြီး-

" 'ဦး-ဦး။ ဘယ်လိုဖြစ်သွားတာလဲ။ ဘယ်နေရာ ထိသွားသလဲ။' ဆိုပြီး ထူပေးတယ်။ လဲသွားတဲ့လူဟာ သူငယ်ကလေးဟာ ထူပေးလို့ သတိရလာပေမယ့် ရုတ်တရက် မထနိုင်ဖြစ်နေတယ်။ သူငယ်ကလေးဟာ အဲဒီလူကြီးကို မနိုင့်တနိုင်နှင့် အတင်းထူပေးပြီး သူ့အိမ်ကို တွဲခေါ်သွားတယ်။ အိမ်ရောက်တော့ အိမ်ရှေ့ကပြင်မှာ အသာထိုင်စေပြီး သွေးဆေးတို့၊ ဘမ်းပရုပ်ဆီတို့နှင့် သူတတ်သမျှ မှတ်သမျှ ပြုစုပေးတယ်။ ရပ်ကွက်အစွန်လည်း ကျ၊ လူပြတ်တဲ့အခိုက်လည်း ဖြစ်လို့ ဒီလိုဖြစ်တာကို အနားကအိမ်တွေက ဘယ်သူမှ မသိကြဘူး။ သူငယ်ကလေးက ပြုစုပေးတာနှင့်ပဲ လူကြီးဟာ တော်တော်သက်သာသွားတယ်။

"လူကြီးက 'အေးကွယ်- ကျေးဇူးတင်လိုက်တာ။ ဦး ဘယ်လိုဖြစ်သွားမှန်း


mgyoe.com

mgyoe.com SAMPLE BOOK

မသိပါဘူးကွာ။ လမ်းလျှောက်လာရင်း မိုက်ခနဲဖြစ်ပြီး ခြေထောက်ကလည်း ခလုတ်တိုက်လိုက်တာနှင့် ရုတ်တရက် မဟန်နိုင်ဘဲ ဖြစ်သွားတယ်။ မင်း လာထူပေးလို့ပဲ။ နို့မဟုတ်ရင် ဦး ဘယ်လိုဖြစ်မယ်မသိဘူး' လို့ ကျေးဇူးတင်စကားပြောတယ်။ သူငယ်ကလေးဟာ လူကြီးသက်သာသွားကြောင်း သိတာနှင့် သစ်သားနှင့်လုပ်ထားတဲ့ လက်ဖက်ရည်ကြမ်းခြင်းကို ယူလာပြီး 'ဦး။ နည်းနည်းနွေးသွားအောင် ရေနွေးကြမ်း သုံးဆောင်ပါ။ အဖေပြန်လာရင် သောက်ရအောင် ခုနကလေးတင် ကျွန်တော် တည်ထားတာပါ။' လို့ ပြောပြီး လက်ဖက်ရည်ကြမ်းတစ်ခွက်ငှဲ့ထည့်ပေးတယ်။ လူကြီးက လက်ဖက်ရည်ကြမ်းပန်းကန် ယူသောက်တော့ 'ဦး။ ခဏနေပါဦး။ ကျွန်တော် ရေထမ်းသွားယူလိုက်ပါဦးမယ်' ဆိုပြီး ချထားခဲ့တဲ့ ရေထမ်းကလေးကို ပြေးထမ်းတယ်။ အိမ်ရောက်တော့ ရေထမ်းကလေးကို ချတည့်ပြီး လူကြီးနားမှာ လာထိုင်တယ်။

'မင်းအဖေ ဘယ်သွားသလဲကွယ့်'

'လက်သမား သွားလုပ်ပါတယ်'

'အမေကကော'

'အမေက ဈေးသွားရောင်းပါတယ်'

'ဟုတ်လား။ ဘာရောင်းသလဲ'

'ဟင်းရွက် ရောင်းပါတယ်'

''လူကြီးက လက်ဖက်ရည်ပန်းကန်ကို ပြန်ထားပြီး အိမ်ကလေးအတွင်းသို့ မသိမသာ လှမ်းကြည့်ရင်း 'ဒါထက် မင်းနာမည် ပြောပါဦး။ ဘယ်လိုခေါ်သလဲ။' လို့ မေးလိုက်တယ်။

'မောင်သန်းဌေး ခေါ်ပါတယ်'

''လူကြီးဟာ သူငယ်ကလေးမျက်နှာကို ကြည့်လိုက်မိတယ်။ သူငယ်ကလေးဟာ အသားလတ်လတ်, မျက်နှာပေါ်ပေါ်နှင့် သူ့မျက်လုံးမှာ ရှိုးသားတဲ့ အသွင်ကို တွေ့ရတယ်။ ဝတ်ထားတဲ့ အဝတ်အစားများမှာ ဟောင်းနွမ်းပေမယ့် ညစ်ပတ်ပေရေခြင်းတော့ မရှိဘူး။ သို့ပေမယ့် သူငယ်ကလေးရဲ့အသွင်အပြင်နှင့် အိမ်ကလေးအခြေအနေကို ကြည့်ခြင်းအားဖြင့် ဆင်းရဲသူဆင်းရဲသား ဆိုတာက


mgyoe.com

mgyoe.com SAMPLE BOOK

တော့ ထင်ရှားနေတယ်။

'မောင်သန်းဌေး ဘယ်ကျောင်းမှာနေလဲ'

'...ကျောင်းမှာ နေပါတယ်'

'ဘယ်နှတန်းလဲ'

'၇ တန်းပါ'

'ဒီနေ့ကျောင်းအားလို့ ရေခပ်နေတာလား'

'ကျောင်းအားလို့ မဟုတ်ပါဘူး။ ကျွန်တော် နေ့တိုင်း ရေခပ်ပါတယ်။ အမေက အစောကြီး ဈေးရောင်းသွားရတော့ ရေမခပ်အားပါဘူး။ ကျွန်တော်ပဲ နေ့တိုင်း ကျောင်းမသွားခင် ထမင်းချက်ဖို့ရော, အမေရေချိုးဖို့ ရေရောခပ်ပါတယ်။ အဖေကတော့ သူ့ဘာသာ သွားချိုးပါတယ်။'

''မောင်သန်းဌေးက ပြောလိုက်တော့ လူကြီးက 'သြော်- ဟုတ်လား' ဲ့ပြီး ဘာမျှမပြောဘဲ ငြိမ်နေတယ်။ တအောင့်လောက် ကြာတော့ -

'အေးကွယ်- မောင်သန်းဌေး။ ကျေးဇူးတင်ပါတယ်။ ဦး သွားဦးမယ်' ဆိုပြီး သွားဖို့ပြင်တယ်။ မောင်သန်းဌေးက 'ဦး လမ်းလျှောက်နိုင်ပါ့မလား။ ခလုတ်တိုက်မိတဲ့နေရာကို ပရုပ်ဆီ လိမ်းပါဦး' ဆိုပြီး ပရုပ်ဆီလိမ်းပေးလိုက်သေးတယ်။

''အဲဒီအဖြစ်အပျက်ဖြစ်ပြီး နောက် ၃ နှစ်ကျော်ကျော်လောက် ကြာတော့ ရုံးတစ်ရုံးမှာ အောက်တန်းစာရေးတစ်ယောက် လိုတယ်ဆိုလို့ အလုပ်လျှောက်တဲ့ လူတွေအများကြီးထဲက အသင့်တော်ဆုံး ၁၀ ယောက်ကို အရာရှိက လူကိုယ်တိုင် ခေါ်တွေ့တယ်။ အဲဒီ ၁၀ ယောက်ထဲမှာ မောင်သန်းဌေး ပါတယ်။ မောင်သန်းဌေး အလှည့်ရောက်လို့ ဝင်သွားတော့ အရာရှိဟာ မောင်သန်းဌေး လျှောက်လွှာကို ကိုင်ကြည့်နေရင်းက ဝင်လာတဲ့ မောင်သန်းဌေးကို လှမ်းကြည့်ပြီး ''ထိုင်ပါ''လို့ ပြောလိုက်တယ်။ ပြီးတော့ လျှောက်လွှာထဲက နေရပ်လိပ်စာကို ကြည့်ပြီး 'မောင်သန်းဌေး' လို့ သူ့ဘာသာသူဆိုရင်းက 'မောင်သန်းဌေး ရွှေဂုံတိုင်မှာနေတာ ဘယ်လောက် ကြာပြီလဲ' လို့ မေးလိုက်တယ်။

'၂ ရက်လောက် ရှိပါပြီ။'


mgyoe.com

mgyoe.com SAMPLE BOOK

'အရင်က ဘယ်မှာနေသလဲ။'

'ဘောက်ထော်မှာပါ။'

'ဪ-ဟုတ်လား။ ဘာဖြစ်လို့ ရွှေဂုံတိုင်ကို ပြောင်းလာတာလဲ။'

'ကျွန်တော့်အဖေ ဆုံးသွားလို့ ကျွန်တော့်အမေရဲ့ အစ်မများနှင့်အတူ လာနေတာပါ။'

''မောင်သန်းဌေးဟာ ပထမတော့ ဘာဖြစ်လို့များ မဆီမဆိုင်တာတွေ မေးနေပါလိမ့်လို့ ထင်မိတယ်။ သို့ပေမယ့် ဒီလိုမေးတဲ့အတွက် သူ့မှာ အဖေမရှိ ကြောင်း ပြောဖို့ အခွင့်ပေါ်လာတော့ တစ်နည်းအားဖြင့် ဝမ်းသာသလို ဖြစ်သွား တယ်။

'ဪ- မောင်သန်းဌေးမှာ အဖေမရှိဘူးလား။ မင်းအဖေက ဘာလုပ် သလဲ။'

'လက်သမား လုပ်တယ်။'

''အရာရှိဟာ နောက်ထပ် ဘာမေးခွန်းမျှ မမေးတော့ဘဲ မောင်သန်းဌေးကို အကဲခတ်သလို ကြည့်နေပြီး တအောင့်ကြာတော့ 'ကဲ-သွားနိုင်ပါပြီ။'လို့ ပြော လိုက်တယ်။

''နောက်တစ်ပတ်ကြာတော့ မောင်သန်းဌေးဟာ အဲဒီရုံးမှာ စာရေးဖြစ်သွား တယ်။ မောင်သန်းဌေးကတော့ ဒီအရာရှိဟာ ဟိုတုန်းက လမ်းလျှောက်ရင်း လဲသွားလို့ သူပြုစုပေးလိုက်ရတဲ့လူကြီး ဖြစ်တယ်ဆိုတာကို မသိဘူး။''

ကျွန်ုပ်သည် ပုံဝတ္ထုလေး ဆုံးသွားသဖြင့် ခဏနားနေလိုက်သည်။ မောင် လူသစ်က စိတ်ဝင်စားစွာ နားထောင်နေရာမှ ''ကိုယ်တွေ့ အဖြစ်အပျက်လား ဆရာ''ဟု မေးလေသည်။

''ကိုယ်တွေ့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီလို အဖြစ်အပျက်လေးတွေ ရှိတတ်ပါတယ်။ ဒီအဖြစ်အပျက်မှာ မောင်သန်းဌေး စာရေးအလုပ်ရတာဟာ ဘာကြောင့်လဲလို့ မေးလျှင် ဘယ်လိုဖြေမလဲ။''

''အရာရှိ လဲသွားတုန်းက ပြုစုလိုက်တဲ့ကျေးဇူးကြောင့်ပေါ့ ဆရာ။ ကျေးဇူး ရှိလို့ သူ့ကို ခန့်တာပေါ့။''


mgyoe.com

mgyoe.com SAMPLE BOOK

"အင်း- ကျေးဇူးရှိလို့ အလုပ်ခန့်တာပဲလို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် အဲဒီပြုစုကူညီလိုက်တဲ့အကြောင်းက အရင်းခံအကြောင်းတော့ မှန်တယ်။ ဒါပေမယ့် ၁၀ တန်းမအောင်ရင် စာရေးဖြစ်နိုင်ပါ့မလား။"

"ဒါတော့ ဟုတ်တာပေါ့ဆရာ။ ၁၀ တန်းအောင်မှ အလုပ်ရနိုင်မှာပေါ့။"

"အလုပ်ရတာဟာ အရာရှိကို ကူညီပြုစုလိုက်တဲ့စေတနာက အကျိုးပေးတာပဲလို့ ဆိုနိုင်တယ်။ ဒါပေမယ့် ၁၀ တန်းမအောင်ရင် ဒီအကျိုးပေးလာမှာ မဟုတ်ဘူး။"

"ဟုတ်ကဲ့။ သဘောပေါက်ပြီဆရာ။ စေတနာအကျိုးပေးနိုင်အောင် အခြေအနေဖန်တီးပေးဖို့ကလည်း လိုသေးတယ်ဆိုတာ ထင်ရှားပါတယ်။"

"နောက်အကြောင်းတစ်ခုလည်း ရှိသေးတယ်။ အဲဒါက ဘာလဲဆိုရင် မောင်သန်းဌေးကို အရာရှိက မှတ်မိနေတဲ့အကြောင်းပဲ။ အရာရှိက မောင်သန်းဌေးနှင့်တွေ့တုန်းက 'တော်တော် ဆင်းရဲပုံရတယ်' ဆိုတာ အကဲခတ်မိတယ်။ ဒါပေမယ့် 'နာမည်က မောင်သန်းဌေး' လို့ဆိုတော့ စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတယ်။ တကယ်လို့ သန်းဌေးမဟုတ်ဘဲ၊ 'သန်းမောင်, သန်းရွှေ' စတဲ့ နာမည်မျိုးဆိုရင် ဘာမျှ ထူးထူးခြားခြားဖြစ်မိမှာ မဟုတ်ဘူး။ အလွန်ဆင်းရဲတဲ့ သူငယ်က မောင်သန်းဌေးလို့ ဖြစ်နေတော့ စိတ်ထဲမှာ ထူးခြားသလို ထင်လိုက်မိတယ်။ ပြီးတော့ မောင်သန်းဌေး သူ့ကို ပြုစုကူညီပုံနှင့်တကွ မိဘကို ကူညီတဲ့အနေနှင့် နေ့စဉ် ရေခပ်ပုံ၊ သူ့အမေချိုးရေကိုပါ ခပ်ပေးပုံ စသည်တို့ကို တွေ့ရတော့ 'အတော်လိမ္မာတဲ့သူငယ်လေး ဖြစ်တယ်' ဆိုတာ ချက်ချင်းသိတယ်။ သူ့မှာလည်း မောင်သန်းဌေးအရွယ်လောက် သားတစ်ယောက် ရှိတယ်။ သူ့သားကတော့ မိဘကို ကူညီဖို့နေနေသာသာ ကျောင်းမှန်မှန်တက်ဖို့တောင် အတော်ဂရုစိုက်ပြီး ပြောနေရတယ်။ မောင်သန်းဌေးကိုတွေ့ရတော့ 'သူ့သားဟာ မောင်သန်းဌေးလို လိမ္မာရင် ဘယ်လောက်ကောင်းမလဲ' လို့ စိတ်ထဲက တွေးလိုက်မိသေးတယ်။ အဲဒီအကြောင်းတွေကြောင့် ၃ နှစ်ကျော် ၄ နှစ်နီးပါး ကြာသည့်တိုင်အောင် 'မောင်သန်းဌေး' ဆိုတဲ့ နာမည်ကို တွေ့လိုက်ရတော့ သူ့ခေါင်းထဲမှာ စွဲဝင်ဖူးတဲ့ မောင်သန်းဌေးကို မှတ်မိနေခြင်းဖြစ်တယ်။ ဒီလိုအရာရှိက မှတ်မိနေခြင်းဟာလည်း အလုပ်ရတဲ့အကြောင်းထဲမှာ


mgyoe.com

mgyoe.com SAMPLE BOOK

တစ်စိတ်တစ်ဒေသ ပါဝင်တယ် ဆိုရမှာပဲ။''

ကျွန်ုပ်သည် စကားစကိုဖြတ်ပြီး ''ဒီအဖြစ်အပျက်မှာ မောင်သန်းဌေးရဲ့ စေတနာကို မောင်လူသစ် သတိထားမိရဲ့လား။''ဟု မေးလိုက်သည်။

''ဘယ်လိုလဲ ဆရာ။ ကျွန်တော်တော့ ထူးထူးခြားခြား သတိမထားမိပါဘူး။''

''မောင်သန်းဌေး အရာရှိလဲသွားလို့ ပြုစုလိုက်တာဟာ တစ်စုံတစ်ရာကို မျှော်မှန်းပြီးလုပ်တာလို့ ဆိုနိုင်ပါ့မလား။''

''တစ်ခုခုကို မျှော်မှန်းပြီးလုပ်တာလို့ မဆိုနိုင်ပါဘူးဆရာ။ သက်သက် စေတနာနှင့် ကူညီပြုစုတာပဲ ဖြစ်မှာပါ။''

''ဟုတ်ပါတယ်။ ဘာမျှ မျှော်လင့်ပြီးပြုစုတာ မဟုတ်ပါဘူး။ ဒီလူကို တစ်ခါမျှလည်း တွေ့ဖူးတာ မဟုတ်ပါဘူး။ အရာရှိမှန်းလည်း မသိပါဘူး။ သိသည့် တိုင်အောင် ၁၆နှစ်-၁၇နှစ်အရွယ်ဆိုတော့ 'ဒီလူကြီးကို ငါပြုစုလိုက်ရင် နောင် အခါကျတော့ သူ့ဆီက အကူအညီ အမအစရမှာပဲ' ဆိုတဲ့ မျှော်လင့်တတ်တဲ့စိတ်မျိုး မရှိသေးပါဘူး။ သူ့မျက်စိရှေ့မှောက်မှာ လူတစ်ယောက် လဲသွားတာကို မြင်လိုက် လို့ ကပျာကယာပြေးထူပြီး ပြုစုခြင်းပဲ ဖြစ်ပါတယ်။ သူ့အပြုအမူဟာ ဘာကိုမျှ မျှော်လင့်လို့မဟုတ်ဘဲ အလွန်သန့်ရှင်းတဲ့စေတနာနှင့် ပြုလုပ်တဲ့ အပြုအမူသာ ဖြစ်တယ်။''

ကျွန်ုပ်စကားဆုံးသောအခါ မောင်လူသစ်က

''ဟုတ်တယ် ဆရာ။ ဘာမျှ မျှော်လင့်ချက်မထားဘဲ စေတနာသက်သက် နှင့် ပြုစုတာဖြစ်လို့လည်း အရာရှိက သူ့အပေါ် ပြန်ပြီး စေတနာရှိတာပဲ။ တစ်စုံ တစ်ရာ မျှော်လင့်ပြီး ကျေးဇူးပြုတာဟာ ကျေးဇူးပြုခံရတဲ့လူကလည်း သိတယ် ဆရာ။ အဲဒါမျိုးကျတော့ သိပ်ပြီး ကျေးဇူးမတင်ဘူး။ ဆရာပြောတဲ့ မောင်သန်းဌေး ကတော့ စေတနာသက်သက်နှင့် ကျေးဇူးပြုတာဖြစ်လို့ အရာရှိက ကျေးဇူးတင်ပြီး အလုပ်ခန့်တာပဲ။ စေတနာ့အကျိုးပေါ့ဆရာ။''ဟု ကောက်ချက်ချလေသည်။

ဝ

mgyoe.com

mgyoe.com SAMPLE BOOK

## ကံယုံပြီး ဆူးပုံ မနင်းနှင့်

"စေတနာအကြောင်း ဆွေးနွေးခဲ့တာကို တော်တော် ကျေနပ်တယ် ဆရာ။ ဘယ်ကိစ္စမဆို စေတနာဟာ အလွန်အရေးကြီးတယ်လို့ ကျွန်တော် ထင်တယ်။ သတင်းစာတွေထဲမှာ တွေ့တွေ့နေရတဲ့ စိတ်မချမ်းသာစရာ အဖြစ်အပျက်တွေဟာ စေတနာမမှန်လို့ ဖြစ်ကြတာတွေချည်းပဲလို့ ထင်တယ်။"

စေတနာအကြောင်းကို အတော်ကျေကျေလည်လည် ဆွေးနွေးခဲ့ရသဖြင့် မောင်လူသစ် ကျေနပ်နေပုံရသည်။ ထို့ကြောင့်ပင် ယခုတစ်ပတ် တွေ့ဆုံသော အခါ အထက်ပါအတိုင်း စကားစလိုက်ခြင်း ဖြစ်သည်။

"စေတနာဟာ အလွန်အရေးကြီးတယ်ဆိုတာ လူတိုင်း သဘောပေါက်ကြပါတယ်။ အောက်ဆုံးဖြစ်တဲ့ အသေးအဖွဲ ကိစ္စကလေးကစပြီး ထိပ်ဆုံးဖြစ်တဲ့ တိုင်းပြည်အုပ်ချုပ်တဲ့ ကိစ္စမျိုးအထိ စေတနာမှန်ဖို့ လိုတယ်ဆိုတာကို လူတိုင်းလို သိကြပါတယ်။ 'ကိုယ့်စေတနာ ကိုယ့်ပြန်အကျိုးပေးတယ်' ဆိုတဲ့စကားဟာ ကျမ်းဂန်ကလာတဲ့စကား မဟုတ်ပါဘူး။ လူတွေက ပြောတဲ့စကားပါ။ လူတွေက မိမိအတွေ့အကြုံအရ ကိုယ့်စေတနာအတိုင်း ကိုယ်ပြန်ခံရတဲ့ဖြစ်ရပ်တွေကို တွေ့ရတဲ့အတွက် 'ကိုယ့်စေတနာ ကိုယ့်ပြန် အကျိုးပေးတယ်' ဆိုပြီး မှတ်ချက်ချထားတဲ့ စကားပါ။ ဒါဟာ အတွေ့အကြုံကရရှိတဲ့ အမှန်တရားပါပဲ။"

ကျွန်ုပ်က အထက်ပါအတိုင်း သူ့စကားကို ထောက်ခံပြောဆိုလိုက်သည်။ မောင်လူသစ်က

"စေတနာအကြောင်းတော့ ကျေနပ်ပြီဆရာ။ ကံအကြောင်း ဆွေးနွေးချင်ပါတယ်။"ဟု ဆိုလေသည်။

"ကံအကြောင်းကို ဆရာကလည်း မောင်လူသစ်နှင့် ဆွေးနွေးချင်နေပါတယ်"

ကျွန်ုပ်သည် မိတ်ဆွေများ, လူငယ်လူရွယ်များက ထိုအကြောင်းနှင့်စပ်၍



mgyoe.com

mgyoe.com SAMPLE BOOK

ဆွေးနွေးမေးမြန်းသည်ကို မကြာမကြာ ကြုံရခဲ့ဖူးသည်။ ဗုဒ္ဓဘာသာအရ ကံကို ယုံကြည်မှုနှင့်စပ်၍ အချို့သောမိတ်ဆွေများမှာ နားလည်မှု လွဲမှား၍ နေတတ်ကြလေသည်။ အချို့ လူငယ်လူရွယ်များမှာလည်း ကံကို ယုံကြည်မှုနှင့်စပ်၍ ဘဝင်မကျ ဖြစ်နေကြပေသည်။ ထိုပုဂ္ဂိုလ်တို့သည် ကျွန်ုပ်နှင့်တွေ့သောအခါ ဆွေးနွေးလေ့ရှိကြသည်။

ကျွန်ုပ်ကလည်း မိမိနားလည်သဘောပေါက်သလောက် ပြန်လည်ဆွေးနွေးသည်။ ကျွန်ုပ်နှင့် ဆွေးနွေးရသောသူများမှာ အများအားဖြင့် ကံယုံကြည်မှုနှင့်စပ်လျက် အဓိပ္ပာယ်အယူအဆ လွဲမှားနေတတ်သည်ကို တွေ့ရသဖြင့် မောင်လူသစ်ကိုလည်း ကံယုံကြည်မှုနှင့်စပ်၍ အယူအဆလွဲမှားနေသူ ဖြစ်လေသလားဟု အထင်ရှိနေပေသည်။ ထို့ကြောင့်ပင် "ဆရာကလည်း ဆွေးနွေးချင်နေပါတယ်။" ဟု ပြောလိုက်ခြင်း ဖြစ်သည်။

ကျွန်ုပ်ကပင် ဆက်၍

"ကဲ-ဆိုစမ်းပါဦး။ ကံအကြောင်း ဆွေးနွေးချင်တယ်ဆိုတာ ဘယ်အချက်ကို ဆွေးနွေးချင်တာလဲ။" ဟု မေးလိုက်သည်။

"တခြားမဟုတ်ပါဘူး ဆရာ။ ဗုဒ္ဓဘာသာမှာ ကံကို ယုံကြည်ရမယ်ဆိုတာ ဘယ်လိုလဲဆရာ။ 'ဘာပဲဖြစ်ဖြစ် ဖြစ်သမျှ ကံကြောင့်ချည်းပဲ' လို့ ယုံကြည်ရမယ်ဆိုတာလား။"

ဤမေးခွန်းမှာ မကြာခဏ အမေးခံရသော မေးခွန်းဖြစ်သည်။ ကျွန်ုပ်နှင့် ကံအကြောင်း ဆွေးနွေးကြသောသူများသည် ဤမေးခွန်းမျိုးကို မေးတတ်ကြသည်။ သို့ဖြစ်၍ မောင်လူသစ်က ဤမေးခွန်းကို မေးသောအခါ ကျွန်ုပ်စိတ်တွင် မည်သို့မျှ ထူးခြားခြင်း မဖြစ်ဘဲ

"ဗုဒ္ဓဘာသာဟာ ကံကို ယုံကြည်ရတယ်ဆိုတာတော့ ဟုတ်တယ်။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ဖြစ်သမျှအားလုံးဟာ ကံကြောင့် ဖြစ်တာချည်းပဲလို့တော့ မမှတ်ရဘူး။ ဖြစ်သမျှအားလုံးဟာ ကံကြောင့် ဖြစ်တာချည်းပဲလို့ယူလျှင် အလွန်မှားတဲ့အတွက် ဒိဋ္ဌိလို့တောင် ဆိုရတယ်။" ဟု ဖြေနေကျအတိုင်းပင် ဖြစ်လိုက်သည်။

"ဘယ်လိုလဲ ဆရာ။ ကံကို ယုံကြည်ရမယ်လည်း ဆိုတယ်။ ဖြစ်သမျှ


mgyoe.com

mgyoe.com SAMPLE BOOK

အားလုံး ကံကြောင့်ဖြစ်တာချည်းပဲလို့ ယူဆလျှင်လည်း ဒိဋ္ဌိဖြစ်တယ်ဆိုတော့ ဆရာ့စကားက ယုံတော့ယုံ၊ သိပ်လည်း မယုံနိုင်ဆိုသလို ဖြစ်မနေဘူးလား။''

မောင်လှသစ်က ကျွန်ုပ်၏စကားကို အဓိပ္ပာယ်တစ်မျိုး ကောက်ပြီး ပြန်ပက်လေတော့သည်။

''အို- ဒီလိုဆိုတာ မဟုတ်ဘူး။ ကံကိုတော့ ယုံပါ။ ဒါပေမယ့် ဖြစ်သမျှ အားလုံး ကံကြောင့်ချည်းပဲလို့တော့ မမှတ်ရဘူးလို့ ဆိုလိုတာပါ။ ဖြစ်သမျှအားလုံး ကံကြောင့်ဖြစ်တာချည်းပဲလို့ ယူတဲ့အယူဟာ ရှေးကံအစွဲအယူလို့ ခေါ်တယ်။ ပါဠိလိုတော့ 'ပုဗ္ဗေကတ ဟေတုဒိဋ္ဌိ'လို့ ခေါ်တယ်။ ဒီအယူဟာ မမှန်ပါဘူး။ ဒါကြောင့် ဒိဋ္ဌိလို့ ခေါ်ပါတယ်။''

ကျွန်ုပ်က ထိုသို့ ပြောလိုက်သောအခါ မောင်လှသစ်သည် ခေါင်းကိုငုံ့ကာ အနည်းငယ် စဉ်းစားနေပြီး

''ကျွန်တော်တို့ မြန်မာတွေကတော့ ဘာမဆို ကံကြောင့်ဖြစ်တာလို့ မှတ်ယူနေကြတာပဲ ထင်တယ်''ဟု ဆိုလေသည်။

''တချို့တော့ မောင်လှသစ် ပြောတဲ့အတိုင်း ဘာမဆိုကံကြောင့် ဖြစ်တာလို့ မှတ်ယူနေတတ်ကြပါတယ်။ တချို့လို့သာ ဆိုရပေမယ့် ဘာမဆို ကံကြောင့်ဖြစ်တာလို့ မှတ်ယူနေတဲ့လူဟာ သိပ်တော့ မနည်းလှဘူးလို့ ဆရာ ထင်တယ်။ ဗုဒ္ဓဘာသာ ကံကို ယုံကြည်ရတဲ့ဘာသာလို့ စွဲလမ်းထားတဲ့အတွက် ဘာမဆို ကံကြောင့် ဖြစ်တာချည်းပဲဆိုပြီး၊ ခုခေတ်ပြောကြတဲ့ စကားမျိုးနှင့်ပြောရလျှင် ကံကို ပစ် ယုံကြည်လိုက်ကြတာပဲလို့ ထင်တယ်။ ဒီလို မစိစစ်ဘဲ ပစ်ယုံလိုက်လျှင် ဗုဒ္ဓ ဘာသာဆိုပြီး ဒိဋ္ဌိဖြစ်မှန်းမသိ ဖြစ်သွားတတ်တယ်။''

''ဒါဖြင့် ကံကို ယုံရမယ်ဆိုတာက ဘယ်လောက်အထိသာ ယုံရမှာလဲ ဆရာ။''

''ဘယ်လောက်အထိသာ ယုံရမယ်။ ဘယ်လောက်ကကျော်ပြီး မယုံရဘူးလို့ ဒီလို အတိုင်းအတာနှင့် ပြောလို့တော့ မဖြစ်ဘူး။ တိုတိုပြောရလျှင် 'ကိုယ်ပြုတဲ့ ကံဟာ ကောင်းကျိုး, မကောင်းကျိုး ပေးတတ်တယ်။ ကောင်းတဲ့ကံဟာ ကောင်းကျိုးချမ်းသာကို ပေးမှာပဲ။ မကောင်းတဲ့ကံဟာ မကောင်းကျိုးဆင်းရဲဒုက္ခကို


mgyoe.com

mgyoe.com SAMPLE BOOK

ပေးမှာပဲလို့ ယုံပါ။ သို့ပေမယ့် ဆင်းရဲချမ်းသာ ဖြစ်သမျှအားလုံးဟာ ကံကြောင့် ဖြစ်တာချည်းပဲလို့တော့ မဆိုရဘူး။"

"နည်းနည်းရှင်းပြပါဦး ဆရာ။ ကျွန်တော့်စိတ်ထဲမှာ တွေးနေတယ်။"

"ရှင်းပြပါမယ်။ အကြောင်းရှိလျှင် အကျိုးပေါ်ရမယ်။ အကျိုးထင်ရှား ဖြစ်လာလျှင် အကြောင်းရှိလို့ပဲဆိုတဲ့ ကြောင်းကျိုးဆက်သဘောကို မောင်လူသစ် လက်ခံတယ် မဟုတ်လား။"

"ဟုတ်ကဲ့ လက်ခံပါတယ်။"

"လယ်လုပ်လျှင် စပါးရမယ်။ ကုန်ကူးလျှင် ပိုက်ဆံရမယ်။ စာရေးစာချီ လုပ်လျှင် လခရမယ်။ ကူလီထမ်းလျှင် အခရမယ်။ ဘာအလုပ်ဖြစ်ဖြစ် လုပ်လျှင် ချွတ်ယွင်းချက်မရှိက အလုပ်အတွက် အကျိုးကျေးဇူးဟာ မုချပေါ်လာမှာပဲ။ အလုပ်လုပ်ပါလျက် အလုပ်၏အကျိုးကျေးဇူး ပေါ်မလာဘူးဆိုလျှင် တစ်ခုခု ချွတ်ယွင်းနေလို့သာ ဖြစ်ရမယ်။ အကြောင်းအင်္ဂါညီညွတ်ပြီး ချွတ်ယွင်းချက် မရှိဘူးဆိုလျှင် အကျိုးကျေးဇူး မုချပေါ်လာမှာပဲ။ အကြောင်းကြောင့် အကျိုးဖြစ် တယ်။ အကြောင်းရှိလျှင် အကျိုးဖြစ်လာမယ်။ ဖြစ်ပေါ်နေတဲ့ အကျိုးတရားတွေ ဟာ အကြောင်းမရှိဘဲ သူ့အလိုအလျောက်ဖြစ်နေတာ မဟုတ်ဘူး။ အကြောင်းရှိလို့ ဖြစ်နေတာ ဒီလို ဖြစ်ဖို့ရန်အတွက် လုံလောက်တဲ့အကြောင်းတွေ ရှိတယ်ဆိုတာ သေသေချာချာစစ်ကြည့်လျှင် သိနိုင်တယ်။

"နေ့စဉ်နေ့တိုင်း ဖြစ်ပျက်နေတဲ့အကြောင်းအရာ အဖြစ်အပျက်တွေကို သေသေချာချာစစ်ဆေးကြည့်လျှင် အကြောင်းမရှိဘဲ သူ့အလိုအလျောက်ဖြစ်လာတဲ့ အကြောင်းအရာလို့ တစ်ခုမျှ မရှိဘူး။ အားလုံးဖြစ်ပျက်နေသမျှ အကြောင်းအရာ တွေဟာ ဒီလိုဖြစ်ဖို့ရန်အတွက် ဖန်တီးလိုက်တဲ့အကြောင်းတွေ ရှိနေတာချည်းပဲ ဆိုတာ တွေ့ရလိမ့်မယ်။

"ကိစ္စတစ်ခု အောင်မြင်တယ်ဆိုလျှင် အဲဒီအောင်မြင်မှုဟာ အလိုအလျောက် အကြောင်းမဲ့ဖြစ်လာတာ မဟုတ်ဘူး။ အကြောင်း ရှိရမယ်။ ကိုယ်တိုင်က ကြိုးစားခြင်း၊ လုပ်နည်းလုပ်ဟန် မှန်ကန်ခြင်း၊ ငွေကြေး စသောပစ္စည်း လုံလောက်ခြင်း၊ သူတစ်ပါး၏အကူအညီကို ရခြင်း၊ အချိန်ကာလနှင့် ကိုက်ညီခြင်း စသည်ဖြင့်



mgyoe.com

m.gyoe.com SAMPLE BOOK

အဲဒီကိစ္စ အောင်မြင်ဖို့အတွက် လိုအပ်တဲ့အချက်အလက် အကြောင်းအင်္ဂါတွေ အားလုံး ညီညွတ်တဲ့အတွက် အောင်မြင်တာပဲ။ ကိစ္စတစ်ခု မအောင်မြင်ဘူးဆိုလျှင် အဲဒီမအောင်မြင်မှုဟာ အကြောင်းရှိတာပဲ။ အခုပြောခဲ့တဲ့ အချက်အလက် အကြောင်းအင်္ဂါတွေထဲက တစ်ခုခုချို့တဲ့လို့ ဖြစ်ရမယ်။

"အကြောင်းအင်္ဂါတွေ အကုန်ညီညွတ်တယ်ဆိုလျှင် , အနှောင့်အယှက် တစ်ခုခုကြောင့် ဖြစ်ရမယ်။ ဘာကြောင့်ပဲဖြစ်ဖြစ် မအောင်မြင်တာဟာ အကြောင်း တစ်ခုခုကြောင့် မအောင်မြင်တာပဲ ဖြစ်မယ်။ ဒီသဘောအတိုင်း အောင်တာလည်း အကြောင်း ရှိတာပဲ။ မအောင်တာလည်း အကြောင်း ရှိတာပဲ။ ဖြစ်တာလည်း အကြောင်း ရှိတာပဲ။ မဖြစ်တာလည်း အကြောင်း ရှိတာပဲ။ အကြောင်း မရှိဘဲ အလိုအလျောက်ဖြစ်တာလို့ တစ်ခုမျှ မရှိဘူး။

ဒီအချက်တွေကို မောင်လူသစ် သိပြီးသား, ယုံကြည်ပြီးသား ဖြစ်တယ် ်တာ ဆရာ သိပါတယ်။ မောင်လူသစ်လို ခေတ်ပညာတတ်တစ်ယောက်ကို ်လောက် အကျယ်တဝင့် အများကြီးပြောနေဖို့ မလိုဘူးဆိုတာလည်း သိပါတယ်။ သိလျက်နှင့် အခုလောက် ထပ်ခါထပ်ခါ အများကြီးပြောနေတာက တခြားကြောင့် မဟုတ်ပါဘူး။ ကံကို ယုံကြည်မှုနှင့်စပ်ပြီး အယူအဆ လွဲမှားနေကြတဲ့အတွက် သဘောပေါက်သည်ထက် ပေါက်အောင် အများကြီးပြောနေခြင်း ဖြစ်ပါတယ်။ 'အကြောင်းကြောင့် အကျိုးဖြစ်တယ်' ဆိုတဲ့နေရာမှာ ဆိုင်ရာအကြောင်း'နှင့် 'ကံအကြောင်း' ရယ်လို့ ၂ မျိုး ခွဲခြားရပါလိမ့်မယ်။ တစ်မျိုးပြောရမယ်ဆိုလျှင် 'မျက်မြင်အကြောင်း'နှင့် 'ကံအကြောင်း'ကို ၂ မျိုး ခွဲခြားရပါလိမ့်မယ်။"

"အတိတ်ကံနှင့် ပစ္စုပ္ပန်ကံ ဆိုတာလား ဆရာ။"

"ကံအကြောင်းဆိုတာက 'အတိတ်'လို့ကို ပြောတာပါ။ မျက်မြင် အကြောင်း ဆိုတာကလည်း ပစ္စုပ္ပန်ကံကို ပြောတာ မဟုတ်ပါဘူး။ ဒီလိုဖြစ်လာ အောင် ဖန်တီးပြုလုပ်ပေးတဲ့ ပြုလုပ်မှုတွေကို ဆိုလိုတာပါ။ ဥပမာ ချမ်းသာတဲ့လူနှင့် ဆင်းရဲတဲ့ လူကို လေ့လာကြည့်ပါ။ ချမ်းသာတဲ့လူတွေဟာ များသောအားဖြင့် ကိုယ်တိုင်က နည်းမှန်လမ်းမှန်နှင့် ရှာဖွေစုဆောင်းလို့ ချမ်းသာကြတာ များတယ်။ တချို့လည်း မိဘတွေ ရှာဖွေစုဆောင်းထားတဲ့ပစ္စည်းကို အမွေရပြီး၊ ရတဲ့အမွေကို


m.gyoe.com

mgyoe.com SAMPLE BOOK

စနစ်တကျ သုံးစွဲတတ်လို့ ချမ်းသာနေကြတာပဲ။ ဘာပဲဖြစ်ဖြစ် ချမ်းသာဖို့ရန် အကြောင်းက ဖန်တီးပေးလို့ ချမ်းသာတာ ဆိုတာကတော့ မလွဲနိုင်တဲ့ စကားပဲ။ ဆင်းရဲတဲ့လူမှာ ဆင်းရဲရတာလည်း အကြောင်း ရှိတာပဲ။ ဆင်းရဲတာဟာ သူကိုယ်တိုင်က မရှာဖွေ၊ မစုဆောင်းတတ်လို့သော်လည်း ဖြစ်မယ်။ ရှာဖွေစုဆောင်းတယ် ဆိုလျှင်လည်း နည်းလမ်းမမှန်လို့ သို့မဟုတ် အရင်းအနှီး မပြည့်စုံလို့၊ ပညာဗဟုသုတဘက်က ချို့တဲ့လို့သော်လည်း ဖြစ်ချင်ဖြစ်မယ်။ ဘာ့ကြောင့်ပဲဖြစ်ဖြစ် 'ဆင်းရဲဖို့အကြောင်းက ဖန်တီးပေးလို့ ဆင်းရဲတာ' ဆိုတဲ့ အချက်ကတော့ မလွဲနိုင်တဲ့ အချက်ပဲ။

"ချမ်းသာဖို့ ဖန်တီးပေးတဲ့ အကြောင်းတွေ၊ ဆင်းရဲဖို့ ဖန်တီးပေးတဲ့ အကြောင်းတွေဆိုတာ ဆိုင်ရာအကြောင်းတွေပါ။ မြင်နိုင်၊ တွေ့နိုင်တဲ့ မျက်မြင် အကြောင်းတွေပါ။

"လောကမှာ ဖြစ်ပျက်သမျှ အရာတွေကို သေသေချာချာ စစ်ဆေးကြည့်မယ်ဆိုလျှင် များသောအားဖြင့် 'ဒါကြောင့်ဖြစ်တာ၊ ဒါကြောင့် ပျက်တာ' လို့ ထောက်ပြနိုင်တဲ့အကြောင်းတွေ ရှိနေတာချည်းပဲဆိုတာ တွေ့ရပါတယ်။ များသောအားဖြင့် ပြောရတာက တစ်ခါတလေ တချို့အဖြစ်အပျက်တွေကျတော့ အဲဒီလို ထောက်ပြဖို့၊ လက်ညှိုးထိုးပြဖို့အကြောင်းကို ရှာမတွေ့တဲ့ အဖြစ်အပျက်တွေလည်း ရှိတတ်လို့ 'များသောအားဖြင့်' လို့ ပြောရတာပါ။ တစ်ခါတလေ ထောက်ပြဖို့ အကြောင်းရှာ မတွေ့တဲ့ အဖြစ်အပျက်မျိုးလည်း ဖြစ်တတ်တယ်။ ဒီအကြောင်းကို တော့ ပြီးမှ ဆွေးနွေးကြတာပေါ့။ အခုတော့ 'ဖြစ်သမျှအားလုံး ကံကြောင့်ဖြစ်တာချည်း မဟုတ်ဘူး။' ဆိုတဲ့သဘောကို အဓိပ္ပာယ်ရှင်းသွားအောင် ဆွေးနွေးဦးမယ်။"

ကျွန်ုပ်က စကားကို လက်စသတ်ပြီး

" 'သဗ္ဗေ သတ္တာ ကမ္မသကာ' ဆိုတဲ့ စကားကို မောင်လူသစ် ကြားဖူးမှာ ပေါ့။" ဟု မေးလိုက်သည်။

"ဟုတ်ကဲ့ ကြားဖူးပါတယ်။"

" 'ကမ္မံ သတ္တေ ဝိဘဇတိ' ဆိုတဲ့ စကားကိုကော။"


mgyoe.com

mgyoe.com SAMPLE BOOK

''မြန်မာလို 'သတ္တဝါတွေဟာ ကံစီမံရာ ခံရတယ်' ဆိုတဲ့ စကားလား ဆရာ။''

''ဟုတ်ပါတယ်။ 'သဗ္ဗေသတ္တာ ကမ္မဿကာ' ဆိုတာက 'သတ္တဝါဟူသမျှ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိတယ်။' 'ကမ္မံသတ္တေ ဝိဘဇတိ' ဆိုတာက 'ကံသည် သတ္တဝါတို့ကို ဝေဖန်တယ်။ သတ္တဝါတွေဟာ ကံစီမံရာ ခံရတယ်။' လို့ ဆိုလိုတာပါ။ ဒီစကား ၂ ခုကို ပါဠိဘာသာအတိုင်း နှုတ်ထဲမှာ ရနေတဲ့လူတွေများလို့ ဆရာ ပါဠိဘာသာအတိုင်း ပြောလိုက်တာပါ။ ဒီစကားတွေဟာ မြတ်စွာဘုရားဟောတဲ့ စကားတွေပဲ ဖြစ်ပါတယ်။ တချို့လူတွေဟာ ဒီစကားကို အဓိပ္ပာယ်သင့်အောင် မယူတတ်ဘဲ 'ကံသာလျှင် အမိ၊ ကံသာလျှင် အဖ။ သတ္တဝါဟူသမျှ ကံစီမံရာ ခံရသည်။ ကံပေးမှ ရသည်။ ကံကျွေးမှ ဝသည်။ ချမ်းသာတာလည်း ကံကြောင့်၊ ဆင်းရဲတာလည်း ကံကြောင့်။ ကံကောင်းလို့ဖြစ်တာ၊ ကံမကောင်းလို့ ဒီလို ဖြစ်ရသည်။ ကံနိပ်စက်လျှင် ဆင်းရဲသည်။ ကံ ကယ်မလျှင် ချမ်းသာသည်။' စသည်ဖြင့် ဖြစ်ဖြစ်သမျှအားလုံးကို 'ကံကြောင့်ချည်းပဲ' ဟု တရားသေ ယူထားမိတတ်ကြသည်။

'' 'သဗ္ဗေသတ္တာ ကမ္မဿကာ' ဆိုတာက ရွှေ၊ ငွေ ဘဏ္ဍာပစ္စည်းဥစ္စာ စသည်တို့ ရှိကြသော်လည်း သေလွန်တဲ့အခါ အဲဒီအရာတွေ ဘာတစ်ခုမျှ ကိုယ့်နောက်မပါဘဲ ကိုယ်ပြုခဲ့တဲ့ 'ကောင်းမှု၊ မကောင်းမှု' ဆိုတဲ့ ကံသာလျှင် ကိုယ်ပိုင်ပစ္စည်းအဖြစ်နှင့် ပါလာတယ်။ 'သတ္တဝါတို့၏ တကယ်ကိုယ်ပိုင်ဥစ္စာဟာ ကံသာ ဖြစ်တယ်' လို့ ဆိုလိုတဲ့ စကားပါ။ ဘယ်သူပဲဖြစ်ဖြစ် သေလျှင် မိမိပြုခဲ့တဲ့ ကောင်းမှု၊ မကောင်းမှုကံကိုသာ ပိုက်ပြီး သွားရတာ၊ ကံမှတစ်ပါး ဘာပစ္စည်းမျှ ပါတာမဟုတ်ဘူး။ ကုန်ကုန်ပြောရလျှင် 'ကိုယ့်ကိုယ်' လို့ထင်နေတဲ့ ဒီခန္ဓာကိုယ်ကြီးတောင် ပါတာ မဟုတ်ဘူး။ ကံသာ ပါသွားတာ။

'' 'ကမ္မံ သတ္တေ ဝိဘဇတိ' ဆိုတာက ကောင်းမှု ကုသိုလ်ကံ ရှိထားတဲ့ လူဟာ ကောင်းရာဌာန ဘုံဘဝကို ရောက်ရတယ်။ မကောင်းမှု အကုသိုလ်ကံ ရှိထားတဲ့လူဟာ မကောင်းတဲ့ဌာနဘုံဘဝကို ရောက်ရတယ်။ လူဖြစ် အောင်လည်း ကံက စီမံတယ်။ တိရစ္ဆာန်ဖြစ်အောင်လည်း ကံက စီမံတယ်လို့ ဆိုလိုတဲ့စကား


mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ပါတယ်။ သတ္တဝါတွေဟာ တချို့က လူဖြစ်၊ တချို့က နတ် ဖြစ်၊ တချို့က တိရစ္ဆာန်ဖြစ် စသည်ဖြင့် ဖြစ်နေကြတာ ကံစီမံတဲ့အတိုင်း ဖြစ်နေကြတာလို့ ဆိုလိုရင်း ဖြစ်ပါတယ်။ 'ကံကြောင့် လူဖြစ်ရတာ' ဆိုပေမယ့် လူ့ဘဝမှာ အမျိုးမျိုး အဖုံဖုံ တွေ့ကြုံနေရတာကိုတော့ အကုန် ကံကြောင့်ဖြစ်နေတာလို့ မဆိုနိုင်ဘူး။"

"လူ့ဘဝမှာ တွေ့ကြုံနေရတာတွေ အကုန်လုံး ကံကြောင့်ဖြစ်တာ မဟုတ်ဘူးဆိုတော့ ကံကြောင့်ဖြစ်တာလည်း အနည်းအကျဉ်းတော့ရှိတယ် ဆိုရမှာပေါ့။"

"ဟုတ်ပါတယ်။ ကံကြောင့်ဖြစ်တဲ့ အဖြစ်အပျက်မျိုးလည်း ရှိနိုင်ပါတယ်။"

"ဘယ်လိုအဖြစ်အပျက်တွေဟာ ကံကြောင့်ဖြစ်တာ၊ ဘယ်လိုအဖြစ်အပျက်တွေကတော့ ကံနှင့်မဆိုင်ဘူးတဲ့ ခွဲခြားပြောဖို့ လွယ်ပါ့မလား ဆရာ။"

"တိတိကျကျ ခွဲခြားပြောဖို့တော့ မလွယ်ပါဘူး။ တကယ်ဆိုတော့ မြတ်စွာဘုရားမှပဲ တိတိကျကျ ဟောနိုင်တဲ့အရာပါ။ ဒါပေမယ့် အနုမာနအားဖြင့် မှန်းဆပြီးကြည့်လျှင် ကံကြောင့် ဟုတ်၊ မဟုတ်ဆိုတာ အတော်အသင့်တော့ မှန်းဆနိုင်ပါတယ်။ ဥပမာ ပစ္စည်းချမ်းသာတဲ့မိဘထံမှာ လူဖြစ်ပြီး ပင်ပင်ပန်းပန်းမလုပ်ရဘဲနှင့် ချမ်းသာသွားတာမျိုးကို 'ကံကြောင့်' လို့ ဆိုချင် ဆိုနိုင်ပါတယ်။ ကိုယ်တိုင်ကြိုးစားပြီး ရှာဖွေစုဆောင်းလို့ ချမ်းသာလာတာမျိုးကိုတော့ 'ကံကြောင့်' လို့ ဆိုလို့ မဖြစ်ဘူး ထင်တယ်။"

"ဘဝက ပါဏာတိပါတကံ အားကြီးလို့ ခုဘဝမှာ အသက်တိုတဲ့လူမျိုးလည်း ရှိနိုင်ပါတယ်။ ဒါပေမယ့် အစားအသောက်၊ အနေအထိုင် မဆင်ခြင်လို့ မသေသင့်ဘဲ သေရတာမျိုးကိုတော့ 'ကံကြောင့်' လို့ ဆိုလို့မဖြစ်ပါဘူး။ သာပြီး ထင်ရှားတဲ့ဥပမာတစ်ခုကို ပြောမယ်။ မကျန်းမမာရောဂါဖြစ်တာဟာ သွေး၊ သည်းခြေ၊ လေ၊ သလိပ်ဆိုတဲ့ အတွင်းက ဓာတ်သဘာဝပျက်ခြင်းကြောင့်လည်း ဖြစ်တတ်တယ်။ အပြင်ဗဟိဒ္ဓဥတုက ဖောက်ပြန်လို့လည်း ဖြစ်တတ်တယ်။ မသင့်တဲ့ အစားအစာစားမိသောကြောင့်လည်း ဖြစ်တတ်တယ်။ ကံကြောင့်ဖြစ်တဲ့ အနာရောဂါလည်း ရှိတယ်။ 'သူများကို ညှဉ်းပန်းနှိပ်စက်ခဲ့ကဲ့သူဟာ မကျန်းမမာဖြစ်ရတတ်တယ်။' လို့ ကျမ်းဂန်က ဆိုပါတယ်။ ဒါပေမယ့် ရောဂါတစ်ခုခုဖြစ်လျှင် သွေးကြောင့်ဖြစ်တာ၊ သို့မဟုတ် လေကြောင့်ဖြစ်တာ၊ သို့မဟုတ် သည်းခြေကြောင့်



mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်တာ၊ ဥတုဖောက်ပြန်လို့ ဖြစ်တာ၊ အစားမှားလို့ဖြစ်တာ စသည်ဖြင့် ဆေးဆရာတွေ ထောက်ပြနိုင်တဲ့ရောဂါက များတယ်။ အကြောင်းကို ထောက်မပြနိုင်တဲ့ရောဂါက အင်မတန်နည်းပါတယ်။ အကြောင်းကို ထောက်မပြနိုင်လျှင်တော့ 'ကံကြောင့်ဖြစ်တဲ့ရောဂါ' လို့ ဆိုနိုင်ပါတယ်။''

''တခြားအဖြစ်အပျက်တွေမှာလည်း အတူတူပဲလား ဆရာ။''

''တခြားအဖြစ်အပျက်တွေမှာလည်း အတူတူပါပဲ။ ထောက်ပြနိုင်တဲ့ မျက်မြင်အကြောင်းကြောင့် ဖြစ်တာတွေက များပါတယ်။ ထောက်ပြနိုင်တဲ့ မျက်မြင်အကြောင်းတွေ ရှိနေလျက်နှင့် အတိတ်ကံကို လွှဲချမယ်ဆိုလျှင်တော့ သဘာဝမကျဘူး ထင်ပါတယ်။ ဥပမာ - အခုလို တိုင်းပြည်ကို ပြုပြင်ပြောင်းလဲနေတဲ့ အခါမျိုးမဟုတ်ဘဲ မူမှန်အခါမျိုးမှာ ဆိုပါတော့။ လူ ၂ ယောက်အနက် ပထမလူက အလုပ်ကို စွဲစွဲမြဲမြဲလုပ်တယ်။ အဝင်နှင့် အထွက်မျှတအောင် သုံးစွဲတယ်။ ရိုးရိုးမှန်မှန်နေထိုင်တယ်။ အပျော်အပါးအသုံးအဖြုန်း မရှိ၊ ချွေတာစုဆောင်းတယ်။ အတော်အတန်စုမိတဲ့အခါ တိုးပွားအောင် လုပ်တယ်။ အဲဒီလိုလုပ်တဲ့အတွက် ချောင်ချောင်လည်လည် နေရတယ်။ ဒုတိယလူကတော့ အလုပ်လည်း မည်မည်ရရ မရှိဘူး။ ရတဲ့အလုပ်ကိုလည်း စွဲစွဲမြဲမြဲမလုပ်ဘူး။ လက်ထဲမှာ ငွေကလည်း နည်းနည်းရွှင်လာလျှင် အပေါင်းအသင်းများနှင့် သုံးဖြုန်းပစ်တယ်။ ချွေတာစုဆောင်းခြင်း လုံးလုံးမရှိဘူး။ 'နောင်ခါလာ နောင်ခါစေ့' ဆိုပြီး ရသမျှ သုံးဖြုန်းပစ်တယ်။ အဲဒီလူမှာ ချောင်လည်တယ်လို့ မရှိဘဲ လုံးချည်ပြားချည် ဖြစ်နေတယ်။ အဲဒီ ၂ ယောက်မှာ ပထမလူ ချောင်ချောင်လည်လည် ဖြစ်နေတာဟာ အလုပ်ကို ကြိုးစားလို့၊ မျှတအောင်သုံးစွဲလို့ စသည်ဖြင့် ထောက်ပြစရာအကြောင်းတွေ အများကြီး ရှိနေတယ်။ ဒုတိယလူ မချောင်လည်တာလည်း 'အလုပ်ကို မကြိုးစားလို့၊ အသုံးအဖြုန်းများ' လို့ စသည်ဖြင့် ထောက်ပြစရာအကြောင်းတွေ ရှိနေတာပဲ။ ဒီလို ထောက်ပြစရာ မျက်မြင်အကြောင်းတွေ ရှိနေလျက်သားနှင့် ပထမလူက ကံကောင်းလို့ ချောင်လည်နေရတာ၊ ဒုတိယလူက ကံမကောင်းလို့ လုံးချည်ပြားချည်ဖြစ်နေရတာဆိုပြီး ကံကို လွှဲချမယ်ဆိုလျှင် မောင်လူသစ် လက်ခံနိုင်ပါ့မလား။''


mgyoe.com

mgyoe.com SAMPLE BOOK

"ဘယ်လက်ခံနိုင်မလဲဆရာ။ ပထမလူ ဘာကြောင့် ချောင်ချောင်လည်လည်ဖြစ်နေတယ်ဆိုတာ အလွန် ထင်ရှားနေတာပဲ။ ဒုတိယလူ မချောင်လည်တာလည်း ဘာကြောင့်ဆိုတာ တွေ့နေရသားပဲ။"

"ဆရာတို့ မြန်မာလူမျိုးတွေမှာ တချို့လူတွေ ရှိသေးတယ်။ ကိုယ်အသုံးမကျလို့ ဆင်းရဲရတာကို 'ကံမကောင်းလို့ ဆင်းရဲတယ်'ဆိုပြီး ကံအပေါ် လွှဲချတတ်ကြတယ်။ ဒီလိုလူမျိုးတွေကို ရည်ရွယ်ပြီး 'လူမတန်ကံချ၊ လုံ့လနည်းသူ ဆင်းရဲကြ'လို့ ရှေးလူကြီးတွေ စကား လုပ်နေခဲ့ကြတာပဲ။ တချို့ ရှိသေးတယ်။ ကိုယ်အဆင်ခြင်မဲ့မှုကြောင့် မဖြစ်တန်တာ ဖြစ်ရတာကို 'ကံမကောင်းလို့ ဖြစ်ရတယ်'ဆိုပြီး ကံအပေါ် လွှဲချတတ်တယ်။ ဆူးပုံတက်နင်းလို့ ဆူးစူးခံရတာကို 'ကံမကောင်းလို့ ဆူးစူးခံရတယ်'ပြောလို့ ဖြစ်ပါ့မလား။ 'ကံယုံပြီး ဆူးပုံမနင်းနှင့်'လို့ လူကြီးတွေ ပြောခဲ့တဲ့စကား ရှိသားပဲ။ ဘယ်လောက် ကံကောင်းကောင်း ဆူးပုံကို တက်နင်းလျှင်တော့ ဆူးစူး ခံရမှာပဲ။ ဒီနည်းအတိုင်းပဲ ကံမကောင်းလျှင် ကျားကိုက်ခံရမှာပဲ။ ကံကောင်းလျှင်တော့ ခံရမှာ မဟုတ်ဘူးဆိုပြီး ကျားသောင်းကျန်းနေတဲ့ တောထဲကို သွားလို့ မဖြစ်ဘူး။ 'ကျားရဲရာ ကြမ္မာ မရိုးသာ'ဆိုတဲ့စကား ရှိတယ်။ ကျားသောင်းကျန်းနေတဲ့ တောထဲသွားလျှင် ကျားကိုက်ခံရမှာပဲ။"

"အခုခေတ်မှာ တချို့လူငယ်ကလေးတွေ မိဘအားကိုးနှင့် ဆိုးသွမ်းပြီး လမ်းသရဲဖြစ်နေကြတာ ရှိတယ်ဆရာ။ 'ငါတို့မှာ အပြစ်ရှိပေမယ့် မိဘကြောင့် ဘာမျှဖြစ်မှာ မဟုတ်ဘူး။'ဆိုပြီး ထင်ရာလုပ်နေကြတယ်။ ဒါဟာ ကံကိုယုံပြီး ဆူးပုံနင်းတာနှင့် တူနေတယ်။ ကံကို ယုံကြည်အားကိုးထားပေမယ့် ကံကောင်းသလား၊ မကောင်းဘူးလား ဆိုတာက မသေချာဘူး။ လက်ငင်း ဆူးစူးခံရမှာကတော့ သေချာသလိုပဲ။ မိဘမျက်နှာကြောင့် အမှုဖြစ်တာ မဖြစ်တာထက် ကိုယ်တိုင် လက်ငင်း ပြစ်မှုကျူးလွန်သူ ဖြစ်နေတာကတော့ သေချာနေတယ်။"

မောင်လူသစ်မှာ ကျွန်ုပ်ပြောခဲ့သည့် စကားထဲမှ 'ကံကို ယုံပြီး ဆူးပုံမနင်းနှင့်'ဆိုသော ရှေးသူဟောင်းတို့ စကားကို အတော်သဘောကျနေသဖြင့် သူလိုချင်သောအဓိပ္ပာယ်သို့ ဆွဲ၍ ပြောလိုက်လေသည်။ ။

၀


mgyoe.com

mgyoe.com SAMPLE BOOK

'ဘာကြောင့် ဖြစ်တာလဲ'ဆိုတာ စဉ်းစားလိုက်ရင် များသောအားဖြင့် ဖြစ်ဖို့ ပန်တီးလာတဲ့ အကြောင်းကို စဉ်းစားလို့ ရနိုင်ပေမယ့်၊ တစ်ခါတလေကျတော့ အကြောင်းကို စဉ်းစားလို့ မရနိုင်တာလည်း ရှိတယ်။

## မမျှော်လင့်ဘဲဖြစ်တာ ဘာ့ကြောင့်

ကံအကြောင်းကို အနည်းငယ် စ၍ ဆွေးနွေးလိုက်သောအခါ ကျွန်ုပ်၏ ဆွေးနွေးချက်ကို မောင်လူသစ် အတော်အတန် စိတ်ဝင်စားလာလေသည်။ ဗုဒ္ဓဘာသာက 'ကံကို ယုံကြည်ရမည်။'ဟု ဆိုခြင်းမှာ 'ဘာမဆိုဖြစ်သမျှ ရှေးက ပြုခဲ့သော ကံကြောင့်ဖြစ်တာချည်းပဲ။'ဟု ယုံကြည်ရမည်ဆိုခြင်း ဖြစ်သည်။- ဟူ၍ မောင်လူသစ် မှတ်တင်ထားလေရာ၊ ကျွန်ုပ်က 'ဖြစ်သမျှအားလုံး ရှေးက ပြုခဲ့သောကံကြောင့် ဖြစ်တာချည်းပဲ။'ဟု ဗုဒ္ဓဘာသာက မဆိုကြောင်း။ ထိုသို့ယူလျှင် အလွန်မှားသဖြင့် 'ဒိဋ္ဌိ'ဟုဆိုကြောင်း။- ပြောလိုက်သဖြင့် အတော် ကျေနပ်သွားလေသည်။ ဗုဒ္ဓဘာသာ၏ ကံဝါဒကို အတော် စိတ်ဝင်စားလေလေသည်။

မောင်လူသစ်က မေးသည်။

"ဖြစ်သမျှအားလုံး 'ကံကြောင့် မဟုတ်ဘူး' ဆိုတာတော့ သဘောပေါက်ပါပြီ။ ကံကြောင့်ဖြစ်တာလည်း ရှိနိုင်တယ် ဆိုတာကို ဆက်ပြီး ပြောပါဦးဆရာ။ ဘယ်လိုဟာမျိုးကို ကံကြောင့် ဖြစ်တယ်လို့ ဆိုရမလဲ။"

ကံအကြောင်းကို ဆွေးနွေးစဉ်က 'လောကမှာ ဖြစ်ပျက်သမျှ အရာတွေကို သေသေချာချာ စစ်ဆေးကြည့်မယ်ဆိုလျှင် များသောအားဖြင့် 'ဒါကြောင့်ဖြစ်တာ, ဒါကြောင့် ပျက်တာ'ဆိုပြီး ထောက်ပြနိုင်တဲ့အကြောင်းတွေ ရှိနေတာချည်းပဲ ဆိုတာ တွေ့ရပါတယ်။ များသောအားဖြင့်လို့ ပြောရတာက တစ်ခါတလေ တချို့ အဖြစ်အပျက်တွေကျတော့ အဲဒီလိုထောက်ပြဖို့, လက်ညှိုးထိုးပြဖို့ အကြောင်း ရှာမတွေ့တဲ့ အဖြစ်အပျက်တွေလည်း ရှိတတ်လို့ များသောအားဖြင့်လို့ ပြောရတာပါ။



mgyoe.com

mgyoe.com SAMPLE BOOK

တစ်ခါတလေ ထောက်ပြဖို့ အကြောင်းရှာမတွေ့တဲ့ အဖြစ်အပျက်မျိုးလည်း ဖြစ်တတ်တယ်။'ဟု ကျွန်ုပ်က ပြောခဲ့သည်။ ထိုသို့ပြောစဉ်ကပင် ယခုမေးသော မေးခွန်းမျိုးကို မောင်လူသစ် မကြာခင် မေးတော့မည်။-ဟု မျှော်လင့်ထားပြီး ဖြစ်သည်။ အကယ်၍ သူက မမေးလျှင်လည်း ဤအကြောင်းကို ကျွန်ုပ်ကပင် စတင်ဆွေးနွေးမည်။-ဟု ကြံရွယ်ထားပြီး ဖြစ်သည်။

ဆွေးနွေးဖို့ ကြံရွယ်ထားပြီး ဖြစ်သော်လည်း ဤအကြောင်းကို မောင်လူသစ် သဘောပေါက်အောင် ဆွေးနွေးဖို့ မလွယ်ကြောင်းကိုကား စဉ်းစားမိလေသည်။ ယခုခေတ်မှာ လက်တွေ့ခေတ်ဖြစ်လေရာ ဘာမဆို လက်တွေ့ပြနိုင်မှ ယုံကြည်လက်ခံလိုကြပေသည်။ 'ကံတရား'ဆိုသည်မှာ မြင်ရသောအရာ မဟုတ်ချေ။

ကံကို လက်တွေ့ပြ၍ မရချေ။ သို့ဖြစ်ရာ ကံတရားအကြောင်း ဆွေးနွေးလျှင် လက်တွေ့မကျသောဆွေးနွေးခြင်းမျိုး ဖြစ်ဖို့ များလေသည်။ လက်တွေ့မကျသောစကားကို ယခုခေတ်က 'စိတ်ကူးယဉ်ဆန်သောစကား'ဟု ဆိုကြလေသည်။ 'ကံ'ဆိုသည်မှာ မမြင်ရသောသဘာဝတရား တစ်မျိုးဖြစ်၍ လက်တွေ့မပြနိုင်သော်လည်း မရှိသည်ကား မဟုတ်ချေ။ အမှန်ရှိလေသည်။ အမှန်ရှိသောတရား ဖြစ်ပါလျက် မိမိတို့ သဘောမပေါက် ဉာဏ်မမီသည့်အတွက် စိတ်ကူးယဉ်စာရင်းထဲ ထည့်လိုက်မည်ဆိုက လွန်စွာ မှားယွင်းသွားပေလိမ့်မည်။ သဘောပေါက်အောင် ဆွေးနွေးဖို့လည်း မလွယ်ချေ။ ကံအကြောင်းကို ဆွေးနွေးစကပင် ဤအချက်ကို ကျွန်ုပ် စဉ်းစားမိထားပြီး ဖြစ်သည်။

မောင်လူသစ်က အထက်ပါအတိုင်းမေးသောအခါ

"မောင်လူသစ် မမေးသည့်တိုင်အောင် ဒီအကြောင်းကို ဆရာက ဆွေးနွေးဖို့ စိတ်ကူးထားပါတယ်။ သို့ပေမယ့် ဒီအကြောင်းဟာ ဆွေးနွေးဖို့တော့ မလွယ်လှဘူး မောင်လူသစ်။ ဘာ့ကြောင့်လဲဆိုတော့ လက်တွေ့ပြဖို့ ခဲယဉ်းတဲ့အတွက်ကြောင့်ပဲ ဖြစ်နိုင်ပါတယ်။ ကံတရားဆိုတာ မြင်နိုင်တဲ့အရာ မဟုတ်ဘူး။ 'လုံ့ထမ်းလာတာကိုသာ မြင်နိုင်တယ်။ ကံထမ်းလာတာကို မမြင်နိုင်ဘူး။' ဆိုတဲ့စကားကို မောင်လူသစ်လည်း ကြားဖူးသားပဲ။ 'ကံ'ဆိုတာ မမြင်ရတဲ့သဘာဝတရားတစ်မျိုး ဖြစ်တယ်။ ဒါကြောင့် ကံကို လက်တွေ့ပြဖို့ မလွယ်ဘူး။ ဒါပေမယ့် မီးကို မမြင်ရပေမယ့်


mgyoe.com

mgyoe.com SAMPLE BOOK
မိုးခိုးတွေ တက်နေတာကို မြင်သဖြင့် 'မီးရှိတယ်'ဆိုတာ သိရသလို၊ ရေကို မမြင်ရပေမယ့် မြက်ပင်တွေ စိမ်းလန်းနေတာကို မြင်သဖြင့် 'အောက်မှာ ရေရှိတယ်'ဆိုတာ သိရသလို ဖြစ်ပေါ်လာတဲ့အကျိုးကို ကြည့်ပြီး ကံကို မှန်းဆယူနိုင်တယ်။ ဒါကြောင့် ကံအကြောင်းကို ဆွေးနွေးတဲ့အခါ လက်နှင့်ထောက်ပြသလို အတိအကျတော့ ပြောနိုင်မယ် မဟုတ်ဘူး။ 'ဖြစ်နိုင်တယ်။ ဟုတ်လောက်စရာ ရှိတယ်။' ဆိုတာလောက်သာ ပြောနိုင်လိမ့်မယ်။''ဟု ကျွန်ုပ်က စကားခံပြီး

''လောကမှာ တစ်ခါတလေ မမျှော်လင့်ဘဲ ဖြစ်လာတဲ့ အဖြစ်အပျက်ကို မောင်လူသစ် သတိထားဖူးမလား မသိဘူး။ တစ်စုံတစ်ခု ဖြစ်တဲ့အခါ 'ဘာကြောင့် ဖြစ်တာလဲ'ဆိုတာ စဉ်းစားလိုက်ရင် များသောအားဖြင့် ဖြစ်ဖို့ဖန်တီးလာတဲ့ အကြောင်းကို စဉ်းစားလို့ ရနိုင်ပေမယ့်၊ တစ်ခါတလေကျတော့ အကြောင်းကို စဉ်းစားလို့ မရနိုင်တာလည်း ရှိတယ်။ တစ်ခါတလေ 'ခုတ်ရာတခြား ရှရာတလွဲ' ဆိုတာလို လုပ်တာကတစ်မျိုး၊ ဖြစ်လာတာကတခြား ဖြစ်လာတတ်တယ်။ ဇနက ဇာတ်တော်ထဲမှာပါတဲ့ 'အစိန္တိတမ္ပိ ဘဝတိ၊ စိန္တိဝိနဿတိ' ဆိုတဲ့စကားကို မောင်လူသစ် ကြားဖူးမှာပေါ့''

''ဟုတ်ကဲ့။ ကြားဖူးပါတယ်။ 'ကြံစည်မထားသော်လည်း ဖြစ်တတ်တယ်။ ကြံစည်ထားပေမယ့် ပျက်တတ်တယ်။'ဆိုတဲ့စကား မဟုတ်လား''

''ဟုတ်ပါတယ်။ အလောင်းတော် ဇနကမင်းသားဟာ 'ပစ္စည်းဥစ္စာ များများရအောင်လုပ်ပြီး လူသူလက်နက် စုဆောင်းမယ်။ အင်အားတောင့်တဲ့အခါ ခမည်းတော်၏ ရိုက်ရာဖြစ်တဲ့ ထီးနန်းကို ရအောင် စစ်တိုက်ယူမယ်။'လို့ ကြံစည်ထားပါတယ်။ စစ်မတိုက်ဘဲ ထီးနန်းကို ရအောင်ယူမယ်လို့ စိတ်မကူးပါဘူး။ သို့ပေမယ့် သူ ကြံရွယ်ထားတဲ့အတိုင်း မဖြစ်ဘဲ ထီးနန်းကို စစ်မတိုက်ဘဲ ရတယ်။ အကယ်၍သာ မဟာဇနကမင်းသားဟာ စစ်တိုက်ပြီး သူ့ဦးလေးတော်ဘုရင်ကို အနိုင်ရလို့ ဘုရင် ဖြစ်တယ်ဆိုရင် ဘာမျှ အထူးတွေးနေစရာ မလိုဘူး။ စစ်နိုင်လို့ ရှင်ဘုရင် ဖြစ်တာပဲ။ အခုတော့ စစ်မတိုက်ရဘဲ ဖုတ်သွင်းရထားဆိုက်လို့ ရှင်ဘုရင် ဖြစ်တယ်ဆိုတော့ 'ကံစီမံလျှင် ဗိမာန်အသင့် ဘုံအသင့်' ဆိုတာလို သူ့ဘုန်းကံက စီမံဖန်တီးပေးလို့ ဖြစ်တာလို့ မတွေးနိုင်ဘူးလား။''


mgyoe.com

mgyoe.com SAMPLE BOOK

မောင်လူသစ်သည် ဘာမျှမပြောဘဲ ငြိမ်နေသည်။

“မဟာဇနကဇာတ်နှင့် ‘အစိန္တိတမ္ပိ ဘဝတိ၊ စိန္တိတမ္ပိ ဝိနဿတိ’ ဆိုတဲ့ စကားကို ကြားဖူးတဲ့လူများလို ဥပမာအဖြစ်ထားပြီး စဉ်းစားရအောင် ပြောတာပါ။ အခု မျက်မှောက်လောကမှာလည်း ကြံစည်မထားဘဲ ဖြစ်လာတာတွေ၊ ကြံစည် ထားလျက်နှင့် ပျက်သွားတာတွေ ရှိပါတယ်။ ကြံစည်မထားဘဲ ဖြစ်လာတဲ့အဖြစ် အပျက်တွေဟာ မမြင်နိုင်တဲ့ အဖြစ်အပျက်တွေပါ။ တစ်ခါတလေ မမြင်နိုင်တဲ့ အကြောင်းတွေကြောင့် မမျှော်လင့်တဲ့အဖြစ်တွေ ဖြစ်လာတတ်ပါတယ်။ ဒီအကြောင်း နှင့်စပ်လို့ စဉ်းစားစရာကောင်းတဲ့ အဖြစ်တစ်ခု ဂျာနယ်ကျော်ဦးချစ်မောင်၏ နေ့စဉ်မှတ်တမ်းထဲမှာ ပါတယ်။ နေဦး။ ဆရာဖတ်ပြမယ်။”

ကျွန်ုပ်သည် ပုဂံစာအုပ်တိုက်ကထုတ်သော ‘သူလိုလူ’ ဝတ္ထုကို ယူပြီး နောက်ဆက်တွဲတွင်ပါသည့် ဂျာနယ်ကျော်ဦးချစ်မောင်၏ နေ့စဉ်မှတ်တမ်းမှ အောက်ပါစာပိုဒ်ကို ဖတ်ပြသည်။

‘၁၃၀၅ ခု နတ်တော်လဆုတ် ၁၃ ရက် သောကြာနေ့။ ယနေ့ မြန်မာ့အလင်းသတင်းစာတွင် ကျွန်ုပ်၏မိတ်ဆွေကြီးတစ်ဦးဖြစ်သော စက်စု ဌာနအုပ် ကိုတင်အောင် ထူးဆန်းစွာ သေဆုံးသွားသည့်သတင်းကို ဖတ်ရှုရ လေသည်။ ကံ၏ ဆန်းကြယ်သောသဘောတရားနှင့် ရှင်တော်ဘုရား၏ တရားတော်၌ ပိုမို အံ့ဩမိလေတော့သည်။ ကိုတင်အောင် သေဆုံးပုံမှာ ဒေါင့်ကြီးက သူ့မိတ်ဆွေတစ်ဦးဆုံး၍ ရိုင်ဖယ်သေနတ်ကို တပည့်အား ကိုင်စေပြီး မသာလိုက်ပို့ကြခိုက် တပည့်က ထုံးစံအတိုင်း သေနတ် အဖောက်လိုက်တွင် ၎င်း၏နောက်မှ လူ ၃ ယောက်ခြား၍ လိုက်လာသော ကိုတင်အောင်၏လည်မျိုကို ယမ်းနောက်ပြန်ဝင်သွားသဖြင့် မတ်တတ်က လဲပြိုသေဆုံးသွားခြင်းဖြစ်သည်။-ဟု သတင်းစာ၌ ပါရှိလေသည်။ သေနတ် ဖြစ်စေ၊ ယမ်းတောင့်ဖြစ်စေ တစ်ခုခုက တစ်နေရာရာ၌ တစ်စုံတစ်ရာ ချွတ်ယွင်းနေက ပစ်သူ၊ သို့မဟုတ် ရှေ့နှင့်နောက်ရှိ အနီးဆုံးလူများကိုသာ ထိမှန်ဖို့ အခွင့်အရေးများပါလျက် သူ့ကိုမှ လာ၍ထိမှန်ရခြင်းမှာ သူ့ကံ တရားပင် ဖြစ်ချေတော့သည်။’


mgyoe.com

mgyoe.com SAMPLE BOOK

"ဒီမှတ်တမ်းအရ ဦးတင်အောင်သေတာဟာ သေနတ်ကျည်ဆန်က ယမ်းနောက်ပြန်ကန်ပြီး လည်မျိုကိုထိမှန်လို့ သေတာပါပဲ။ ဒါပေမယ့် ကြားက လူ ၃ ယောက်ကို မထိဘဲ ၃ ယောက်ကျော်မှာနေတဲ့ သူ့ကို ထိတယ်ဆိုတော့ တော်တော် စဉ်းစားရခက်နေတယ်။ ဒီကျည်ဆံကိုပဲ ကြားက လူ ၃ ယောက်ကို မထိအောင်ရှောင်ပြီး ဦးတင်အောင်ကိုသာ ထိမှန်အောင် တစ်စုံတစ်ရာက စနစ်တကျ ပဲ့ကိုင်လွှတ်လိုက်တာလား။ ဒါမှမဟုတ်လျှင် ဦးတင်အောင်ကိုပဲ ကျည်ဆန်ပေါက်တဲ့အချိန်နှင့် ကိုက်ပြီး၊ ကျည်ဆန်လာမယ့်ဒီနေရာမှာ ရောက်နေအောင် တစ်စုံတစ်ရာက သေသေချာချာချိန်ကိုက်ပြီး တွန်းပို့လိုက်တာလား။ ဒီလို စဉ်းစားလိုက်လျှင် ကျည်ဆံကို ပဲ့ကိုင်ပေးလိုက်တဲ့ တစ်စုံတစ်ရာဟာ၊ ဒါမှမဟုတ် ဦးတင်အောင်ကို ဒီအချိန်မှာ ဒီနေရာရောက်အောင် ချိန်ကိုက်ပြီး တွန်းပို့လိုက်တဲ့ တစ်စုံတစ်ရာဟာ ဘာဖြစ်မလဲ။ 'သူ့ကံတရားပင် ဖြစ်ချေတော့သည်။' လို့ ဂျာနယ်ကျော် ဦးချစ်မောင် မှတ်ချက်ချထားသလို 'ကံတရား' လို့ ဆိုရတော့မှာပဲ မဟုတ်လား။ ကံဆိုတာ မမြင်ရတဲ့ တွန်းအားတစ်မျိုးပဲ။ ကံက တွန်းပို့လိုက်လျှင် မမျှော်လင့်တဲ့အဖြစ်တွေ ဖြစ်လာတတ်တယ်။"

ကျွန်ုပ်က ဂျာနယ်ကျော်ဦးချစ်မောင်မှတ်တမ်းကို ဖတ်ပြီး အထက်ပါအတိုင်း ဝေဖန် ဆွေးနွေးလိုက်သည်။ မောင်လူသစ်သည် မည်သို့မျှ ဆွေးနွေးခြင်း မပြုဘဲ နားထောင်နေသည်။

"ဒုတိယကမ္ဘာစစ် မဖြစ်မီ ဗြိတိသျှခေတ်တုန်းက နယ်မှာရှိတဲ့ မြို့ကလေးတစ်မြို့ကရုပ်ရှင်ရုံမှာ လူသတ်မှုတစ်ခု ဖြစ်ခဲ့ဖူးတယ်။ ဖြစ်ပုံက ရုပ်ရှင်ကားသစ်စပြတဲ့နေ့မှာ နာမည်ကြီးလူမိုက်တစ်ယောက်က နောက်လိုက်တွေနှင့် လာပြီး ဝင်ကြည့်မယ်လုပ်တော့ ရုံရှင်က တားတယ်။ 'ခင်ဗျားတစ်ယောက်တည်းဆိုရင် ကျုပ် ဘာမျှ မပြောပါဘူး။ အခုတော့ လူတွေကလည်း အများကြီး။ ကားကလည်း ဒီနေ့မှ စပြတဲ့အတွက် ခွင့်မပြုနိုင်တဲ့အကြောင်း' ပြောတယ်။ ဒီတော့ လူမိုက်က 'မကြည့်ရလျှင် နေ' ဆိုပြီး အိမ်ပြန်စားယူပြီး တစ်ခေါက်ပြန်လာတယ်။ အဲဒီအချိန်မှာ ရုပ်ရှင်လည်း ပြနေပြီ။ ရုံရှင်လည်း တခြားအပေါက် ရောက်သွားပြီး ဒီအပေါက်မှာတော့ ရုံရှင်ရဲ့ ယောက်ဖဝမ်းကွဲက ရောက်နေတယ်။ လူမိုက်က ဝင်မယ်လုပ်တော့ အပေါက်စောင့်က လက်မှတ် ဆီးတောင်းတာပေါ့။ ဒီတော့ လူမိုက်က


mgyoe.com

mgyoe.com SAMPLE BOOK

တစ်စုံတစ်ရာဖြစ်ပျက်လာတာဟာ ဖြစ်ဖို့ဖန်တီးပေးတဲ့ အကြောင်းတွေကြောင့် ဖြစ်လာတာပါပဲ။ ဒါပေမယ့် ဒီအကြောင်းတွေထဲမှာ တစ်ခါတလေ ဖြစ်ရိုးဖြစ်စဉ် မဟုတ်တဲ့အကြောင်းတွေ ပါလာတတ်တယ်။

'ရှေ့ကွာ-လက်မှတ်'ဆိုပြီး ခါးနှင့် ထိုးလိုက်တာ ရုံရှင်ရဲ့ယောက်ဖဝမ်းကွဲဟာ ပွဲချင်းပြီး သေပါလေရော။''

ကျွန်ုပ် စကားပြောရပ်လိုက်သောအခါ မောင်လှသစ်က

''မဆိုင်တဲ့လူ ခံရတာပဲ။''ဟု ဆိုလေသည်။

''ဟုတ်ပါတယ်။ ဒီအဖြစ်အပျက်မှာ လူမိုက်ကို တားလိုက်တာက ရုံပိုင်ရှင်ပါ။ လူမိုက်ကလည်း နောက်လိုက်နောက်ပါတွေရှေ့မှာ သူ့ကို တားတဲ့အတွက် ရှက်ပြီး တားတဲ့ရုံပိုင်ရှင်ကို ထိုးတာပါပဲ။ ဒါပေမယ့် ရုံရှင်မသေဘဲ မဆိုင်တဲ့ ယောက်ဖဝမ်းကွဲ သေရတယ်။ လူမိုက်ကို ရှက်သွားအောင်ပြောလို့ ပြောခံရတဲ့လူ ခံရတယ်ဆိုရင် အထူးတွေးစရာ မလိုပါဘူး။ အခုအဖြစ်အပျက်က မဆိုင်တဲ့လူက ခံရတယ်။ 'သူ ဒီအပေါက်ရောက်နေလို့ ခံရတာပဲ။' ဆိုပါဦးတော့။ ဒီလိုခံရအောင် သူက ဘာကြောင့် ဒီအပေါက် ရောက်နေရတာလဲ။ သူ့ကို ဒီအပေါက်ရောက်အောင် ဘယ်သူက တွန်းပို့လိုက်တာလဲ။ အဲဒါ တော်တော် စဉ်းစားရခက်တယ်။ ဒါကို မောင်လှသစ် ဘယ်လို အဖြေပေးမလဲ။''

''ဟုတ်တယ်ဆရာ။ စဉ်းစားစရာပဲ။ အဖြေပေးဖို့ သိပ်မလွယ်ဘူး ထင်တယ်။ 'ခါးခုတ်ရာ လက်ဝင်လျှို'ဆိုတာမျိုးလို လူမိုက်နှင့် ရုံပိုင်ရှင် စကားများပြီး လူမိုက် အိမ်ပြန် ခါးယူမှန်းသိလျက် သူက ဒီအပေါက် သွားစောင့်နေတယ်ဆိုလျှင် တော့ 'သူ့အပြစ်နှင့်သူ ခံရတာ'လို့ ပြောရသား။ အခုတော့ ဆရာပြောတဲ့အတိုင်း ဆိုလျှင် သူက ဘာမျှသိတာ မဟုတ်ဘူး။ ဒီတော့ သူ့ကို ဒီအပေါက်ရောက်လာ အောင် တစ်စုံတစ်ရာက တွန်းပို့လိုက်တယ်ဆိုလျှင် အဲဒီတစ်စုံတစ်ရာဆိုတာဟာ ကံဖြစ် မှာပဲလို့ ဆိုရမလို ဖြစ်နေတယ်။''

''ဒီလိုအဖြစ်အပျက်မျိုးတွေကျတော့ မျက်မြင်တစ်ခုတည်းကို စဉ်းစားလို့ မလုံလောက်ပါဘူး။ အဲဒီအကြောင်းကို ဖန်တီးပေးတဲ့ နောက်ကွယ်က အကြောင်း



mgyoe.com

m.gyoe.com SAMPLE BOOK

ကိုပါ ထည့်စဉ်းစားမှ ဖြစ်ပါတယ်။ တစ်စုံတစ်ရာဖြစ်ပျက်လာတာဟာ ဖြစ်ဖို့ ဖန်တီးပေးတဲ့ အကြောင်းတွေကြောင့် ဖြစ်လာတာပါပဲ။ ဒါပေမယ့် ဒီအကြောင်းတွေထဲမှာ တစ်ခါတလေ ဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့အကြောင်းတွေ ပါလာတတ်တယ်။ 'ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘဲ ဖြစ်လာတယ်ဆိုကတည်းက ဒီလိုဖြစ်လာအောင် ဖန်တီးလိုက်တဲ့ အကြောင်းတစ်ခုခု ရှိလိမ့်မယ်။' ဆိုတာ ခန့်မှန်းနိုင်တယ်။ ဖြစ်လာတဲ့အကြောင်းကို မြင်ရပေမယ့် နောက်ကွယ်က ဖန်တီးပေးတဲ့အကြောင်းကိုတော့ မမြင်နိုင်ပါဘူး။ ကောင်းတဲ့ဘက်မှာရော, မကောင်းတဲ့ဘက်မှာရော မမြင်နိုင်တဲ့အကြောင်းတွေကြောင့် မမျှော်လင့်ဘဲဖြစ်လာတာတွေ ရှိပါတယ်။''

ကျွန်ုပ်သည် စကားပြောရပ်ပြီး လက်ဖက်ရည်ကြမ်းပန်းကန်ကို ကောက်ယူလိုက်သောအခါ မောင်လူသစ်က ကရားကိုကိုင်ပြီး ငှဲ့ထည့်ပေးလေသည်။ တစ်ကျိုက်နှစ်ကျိုက်သောက်ပြီး အောက်ပါအဖြစ်အပျက်ကို ဆက်ပြောလိုက်သည်။

''လွန်ခဲ့တဲ့ အနှစ် ၅၀ ကျော်လောက် ၁၉၂၁ ခုနှစ်က ရန်ကုန်နှင့်မန္တလေးလမ်း တော်ဝိနှင့် ပိန်းဇလုတ်ကြားမှာ ရထားချင်းတိုက်ပြီး မှောက်ခဲ့ဖူးတယ်။ အဲဒီတုန်းက ရန်ကုန်က ည ၆ နာရီထွက်လာတဲ့ မန္တလေးရထားဟာ ညောင်လေးပင်ဘူတာကို ည ၁၀ နာရီအချိန်မှာ ဆိုက်တယ်။ အဲဒီနေ့က ညောင်လေးပင်ဘူတာမှာ မီးရထားဆိုက်တော့ ရွှေကျင်က 'ဦးပု' ဆိုတဲ့ လူကြီးတစ်ယောက်ဟာ ရထားစီးဖို့အတွက် တွဲတစ်တွဲကို အတင်းတိုးဝှေ့တက်လို့ ရထားတွဲပေါ် ရောက်စမှာ လူငယ်တစ်ယောက်က 'ဦး-လာပါ။ ဒီတွဲက ကျပ်လှတယ်။' ဆိုပြီး အတင်းဆွဲခေါ်သွားတာနှင့် ဦးပုလည်း လိုက်ပါသွားရတယ်။ ဆွဲခေါ်တဲ့လူငယ်က ဦးပုတို့ ရွှေကျင်ကပါပဲ။ ဒါပေမယ့် လူကြီးနှင့်လူငယ်လည်း ဖြစ်၊ နီးနီးစပ်စပ်လည်း မဟုတ်လှတဲ့အတွက် အကျွမ်းတဝင်တော့ မရှိလှပါဘူး။ ဒီလူငယ်က ဦးပုကို ဆွဲခေါ်သွားပြီး နောက်ပိုင်းကျတဲ့ တွဲတစ်တွဲပေါ်ကို အတင်းတွန်းတင်ပေးတယ်။ အဲဒီတွဲက ပထမ ဦးပု တက်တဲ့တွဲထက်တောင် ပိုပြီး လူကျပ်သေးတယ်။ ဒါပေမယ့် ရထားထွက်ဖို့အချိန်က နီးနေတာနှင့် ဘာမှုမစဉ်းစားနိုင်ဘဲ ပြတင်းပေါက်က ကျော်တက်ရတယ်။ လူငယ်က ဦးပုကို တွန်းတင်ပေးလိုက်လို့ အထဲရောက်တော့ ဦးပုဟာ နေရာလည်း မရှိ၊ လူလည်း သိပ်ကျပ်တာနှင့် အိမ်သာခန်းထဲမှာထိုင်ပြီး လိုက်ရ


m.gyoe.com

mgyoe.com SAMPLE BOOK

တယ်။ အဲဒီရထားဟာ ညောင်လေးပင်က ထွက်သွားပြီး တော်ဝိနှင့် ပိန်းဇလုတ် အကြားရောက်တော့ မန္တလေးကလာတဲ့ ရထားနှင့်တိုက်ပြီး မှောက်တော့တာပဲ။ သို့ပေမယ့် ဦးပုစီးတဲ့တွဲ မမှောက်တဲ့အတွက် ဦးပု ဘာမျှ မဖြစ်ဘူး။ ဦးပု ပထမ တက်တဲ့တွဲကတော့ မှောက်တဲ့အထဲ ပါတယ်။ အဲဒီတွဲက လူတွေအားလုံး သေကြတယ်။ ဦးပုလည်း အဲဒီတွဲကို စီးမိရင် သေမှာပဲ။ အဲဒီတွဲကို မစီးမိတာဟာ လူငယ်တစ်ယောက်က အတင်းဆွဲခေါ်လို့ပဲ။''

ကျွန်ုပ်သည် အေးနေသော လက်ဖက်ရည်ကြမ်းကို တစ်ကျိုက်သောက်ပြီး

''ဒီလူငယ်ကလည်း ဦးပုနှင့် ရွယ်တူတန်းတူလည်း မဟုတ်။ အတင်းဆွဲချနိုင်လောက်အောင် ရင်းရင်းနှီးနှီး အကျွမ်းတဝင် ရှိလှတာလည်း မဟုတ်ဘဲနှင့် ဘာကြောင့် အခုလို အတင်းဆွဲချပြီး ဒီထက်ပိုကျပ်တဲ့ တွဲထဲကို အတင်း တွန်းတင်ပေးရတာလဲဆိုတာ စဉ်းစားစရာမကောင်းဘူးလား''

မောင်လူသစ်၏အယူအဆကို သိလိုသဖြင့် မေးပြော ပြောလိုက်သည်။

''ဟုတ်တယ်ဆရာ။ စဉ်းစားစရာပဲ။ ဒီလိုအဖြစ်အပျက်မျိုးတွေ ရှိတယ်ဆိုတာ ကျွန်တော်လည်း ကြားဖူးတယ်။ 'သေကံမရောက် သက်မပျောက်' ဆိုတာ ဒါမျိုး ဖြစ်မှာပေါ့။ သေနေ့ မစေ့သေးလို့ ကံက ဖယ်ပေးတာလို့ ဆိုနိုင်လိမ့်မယ်ထင်တယ်။ ခုနကပြောတဲ့ ရုပ်ရှင်ရုံက သေတဲ့လူကတော့ သေနေ့စေ့လို့ ကံတွန်းပို့တာများ ဖြစ်နေသလား မသိဘူး။''

''ဦးပုဟာ ပထမကတည်းက ဒီတွဲကို တက်စီးတယ်ဆိုလျှင်တော့ 'မမှောက်တဲ့တွဲကို စီးမိလို့ မသေတာ' လို့ ဆိုနိုင်ပါတယ်။ ခုတော့ ဦးပု ပထမစီးမယ့်တွဲက မှောက်မယ့်တွဲ ဖြစ်ပါတယ်။ လူငယ်က အတင်းဆွဲချပြီးခေါ်လာလို့ ဒီတွဲကို ရောက်လာတာ။ ဒီလူငယ်ကလည်း ရွယ်တူတန်းတူလည်း မဟုတ်။ အတင်းဆွဲခေါ်လောက်အောင် အကျွမ်းတဝင်ရှိတာလည်း မဟုတ်။ ဆွဲခေါ်ဖို့ရာ တခြား တစ်စုံတစ်ရာအကြောင်းလည်း ဘာတစ်ခုမျှ မရှိဘဲနှင့် ဘာ့ကြောင့် လူကြီးတစ်ယောက်ကို အခုလို၊ ကိုယ့်သူငယ်ချင်း ဆွဲခေါ်သလို ဆွဲခေါ်ပြီး ဒီတွဲပေါ် အတင်းထိုးတင်ရတာလဲ။ ဒါဟာ မောင်လူသစ် ပြောသလို 'သေကံမရောက် သက်မပျောက်' ဆိုတဲ့ စကားအတိုင်း ကံက တမင်ဖယ်ပေးတာလို့ တွေးစရာ ဖြစ်နေတယ်။


mgyoe.com